http://www.dhammadownload.com



သာသနာ့အလင်းစာပေ

# ဘုရားရှိခိုးအမျိုးမျိုး

မူဟောင်းနှင့်

# ဝတ်ရွတ်စဉ်

(တတိယအကြိမ်)

http://www.dhammadownload.com

ကျိုက္ကစံ-ဦးပဉ္ဇိစမှ

# ဆရာကြီး—ဦးမြတ်ကျော်

၏

မင်းကွန်းမဉ္ဇိမဉ္ဇိသာသနာပြုကျမ်းစာများ

မင်းကွန်း ကမ္မဋ္ဌာန်းပေါင်းချုပ်မည်သော

—အနိယာမဂ္ဂ ဒီပနီကျမ်း

—ဂမ္ဘီရဂ္ဂ ပကာသနီ ကမ္မဋ္ဌာန်း အဘိဓာန်ကျမ်းကြီး

—မင်းကွန်း ဝိပဿာ ဒီပနီ

—မင်းကွန်း နိဗ္ဗာနမဂ္ဂ ဒီပနီ

—မင်းကွန်း ဝိပဿနာ ဋီကာ ပထမတွဲ
ရှင်း ဒုတိယတွဲ

—မင်းကွန်း အခြေခံ ဝိပဿနာလက်စွဲ

—ကျိုက္ကစံ ယပ်လှဲ့အရေးစာ (ပ—ဒု)

ဥပမာ မဥ္ဇရီ ခေါ်ထိုက်သည့်

—ဓမ္မာအသိကျွေးလက်စွဲကျမ်း (ပ—ဒု)

—အဘိဓမ္မာသင်တန်း (ဆရာကြီး ဦးကံသာ)

—ပါဠိမောက်နှင့် ကမ္ဘာ အခြေ

(အရှင် သီရိကဥ္စနာ ဘိဝံသ)

## သာသနာ့အလင်း စာပေဌာန

အမှတ်—၂၁၊ ရွှေတိဂုံဘုရား၊ ဈေးတော်ရှဲ (တောင်ဘက်မုခ်)
ရန်ကုန်မြို့။

http://www.dhammadownload.com



ဘုရားရှိခိုး အမျိုးမျိုးမူဟောင်းနှင့်

# ဝတ်ရွတ်စဉ်

သာသနာ့အလင်း စာပေဌာန

အမှတ်-၂၁၊ ရွှေတိဂုံဘုရား၊ ဈေးတော်ရှိ (တောင်ဘက်မုခ်)

ရန်ကုန်မြို့။

F-က (တတိယအကြိမ်)

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် ၄၃၁/၈၂(၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၉၆/၈၂ (၄)
တတိယအကြိမ်
၁၉၈၂ခုနှစ်၊ ဩဂုတ်လ (တတိယအကြိမ်)
အုပ်ရေ —၁၀၀၀

တန်ဖိုး — ကျပ်

အဖုံးရိုက် ဦးထွန်းလှ
အောင်နေဝင်းပုံနှိပ်တိုက် (၀၂၅၉၅)
အမှတ် ၁၄၂/၃၄လမ်း
ရန်ကုန်မြို့။

ထုတ်ဝေသူ ဦးအောင်ကြီး (၀၉၇၆)
ရွှေပုရပိုက်စာပေ
၅ တင့်ဆန်းလမ်း၊ ဆရာစံရပ်ကွက်
ဗဟန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ခင်စီ(၀၁၄၇၀)
မေတ္တာမိုး ပုံနှိပ်တိုက်
အမှတ် ၂၂ ဓမ္မဝိဟာရလမ်း
ကျောက်မြောင်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဘုရားပင့်နှင့် ကန်တော့ခန်း** | |
| ၁။ | စိန်ရောင်ခြည်ဘုရားပင့် | ၁ |
| ၂။ | ဘုရားကန်တော့ရန် | ၂ |
| | **သီလဆောက်တည်ခန်း** | |
| ၁။ | ငါးပါးသီလခံယူရန် | ၄ |
| ၂။ | ငါးပါးသီလပါဠိ အနက် | ၅ |
| ၃။ | ရှစ်ပါးသီလ ခံယူရန် | ၆ |
| ၄။ | ရှစ်ပါးသီလပါဠိ အနက် | ၈ |
| ၅။ | ကိုးပါးသီလခံယူရန် | ၁၀ |
| ၆။ | ကိုးပါးသီလပါဠိ အနက် | ၁၂ |
| ၇။ | ဆယ်ပါးသီလခံယူရန် | ၁၂ |
| | **ကပ်လှူပူဇော်ခန်း** | |
| ၁။ | ဆွမ်းတော်ကပ်လှူရန် | ၁၄ |
| ၂။ | ရေကပ်လှူရန် | ၁၄ |
| ၃။ | ပန်းပူဇော်ရန် | ၁၅ |
| ၄။ | ဆီမီးပူဇော်ရန် | ၁၅ |

http://www.dhammadownload.com



# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဘုရားရှိခိုး အမျိုးမျိုးခန်း** | |
| ၁။ | ဘုရားဂုဏ်တော်အဖွင့် | ၁၇ |
| ၂။ | တရားဂုဏ်တော်အဖွင့် | ၁၉ |
| ၃။ | သံဃဂုဏ်တော်အဖွင့် | ၁၉ |
| ၄။ | ဂုဏ်တော်ကွန်ချာ | ၂၁ |
| ၅။ | အာဝေဏိကဂုဏ်တော် ပါဌ် အနက် | ၂၄ |
| ၆။ | ခုနစ်ဆူစက်ပရိတ် ဝတ်ရွတ်စဉ်ကြီး | ၂၈ |
| ၇။ | အစိန္တေယျ ပဏာမကြီး | ၂၉ |
| ၈။ | သစ္စာလေးပါး ဘုရားရှိခိုး | ၃၁ |
| ၉။ | မာန်အောင်ဘုရားရှိခိုး | ၃၁ |
| ၁၀။ | အစိန္တေယျလေးပါး ဘုရားရှိခိုး | ၃၂ |
| ၁၁။ | စေတီနှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး | ၃၄ |
| ၁၂။ | ဗျည်း(၃၃)လုံး ဘုရားရှိခိုး | ၃၅ |
| ၁၃။ | သတ္တဋ္ဌာန ဘုရားရှိခိုး | ၃၉ |
| ၁၄။ | ဖြစ်တော်ပေါင်းချုပ် ဘုရားရှိခိုး | ၄၁ |
| ၁၅။ | ရွှေလက်တော်ဘုရားရှိခိုး | ၄၁ |
| ၁၆။ | ရွှေဘိဂုံစေတီတော် ဘုရားရှိခိုး | ၄၂ |
| ၁၇။ | ကျိုက်ထီးရိုး ဘုရားရှိခိုး | ၄၃ |
| ၁၈။ | မဟာမြတ်မုနိ ဘုရားရှိခိုး | ၄၄ |
| ၁၉။ | အနန္တငါးပါး ဘုရားရှိခိုး | ၄၅ |
| ၂၀။ | ခုနစ်နေ့ ဘုရားရှိခိုး | ၄၇ |
| ၂၁။ | ခင်ပွန်းကြီးဆယ်ပါး ဘုရားရှိခိုး | ၄၉ |

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | နမက္ကာရပါဠိ အနက် | ၅၀ |
| ၂၃။ | မြတ်စွာဘုရားစ ါဆိုစဉ် | ၅၂ |
| ၂၄။ | ရတနာသပေါင်းချုပ် | ၅၄ |

## ဘုရားအနေကဇာ တင်ခန်း


| | | |
|---|---|---|
| ၁။ | အဓနကဇာတိ ဂါထာများ | ၅၈ |
| ၂။ | ပဋိစ္စသမုပ္ပါဒ် အနုလောမ | ၅၈ |
| ၃။ | ပဋိစ္စသမုပ္ပါဒ် ပဋိလောမ | ၅၈ |
| ၄။ | ဥဒါန်းဂါထာများ | ၅၉ |
| ၅။ | ဘုရားဂုဏ်တော်ကိုးပါး | ၅၉ |
| ၆။ | အဘိသေက ဂါထာများ | ၆၀ |
| ၇။ | ပဌာန ပစ္စယုဒ္ဒေသပါဠိတော် | ၆၁ |
| ၈။ | အရပ်ဆယ်မျက်နှာ စည်းချဂါထာပါဠိ | ၆၁ |


## သိမှတ်ဖွယ်ရာအခန်း


| | | |
|---|---|---|
| ၁။ | အနုဿတိဆယ်ပါး | ၆၄ |
| ၂။ | ရောင်ခြည်တော်ခြောက်ပါး | ၆၈ |
| ၃။ | အောင်ခြင်းရှစ်ပါး | ၆၈ |
| ၄။ | ရှင်လေးပါ | ၇၂ |
| ၅။ | သေလေးပါး | ၇၃ |
| ၆။ | ကုသိုလ်ဆယ်ပါး | ၇၄ |
| ၇။ | ဒုစရိုက်ဆယ်ပါး | ၇၄ |

http://www.dhammadownload.com



# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | သုစရိုက်ဆယ်ပါး | ၇၅ |
| ၉။ | ပါရမီဆယ်ပါး | ၇၅ |
| ၁၀။ | ဘုရားအလောင်း အင်္ဂါရှစ်ပါး | ၇၆ |
| ၁၁။ | ပရိက္ခရာ ရှစ်ပါး | ၇၆ |
| ၁၂။ | ပညာရှိလက္ခဏာ သုံးပါး | ၇၇ |
| ၁၃။ | ကျေးဇူးရှင်ဆယ်ပါး | ၇၇ |
| ၁၄။ | ပညာတတ်ကောင်းကြောင်း သုံးမစာ | ၇၇ |
| ၁၅။ | ရပ်ပြစ်ရှစ်ပါး | ၇၈ |
| ၁၆။ | ဘုရားလောင်းကြည့်ခြင်း ငါးပါး | ၇၈ |
| ၁၇။ | စက်ကြီးတစ်ဆယ့်သုံးပါး | ၇၉ |


## ရွတ်ဖတ်သရဇ္ဈာယ်အခန်း


| | | |
|---|---|---|
| ၁။ | နတ်ပင့် | ၈၀ |
| ၂။ | ပရိတ္တပါဠိ | ၈၁ |
| ၃။ | မင်္ဂလသုတ္တ | ၈၃ |
| ၄။ | ရတနသုတ္တ | ၈၅ |
| ၅။ | မေတ္တသုတ္တ | ၉၀ |
| ၆။ | ခန္ဓသုတ္တ | ၉၃ |
| ၇။ | မောရသုတ္တ | ၉၄ |
| ၈။ | ဝဋ္ဋသုတ္တ | ၉၆ |
| ၉။ | ဓဇဂ္ဂသုတ္တ | ၉၇ |

## မာတိကာ



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | အာဋ္ဌာနာဋ္ဌိယသုတ္တ | ၁၀၂ |
| ၁၁။ | အင်္ဂုလိမာလသုတ္တ | ၁၀၆ |
| ၁၂။ | ဗောဇ္ဈင်္ဂသုတ္တ | ၁၀၆ |
| ၁၃။ | ပုဗ္ဗဏှသုတ္တ | ၁၁၀ |
| ၁၄။ | မဟာသမယသုတ်ပါဠိတော် | ၁၁၂ |
| ၁၅။ | ဓမ္မစကြာသုတ် ပါဠိတော် | ၁၂၂ |
| ၁၆။ | အနတ္တလက္ခဏသုတ် ပါဠိတော် | ၁၂၈ |
| ၁၇။ | အဘိဏှသုတ် ပါဠိတော် | ၁၃၂ |
| ၁၈။ | အဘိဏှသုတ်အနက် | ၁၃၃ |
| ၁၉။ | ဆဒိသာပါလသုတ် ပါဠိတော် | ၁၃၅ |
| ၂၀။ | ပရိမိတ္တဇာလသုတ် ပါဠိတော် | ၁၃၈ |
| ၂၁။ | ပရိမိတ္တဇာလသုတ် နိဿယ | ၁၃၉ |
| ၂၂။ | ရာဟုလောဝါဒသုတ် | ၁[illegible]၃ |
| ၂၃။ | ပဋ္ဌာန်းပါဠိတော် | ၁၅၁ |
| ၂၄။ | စက်ပရိတ်ပါဠိတော် | ၁၆၃ |
| ၂၅။ | ခေရဏပရိတ်ပါဠိတော် | ၁၆၅ |
| ၂၆။ | ငါးရံ့မင်းပရိတ်တော် | ၁၆၇ |
| ၂၇။ | ငါးရံ့မင်းပရိတ်တော်အနက် | ၁၆၈ |

### အမှန်းစုံအခန်း

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အန္တရာယ်ကင်းပရိတ်မှန်း | ၁၇၂ |
| ၂။ | သိဒ္ဓိမှာအမှန်း | ၁၇၈ |

http://www.dhammadownload.com



# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | အရှင်မဟာမောဂ္ဂလာန်အမွှန်း | ၁၈၇ |
| ၄။ | ပဋာစာရီအမွှန်း | ၁၉၀ |
| ၅။ | မင်းနန့်ချွတ်ခန်းအမွှန်း | ၁၉၉ |
| | **မေတ္တာပို့စသည်အခန်း** | |
| ၁။ | မေတ္တာပို့ | ၂၀၄ |
| ၂။ | နတ်ပို့ | ၂၀၅ |
| ၃။ | ရေစက်ချအမျှဝေ | ၂၀၆ |
| ၄။ | ဆုတောင်းခန်း | ၂၀၇ |
| ၅။ | ဝဲသာ်၅ချက်ဆုတောင်း | ၂၀၈ |
| | **အန္တရာယ်ကင်းဂါထာတော်များ** | |
| ၁။ | သမ္ဗုဒ္ဓေဂါထာတော်ကြီးပါဠိအနက် | ၂၁၀ |
| ၂။ | ရှင်သီဝလိ ဆယ်ဂါထာ | ၂၁၁ |
| ၃။ | သိရသို့ဂါထာတော်ပါဠိအနက် | ၂၁၃ |
| ၄။ | ဟေမိတ္တံမန္တန်တော်ပါဠိအနက် | ၂၁၅ |
| ၅။ | ပထဝီဇယမန္တန် ၁၄ ဂါထာပါဠိအနက် | ၂၁၇ |


မာတိကာပြီး၏

http://www.dhammadownload.com



# ဘုရားရှိခိုး အမျိုးမျိုးမှုဟောင်းနှင့်

# ဝတ်ရွတ်စဉ်

## ဘုရားပင့်နှင့် ကန်တော့ခန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### စိန်ရောင်ခြည်ဘုရားပင့်

အင်္ဂီရသဿ ဥဏ္ဏာယ၊ ဒါဌာဟိ သေတရံသိယော။
ဝဇီရာဝ ဝိရောစန္တိ၊ ဇိနေ့ာ မေ ဌာတု သီသကေ။

အင်္ဂီရသဿ၊ အယုတ်, အလတ်, အမြတ်ပိုင်းခြား လွန်ကြီးစွာသည့် သုံးပါးဆယ်လီ ပါရမီတော် အဟုန်တို့ကြောင့် ခြောက်ရောင်စုံ ကွန့်မြူးလျက် အင်္ဂီရသံဘွဲ့ထူးခံသည့် ငါးမာရ်နှိမ်ပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ ဘမုကန္တရေ၊ မျက်မှောင်တော်နှစ်သွယ် အလယ်တည့်တည့်၌။ သဥ္ဇာတာယ၊ နူးမြူထွားထွားကောင်းစွာပေါက်ပွားရှိနေသော။ ဥဏ္ဏာယ၏၊ ဆွဲလိုဆန့်လျှင် နှစ်တောင်ခန့်ရှည်လျားသဖြင့် စိန့်ညာ နှစ်အသွင် ငွေနန်းရှည်အမျှင်ကဲ့သို့ ဖြူစင်ဝင်းသစ် လက်ျာလှည့်ခွေရုံ ခိန့်ကြယ်ပွင့်အနေပုံလို ဥဏ္ဏာလုံခေါ် မွေ့ရှင်ခေတ်တော်

F—1 (တတိယအကြိမ်)

http://www.dhammadownload.com



လွန်ထူးမြတ်သည့် အရပ်တော်မှလည်းကောင်း။ ဒါဠာဟိ စ၊ ပတ္တမြားခေါင်ရန်း နှင်းဆီပန်းကဲ့သို့ နီမြန်းသောအရေတော်တို့ဖြင့် မဗေါ်ေအာင် ဖုံးပိတ်၍ ထားအပ်သော သွားတော်လေးဆယ်, စွယ်တော်လေးဆူ ဖြူရာရာ အရပ်တော်တို့မှလည်းကောင်း။ သေတရုံသိယော၊ ဝဇီရာနှစ် စိန်စစ်နမူ ဘော်ဖြူငွေရွက် ဖြန့်လျက်စီခြယ် ငွေကြယ်ရောင်သန်း ကေလာသ ငွေတောင်ကို နေအရောင်လွှမ်းသကဲ့သို့ မြတ်လေးပန်း, စပယ်ငုံကြာဖြူပွင့်ဝတ်မှုန်လို ပုံပမာကပ် စိန်တောင်ကို တိမ်ရောင်ဟပ်သကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ် တရိပ်ရိပ် ထိန်ပြောင်ကြည်သည့် စိန်ရောင်ခြည်တော် ဖြူဖွေးသော အဆင်းတော်မြတ်တို့သည်၊ ဝဇီရာစ၊ စိန်နှစ်စိန်သွေး ဖြူဖွေးတောက်ပြောင် စိန်သားတောင်ကြီးကဲ့သို့။ ဝိဓရာစန္တိ၊ ဖူးမြင်ရသူတို့၏ အထူးဘဝင် ကြည်နူးလောက်အောင် ရှင်မြူးတက်ကြွဘက်မမျှသဖြင့် လှပဆန်းကြယ် တင့်တယ်တော်မူပါပေကုန်၏။ သော ဇိနော၊ ထိုထူးထွေဆန်းကြယ် စိန်ရောင်ခြည်အဆင်းကဲ့သို့ ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ မေ—မမာ၊ တပည့်တော်၏။ သီသကေ၊ ဦးခေါင်းရတနာ့မြတ်အင်္ဂါ၌။ ဌာတု၊ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခိုင်မတ်မတ် ရပ်တန့်တည်နေတော်မူလှည့်ပါ စိန်ရောင်ခြည် နေတန်ဆောင်းကဲ့သို့ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

### ဘုရားကန်တော့ရန်

အစိန္တေယျ-အပ္ပမေယျ ကျေးဇူးတော်အစုံဂုဏ်တော်အနန္တနှင့်ပြည့်စုံတော်မူသော လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာ စင်စစ်မြတ်တော်မူသော သဗ္ဗညုမြတ်စွာဘုရား....။

http://www.dhammadownload.com



ကိုယ်တော်မြတ်ကြီးအား သုံးတန်စေတနာ သုံးဖြာဒွါရ ပဉ္စာမ ဖြင့် တုပ်ကွရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏၊ ပူဇော်ပါ၏၊ မြတ်နိုး ပါ၏၊ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏၊ ပုန်းအောင်း ပါ၏၊ လဲလျောင်းပါ၏ သဗ္ဗညုမြတ်စွာဘုရား။ အရဟံ၊ ဖြဟ္မာ,နတ်, လူသုံးဘုံသူတို့ ပူဇော်ရာ အထူးကို ခံခြင်းငှာ ထိုက်တော်မူပေ သောကြောင့် 'အရဟ'ဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင့်ကျော်စောတော်မူသော မြတ်စွာ ဘုရား။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးတန် ဥေ ယျမ်ကျော်ကျူး တရားထူးကို လက်ဦးကိုယ်တိုင် သိတော်မူသောကြောင့် 'သမ္မာ သမ္ဗုဒ္ဓ'ဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ဘုံ တိုင် အောင် ပျံ့လွှင့်ကျော်စောတော်မူသော သဗ္ဗညုမြတ်စွာဘုရား။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာသုံးပါး,ဝိဇ္ဇာရှစ်ပါး,စရဏတစ်ဆယ့် ငါးပါးနှင့် ပြည့်စုံတော်မူသောကြောင့် 'ဝိဇ္ဇာစရဏသမ္ပန္န'ဟူ သော ဂုဏ်တော်ကြီးနှင့် အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင့် ကျော်စောတော်မူသောမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးအား ဆံတော်ဖျားမှ ခြေတော်ဖျားတိုင်အောင်, ခြေတော်ဖျားမှ ဆံတော်ဖျားတိုင်အောင် သုံးတန်စေတနာ သုံးဖြာဒွါရ ပဉ္စာ မဖြင့် ကြည်ညိုသဒ္ဓါ ရှိခိုးပါ၏၊ ပူဇော်ပါ၏၊ မြတ်နိုးပါ၏၊ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏၊ ပုန်းအောင်းပါ၏၊ လည်း လျောင်းပါ၏ သဗ္ဗညုမြတ်စွာဘုရား။

ဤသို့ ရှိခိုးပူဇော်ရသောကောင်းမှုကံကြောင့် အလုံးစုံသော ဘေးအပေါင်း,ရန်အပေါင်းတို့မှကင်းရာကုန်ရာ နိဗ္ဗာန်ချမ်းသာ မြတ်ကို ဤဘဝနောင်ဘဝ နှစ်ဘဝသုံးဘဝထက် မလွန်စေမူ၍ မြန်မြန်ကြီး ရ,ရပါလို၏သဗ္ဗညု မြတ်စွာဘုရား။

http://www.dhammadownload.com

# သီလဆောက်တည်ခန်း

## ငါးပါးသီလ ခံယူရန်

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ ......... တတိယမ္ပိ........... သုံးခေါက်ဆို။

အာမ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(သုံးခေါက်ဆို)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ........... တတိယမ္ပိ........... သုံးခေါက်ဆို။

"အာမ ဘန္တေ"ပါ အရှင်ဘုရား။

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

"အာမ ဘန္တေ"ပါ အရှင်ဘုရား။

http://www.dhammadownload.com



## ငါးပါးသီလ ပါဠိ အနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသီလဟူသော။ ဓမ္မံ၊ ကျင့်ဝတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ဘုရား။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ သီလကို။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဒေထ၊ ပေးတော်မူကြပါကုန်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း....။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း.... ဟု ဆက်ဆို။

အရဟတော၊ ကိလေသာရန် အားလုံးကို ချေမှုန်းသတ်ဖြတ်တော်မူပြီး ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သိအပ်အမျှ အဝဝကို တစ်စ မကျန် အမှန်ကိုယ်တိုင် သိတော်မူပြီး ထသော။ တဿ ဘဂဝတော၊ ထိုဘုန်းရှင်အား။ နမော၊ ရှိခိုးပါ၏။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ စိတ်မှာသိမှတ် ဆည်းကပ်ပါ၏။

ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ စိတ်မှာသိမှတ် ဆည်းကပ်ပါ၏။

သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ စိတ်မှာ သိမှတ် ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း....။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း....ဟု ဆက်ဆို။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ သရဏဂုံ သုံးပါးပြည့်စုံပါပြီဘုရား။

http://www.dhammadownload.com



ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း တည်ဟူသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

အဒိန္နာဒါနာ၊ ပိုင်ရှင်မပေးသည့် ဥစ္စာကို ခိုးယူ တိုက်ခိုက်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း တည်းဟူသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

ကာမေသုမိစ္ဆာစာရာ၊ ကာမမှုတို့၌ မှောက်မှောက် မှားမှား ပြုကျင့်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း တည်းဟူသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

မုသာဝါဒါ၊ မှားမှားယွင်းယွင်း ပြောဆိုခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း တည်းဟူသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ စိမ်ရေ အရက် ဟူသော ယစ်မူး မေ့လျော့ကြောင်း အသောက် အစားမှ။ ဝေရမဏီ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း၊ တည်းဟူသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြည့်စုံအောင် စောင့်ရှောက်ပါမည် ဘုရား။

## ရှစ်ပါးသီလ ခံယူရန်

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

http://www.dhammadownload.com



ဒုတိယမ္ပိ....တတိယမ္ပိ....သုံးခေါက်ဆက်ဆို။

"အာမ ဘန္တေ"ပါ အရှင်ဘုရား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးခေါက်ဆို)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ....တတိယမ္ပိ....သုံးခေါက်ဆက်ဆို။

"အာမ ဘန္တေ" ပါ အရှင်ဘုရား။

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

"အာမ ဘန္တေ" ပါ အရှင်ဘုရား။

http://www.dhammadownload.com



## ဘုရားရှိခိုးအမျိုးမျိုးမှဟောင်းနှင့်

## ရှစ်ပါးသီလပါဠိအနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊တကွ။အဋ္ဌင်္ဂ သမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလဟူသော၊ ဓမ္မံ၊ ကျင့်ဝတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။မေ၊ တပည့်တော်အား။ သီလံ၊ သီလကို။တုမှေ၊ အရှင်ဘုရားတို့သည်။ ဒေထ၊ ပေးတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်းဟု ဆက်ဆို။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ လိုက်ဆိုပါမည်ဘုရား။

အရဟတော၊ ကိလေသာရန်အားလုံးကို ချေမှုန်းသတ်ဖြတ်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သိအပ်သမျှ အဝဝကိုတစ်စမကျန် အမှန်ကိုယ်တိုင် သိတော်မူပြီးထသော။ တဿ ဘဂဝတော၊ ထိုဘုန်းရှင်အား။ နမော၊ ရှိခိုးပါ၏။

ဗုဒ္ဓံ၊ မြတ်စွာဘုရား ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ဂစ္ဆာမိ၊ စိတ်ထဲမှာသိမှတ် ဆည်းကပ်ပါ၏။

ဓမ္မံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ဂစ္ဆာမိ၊ စိတ်မှာသိမှတ် ဆည်းကပ်ပါ၏။

သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ ကိုးကွယ်ရာ ဟူ ။ ဂစ္ဆာမိ၊ စိတ်မှာသိမှတ် ဆည်းကပ်ပါ၏။

http://www.dhammadownload.com



ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း....၊ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း....ဟု ဆက်ဆို။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ သရဏဂုံသုံးပါးပြည့်စုံပါပြီဘုရား။

ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း တည်းဟူသော သိက္ခာ ပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

အဒိန္နာဒါနာ၊ ပိုင်ရှင် မပေးသည့် ဥစ္စာကို ခိုးယူ တိုက်ခိုက်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း တည်းဟူသော သိက္ခာ ပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

အဗြဟ္မစရိယာ၊ မမြတ်သောအကျင့်မှ။ ဝေရမဏိ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း တည်းဟူသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

မုသာဝါဒါ၊ မှားမှားယွင်းယွင်း ပြောဆိုခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း တည်းဟူသော သိက္ခာ ပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ စိမ်ရေ အရက်ဟူသော မူးယစ်မေ့လျော့ကြောင်း အသောက်အစားမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း တည်းဟူသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

ဝိကာလ ဘောဇနာ၊ နေလွဲသောအခါ အစာစားခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်းတည်းဟူသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

**နစ္စ** ဂီတ ဝါဒိတ ဝိသုက ဒဿန **မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန** ဝိဘူသနဋ္ဌာနာ၊ ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း, လက်ဝှေ့ပွဲ,မြင်းပြိုင်ပွဲ,ဘောပွဲစသည်ကိုကြည့်ရှုခြင်း,ပန်းပန်ခြင်း, သနပ်ခါး စသည် လိမ်းခြင်း, မျက်နှာချေ, ပေါင်ဒါ စသည် ခြယ်ခြင်း ဟူသော အရာဌာနမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း တည်းဟူသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

**ဥစ္စာသယန မဟာသယနာ၊** မြင့်သော နေရာ, မြတ်သော နေရာမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကြဉ်ရှောင်ခြင်း တည်းဟူသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြည့်စုံအောင် စောင့်ရှောက်ပါမည် ဘုရား။

## ကိုးပါးသီလ ခံယူရန်

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ **ကတွာ** သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ........ တတိယမ္ပိ........ သုံးခေါက်ဆို။

"**အာမ ဘန္တေ**"ပါ အရှင်ဘုရား။

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးခေါက်ဆို)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ........ တတိယမ္ပိ သုံးခေါက် ဆက်ဆို။

"အာမ ဘန္တေ"ပါ အရှင်ဘုရား။

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၉) မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟာရဏံ သမာဒိယာမိ။

http://www.dhammadownload.com



## ကိုးပါးသီလပါဠိအနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ သည်။ တိသရဏေန၊ နှင့်။ သဟ၊ တကွ။ နဝင်္ဂသမန္နာဂတံ၊ အင်္ဂါကိုးပါးနှင့်ပြည့်စုံသော။ ဥပေါသထသီလံ၊ သော။ ဓမ္မံ၊ ကို။ ယာစာမိ၊ ၏။ ဘန္တေ၊ ဘုရား။ အနုဂ္ဂဟံ၊ ကို။ ကတွာ၊ ၍။ မေ၊ အား။ သီလံ၊ သီလကို။ ဒေထ၊ ဘုရား။ တုမ္ဟေ၊ တို့သည်။ ဒေထ၊ ဘုရား။

မှတ်ချက်၊ အကြွင်း ရှစ်ပါးသီလနှင့် တူပြီ၊ ထူးရာကိုသာ ပြခဲတော့အံ့။

၉။ မေတ္တာသဟဂတေန၊ မေတ္တာနှင့်တကွသော။ စေတသာ၊ စိတ်ဖြင့်။ သဗ္ဗပါဏဘူတေသု၊ ခပ်သိမ်းသော သတ္တဝါတို့၌။ ဖရိတွာ၊ ပျံ့နှံ့၍။ ဝိဟရဏံ၊ နေခြင်းကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

## ဆယ်ပါးသီလ ခံယူရန်

အဟံ -ဘန္တေ တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ........ တတိယမ္ပိ........ သုံးခေါက်ဆို။

"အာမ ဘန္တေ"ပါ အရှင်ဘုရား။

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**
(သုံးခေါက်ဆို)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

http://www.dhammadownload.com



ဒုတိယမ္ပိ....တတိယမ္ပိ သုံးခေါက်ဆက်ဆို။

"အာမ ဘန္တေ"ပါ အရှင်ဘုရား။

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၈) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၉) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

"အာမ ဘန္တေ" ပါ အရှင်ဘုရား။

http://www.dhammadownload.com

# ကပ်လှူပူဇော်ခန်း

## ဆွမ်းတော်ကပ်လှူရန်

အရဟတာဒိ နဝဂုဏောပေတံ၊ အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်။ သမ္ဗုဒ္ဓါဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူထသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီတော်မြတ်အား။ ဝဏ္ဏ, ဂန္ဓ, ရသ သမ္ပန္နံ၊ အဆင်း အနံ့ အရသာနှင့်ပြည့်စုံသော။ ဣမံ ပိဏ္ဍပါတ ခါဒနီယ ဘောဇနီယံ၊ ဤဆွမ်း ခဲဘွယ် ဘောဇဉ် အရသာကို။ ဒေမိ၊ ကပ်လှူပါ၏၊ မေ၊ အကျွန်ုပ်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ရေကပ်လှူရန်

အရဟတာဒိ နဝဂုဏောပေတံ၊ အရဟံ အစရှိသောကိုးပါးသောဂုဏ်တော်တို့နှင့်။ သမ္ဗုဒ္ဓါဂတံ၊ ပြည့်စုံတော်မူထသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူထသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီတော်မြတ်အား။ ဝဏ္ဏ, ဂန္ဓ, ရသ သမ္ပန္နံ၊ အဆင်းအနံ့ အရသာနှင့်ပြည့်စုံသော။ ဣမံ ပါနီယ ပရိဘောဇနီယံ၊ ဤသောက်တော်ရေ–သုံးဆောင်တော်ရေကို။ ဒေမိ၊ ကပ်လှူပါ၏။ မေ၊ အကျွန်ုပ်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာ

http://www.dhammadownload.com



ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို၊ ဝဟ်၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ပန်းပူဇော်ရန်

အရဟာဘာဒိ နဝဂုဏောဟိ၊ အရဟံ အစရှိသောကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမ္ပန္နာဂတံ၊ ပြည့်စုံတော်မူထသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူထသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီတော်မြတ်အား။ ဝဏ္ဏ, ဂန္ဓ, ရသ သမ္ပန္နံ၊ အဆင်းအနံ့ အရသာနှင့် ပြည့်စုံသော။ ဣဒံ ပုပ္ဖံ၊ ဤပန်းကို။ ပူဇေမိ၊ ပူဇော်ပါ၏။ မေ၊ အကျွန်ုပ်၏၊ ဣဒံ ပုညံ၊ ဤကောင်းမှုသည်၊ အာသဝက္ခယံ၊ အာသဝေါတရားလေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ဆီမီးပူဇော်ရန်

အရဟတာဒိ နဝဂုဏေဟိ၊ အရဟံ အစရှိသောကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမ္ပန္နာဂတံ ပြည့်စုံတော်မူထသော။ သဗ္ဗညုတာနာဝရဏဉာဏေဟိ၊ သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ်တော်တို့ဖြင့်။ တိလောကေ၊ သုံးပါးသောလောက၌။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသောအမိုက်မှောင်ကို။ ဝိဓမိတွာ၊ ပယ်ဖျောက်၍ ဇလံ-ဇလန္တံ၊ ထွန်းလင်းတောက်ပစေနိုင်သော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ,ဥဒ္ဒိဿစေတီတော်မြတ်အား။ ပဒီပဝဏ္ဏောဟိ

http://www.dhammadownload.com



အရောင်အဆင်းတို့ဖြင့်။ အန္ဓကာရရုံ၊ အမိုက်မှောင်ကို။ ဝိနာသံ၊ ပယ်ဖျောက်တတ်သော။ ဣမံ ဒီပဇာလံ၊ ဤဆီမီးလျှံကို။ ပူဇေမိ၊ ပူဇော်ပါ၏။ မေ၊ အကျွန်ုပ်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်၊ အာသဝက္ခယံ၊ အာသဝေါတရား လေးပါးတို့၏။ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု ဖြစ်ပါစေသတည်း။

http://www.dhammadownload.com

# ဘုရားရှိခိုး အမျိုးမျိုးခန်း

## ဘုရားဂုဏ်တော်ဖွင့်

ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရဏေန၊ ဤသို့ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ပူဇော်သက္ကာရ ဝိသေသအထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။ ဣတိပိ-ဣမိနာ စ ကာရဏေန၊ ဤသို့ ခပ်သိမ်းကုန်သောတရားတို့ကိုမဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အကြွင်းမရှိ မိမိအလိုလိုသာ ကိုယ်တော်တိုင် သိတော်မူသော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။ ဣတိပိ-ဣမိနာ စ ကာရဏေန၊ ဤသို့ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။ ဣတိပိ-ဣမိနာ စ ကာရဏေန၊ ဤသို့ကောင်းသောစကားကို ဆိုတော်မူတတ်သောအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။ ဣတိပိ-ဣမိနာ စ ကာရဏေန၊ ဤသို့ သတ္တလောက, သင်္ခါရလောက, ဩကာသလောကဟု ဆိုအပ်သော လောကသုံးပါးကို သိတော်မူတတ်သော အကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။ ဣတိပိ-ဣမိနာ စ ကာရဏေန၊ ဤသို့ အတုမရှိသည်ဖြစ်၍ မယဉ်ကျေးသော တိရစ္ဆာန် ယောက်ျား, လူ ယောက်ျား, ဘီလူး ယောက်ျား, နတ် ယောက်ျားတို့ကို

ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော အကြောင်းကြောင့်လည်း။ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။ ဣတိပိ—ဣမိနာ စ ကာရဏေန၊ ဤသို့ နတ်,လူတို့ကို ပစ္စုပ္ပန်၌ ဖြစ်သော အကျိုးစီးပွား, တမလွန်၌ ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ပရမတ္ထဖြစ်သောအကျိုးစီးပွားတို့ဖြင့် ထိုက်သည့်အားလျော်စွာ ဆုံးမတော်မူသည်ဖြစ်၍ နတ်,လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏။ ဣတိပိ ဣမိနာ စကာရဏေန၊ ဤသို့သစ္စာလေးပါးမြတ်တရားကို အကြွင်းမရှိ သိတော်မူသောအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။ ဣတိပိ—ဣမိနာ စ ကာရဏေန၊ ဤသို့ ဣဿ—ရိယ,ဓမ္မ,ယသ, သိရီ, ကာမ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။ ဣတိ၊ ဤသို့။ နဝဟိ ဂုဏေဟိ၊ ကိုးပါးသော ဂုဏ်တော်တို့ဖြင့်။ တိလောကေ၊ သုံးပါးသော လောက၌။ ကိတ္တိဗျာပိတံ၊ ကျော်စောပျံ့နှံ့ခြင်း ရှိတော်မူထသော။ အနန္တဂုဏသမ္ပန္နံ၊ အဆုံးမရှိသော ကျေးဇူးနှင့် ပြည့်စုံတော်မူပြီးထသော၊ အတုလံ၊ သီလအစရှိသော ဂုဏ်တော်တို့ကြောင့်တင်စုံတစ်ယောက်သောသူနှင့်တူတော်မမူထသော။ ကော်ပြိုင်ဘက်ကင်းပျောက် တစ်ယောက်တည်းသာ ဖြစ်တော်မူထသော၊ ဓမ္မရာဇံ၊ တရားမင်း ဖြစ်တော်မူထသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ တီဟိ ဒွါရေဟိ၊ ကာယဒွါရ, ဝစီဒွါရ,မနောဒွါရဟု ဆိုအပ်သောသုံးပါးသော ဒွါရတို့ဖြင့်၊ အာဒရံ၊ ရိုသေစွာ။ နမာမိ၊ ရှိခိုးပါ၏။

http://www.dhammadownload.com



## တရားဂုဏ်တော်ဖွင့်

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ ဆယ်ပါးသော တရားတော်မြတ်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောတော်မူ အပ်၏။ ။သန္ဒိဋ္ဌိကော၊ ချီးမွမ်းအပ်သော မဂ်ပညာဖြင့် ကိလေသာကို အောင်တတ်၏။ ။အကာလိကော၊ အခါမလင့် အကျိုးကို ပေးတတ်၏၊ ။ဧဟိပဿိကော၊ လာလှည့်၊ ရှုလှည့်ဟူသော အစီအရင်ကို ခံထိုက်၏။ ဩပနေယျိကော၊ မိမိစိတ်၌ ကပ်၍ ဆောင်ခြင်းငှါထိုက်၏။ ။ဝိညူဟိ၊ပညာရှိတို့သည်။ပစ္စတ္တံ မိမိ၊ ၏စိတ်၌။ ဝေဒိတဗ္ဗော။သိအပ်။ ခံစားအပ်၏။ ဣတိ၊ ဤသို့။ ဆယ်ဂုဏ်ဟူ ခြောက်ပါးသောဂုဏ်တော်တို့ဖြင့်။တိလောကမှ၊ သုံးပါးသော လောက၌။ပါကဋ၊ ထင်ရှားသော။တိဝိဓသမ္ပတ္တိဒါယကံ၊ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော စည်းစိမ်ကို ပေးတတ်သော။ သမ္မာသမ္ဗုဒ္ဓပူဇိတံ၊ မြတ်စွာဘုရားတို့သည် ပူဇော်အပ် တော်မူထသော။ သဒ္ဓမ္မံ သူတော်ကောင်းတို့၏ တရားဆယ်ပါး ကို။အဟံ၊ အကျွန်ုပ်သည်။တိဟိဒွါရေဟိ၊ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရဟု ဆိုအပ်သော သုံးပါးသောဒွါရတို့ဖြင့်။ အာဒရံ၊ ရိုသေစွာ။ နမာမိ၊ ရှိခိုးပါ၏။

## သံဃဂုဏ်တော်ဖွင့်

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော

ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသ ပုဂ္ဂလာ၊ ဧသဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိ ကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ သုပ္ပဋိပန္နော၊ ကောင်းစွာ ကျင့်တော်မူ၏။ ။ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်မတ်စွာ ကျင့်တော်မူ၏။ ။ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊တပည့်သားသံဃာတော်သည်။ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန် အကျိုးငှါကျင့်တော်မူ၏။ ။ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားသံဃာတော်သည်။ သာမီစိပ္ပဋိ ပန္နော၊ အရိုအသေပြုခြင်းငှါ ထိုက်အောင်ကျင့်တော်မူ၏။ ။ ယဒိဒံ-ယာနိဣမာနိ စတ္တာရိပုရိသယုဂါနိ၊အကြင်လေးယောက် သော ယောကျ်ားမြတ်အစုံတို့သည်။ ယဒိဒံ-ယေဣမေ အဋ္ဌ ပုရိ သပုဂ္ဂလာ၊ အကြင် အသီးအသီးရှစ်ယောက်သော ယောကျ်ား မြတ် ပုဂ္ဂိုလ်တို့သည်။သန္တိ၊ရှိကုန်၏။ဘဂဝတော၊မြတ်စွာဘုရား ၏။ ဧသ-ဧသော သာဝကသံဃော၊ ထိုအစုံအစုံလေးယောက် အသီးအသီး ရှစ်ယောက်သော တပည့်သားသံဃာတော်သည်။ အာယုနေယျော၊ အဝေးမှဆောင်၍ သီလဝန္တ ပုဂ္ဂိုလ်တို့အား ပေးအပ်သောအလှူကိုခံထိုက်၏။ ။ပါဟုနေယျော၊ အထူးထူး သော အရပ်မှလာကုန်သော ချစ်နှစ်လိုအပ်သောဧည့်သည်တို့၏

http://www.dhammadownload.com



အကျိုးငှါ ရှိသေစွာ စီရင်အပ်သော အလှူကို ခံတိုက်၏။ ။ ဒက္ခိဏေယျော၊ တမလွန်လောကကို ယုံကြည်၍ ပေးအပ်သော အလှူကိုခံထိုက်၏။ ။အဉ္စလိကရဏီယော၊ ကောင်းမှုကို အလို ရှိသော သူတို့၏ လက်အုပ်ချီခြင်းကိုပြုအပ်၏။ ။အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသောမျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ် ဖြစ်၏။ လောကဿ၊ ဤသို့။ နဝဟိဂုဏေဟိ၊ ကိုးပါးသောဂုဏ်တော်တို့ဖြင့်။ တိလောကေ၊ လောကသုံးပါး၌။ သုတံ၊ ကျော်စောသော။ ပဋိသမ္ဘိဒါ အာဘိ ညာဏာဒိ ဂုဏာသမ္ပန္နံ၊ ပဋိသမ္ဘိဒါအဘိညာဏ်အစရှိသော များ စွာသော ဂုဏ်တော်တို့နှင့်ပြည့်စုံသော။ ပုညကာမာနံ၊ ကုသိုလ် ကောင်းမှုကိုအလိုရှိသော သူတော်ကောင်းတို့၏။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသောမျိုးစေ့၏စိုက်ပျိုးရာ လယ်မြေကောင်း သဖွယ်ဖြစ်သော။အရိယသံဃံ၊ အရိယာ ရှစ်ယောက်အပေါင်း ကို။ အဟံ၊ ကျွန်ုပ်သည်။ တီဟိ ဒွါရေဟိ၊ ကာယဒွါရ, ဝစီ ဒွါရ, မနောဒွါရဟူ ဆိုအပ်သော သုံးပါးသော ဒွါရတို့ဖြင့်။ အာဒရံ၊ ရိုသေစွာ။ နမာမိ၊ ရှိခိုးပါ၏။

## ဂုဏ်တော်ကွန်ချာ

သော ဘဂဝါ ဣတိပိ အရဟံ၊ အရဟံဝတ သော ဘဂဝါ၊ အရဟန္တံ သရဏံ ဂစ္ဆာမိ၊ အရဟန္တံ သိရသာ နမာမိ၊ ပဌမော ဝဇီရပါကာရော၊ သော ဘဂဝါ ဣတိပိ အရဟံ။

သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

http://www.dhammadownload.com



သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ၊ ဒုတိယော ဝဇိရပါကာရော၊ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သော ဘဂဝါ၊ ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ၊ ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ၊ တတိယော ဝဇိရပါကာရော၊ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

သော ဘဂဝါ ဣတိပိ သုဂတော၊ သုဂတော ဝတ သော ဘဂဝါ၊ သုဂတံ သရဏံ ဂစ္ဆာမိ၊ သုဂတံ သိရသာ နမာမိ၊ စတုတ္ထော ဝဇိရပါကာရော၊ သော ဘဂဝါ ဣတိပိ သုဂတော။

သော ဘဂဝါ ဣတိပိ လောကဝိဒူ၊ လောကဝိဒူ ဝတ သော ဘဂဝါ၊ လောကဝိဒုံ သရဏံ ဂစ္ဆာမိ၊ လောကဝိဒုံ သိရသာ နမာမိ၊ ပဉ္စမော ဝဇိရပါကာရော၊ သော ဘဂဝါ ဣတိပိ လောကဝိဒူ။

သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ သော ဘဂဝါ၊ အနုတ္တရော ပုရိသဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ၊ အနုတ္တရော ပုရိသဒမ္မသာရထိံ သိရသာ နမာမိ၊ ဆဋ္ဌမော ဝဇိရပါကာရော၊ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ။

သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနံ ဝတ သော ဘဂဝါ၊ သတ္ထာ

http://www.dhammadownload.com



ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊ သတ္ထာ ဒေဝမနုဿာနံ သိရသာ နမာမိ၊ သတ္ထမေဝ ဝဇိရပါကာရော၊ ဧသော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ။

ဧသော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ ဝတ ဧသော ဘဂဝါ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သိရသာ နမာမိ၊ ဗုဒ္ဓမေဝ ဝဇိရပါကာရော၊ ဧသော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

ဧသော ဘဂဝါ ဣတိပိ ဘဂဝါ၊ ဘဂဝါ ဝတ ဧသော ဘဂဝါ၊ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဘဂဝန္တံ သိရသာ နမာမိ၊ နဝမေဝ ဝဇိရပါကာရော၊ ဧသော ဘဂဝါ ဣတိပိ ဘဂဝါ။

### အာဒေဝဏိက ဂုဏ်တော်ပါဠိအနက်

ဗုဒ္ဓါနံ ဝိဝိတာဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဣမေသံ စတုန္နံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ

ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာပတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ပညာယ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ၊ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိရဝါ၊ နတ္ထိအဖုဋ္ဌံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါ နုပေက္ခာ၊ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သဿဒ္ဓမ္မဂဏုတ္တမော သမ္မာ ဿမ္ဗုဒ္ဓေါ သမ္မရိပဝါရံ သညတိဂဏံ ရက္ခတု မံ စိရံ သဒါ၊ သဗ္ဗကာမဒဒေါ ဟောတု မယှမေဝ စိရံ သဒါ။

ဗုဒ္ဓါနံ၊ သဗ္ဗညုမြတ်စွာဘုရားတို့၏။ ဇီဝိတဿ၊ ဇီဝိတိန္ဒြေတော်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည်။ ကာတုံ ပြုအံ့သောငှါ။ န သက္ကာ၊ မတတ်နိုင်။ ဗုဒ္ဓါနံ၊ သဗ္ဗညုမြတ်စွာဘုရားတို့၏။ သဗ္ဗညုတဉာဏဿ သဗ္ဗညုတဉာဏ်တော်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ အမှတ်မရှိတစုံတယောက်သောသူသည်။ ကာတုံ၊ ပြုအံ့သောငှါ။ န သက္ကာ၊ မတတ်နိုင်။ ဗုဒ္ဓါနံ၊ သဗ္ဗညုမြတ်စွာဘုရားတို့၏။ အဘိဟဋ္ဌာနံ၊ ရှေးရှုဆောင်အပ်ကုန်သော။ စတုန္နံ၊ လေးပါးကုန်သော ပစ္စယာနံ၊ ပစ္စည်းတို့၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ အမှတ်မရှိတစုံတယောက်သောသူသည်။ ကာတုံ၊ ပြုအံ့သောငှါ။

http://www.dhammadownload.com



န သက္ကာ၊ မတတ်နိုင်။ ဗုဒ္ဓါနံ၊ သဗ္ဗညုမြတ်စွာဘုရားတို့၏။ အသီတိယာ၊ ရှစ်ဆယ်ကုန်သော။ အနုဗျဉ္ဇနာနံ ဝါ၊ လက္ခဏာတော်ငယ်တို့၏လည်းကောင်း။ ဗျာမပ္ပဘာယ ဝါ၊ ကိုယ်တော်မှထွက်သော တလံမျှလောက်သော ရောင်ခြည်တော်၏လည်းကောင်း။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည်။ ကာတုံ၊ ပြုအံ့သောငှါ။ န သက္ကာ၊ မတတ်နိုင်။ စတုန္နံ၊ လေးပါးကုန်သော။ ဣမသံ၊ ဤဇီဝိတိန္ဒြေ, သဗ္ဗညုတဉာဏ်, အဘိဟဋ္ဌစတုပစ္စယ, အနုဗျဉ္ဇန, ဗျာမပ္ပဘာ တို့၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည်။ ကာတုံ၊ ပြုအံ့သောငှါ။ န သက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ ငါ့အား။ ဟောတု၊ ဖြစ်ပါစေသတည်း။

အတီတံသေ၊ အတိတ်ကာလ၌။ ဗုဒ္ဓဿ၊ အရဟတ္တမဂ်ဉာဏ်ရောင်စက်ဖြင့် တုဘက်ကင်းကွာ ဆရာမရှိ မိမိ အလိုလိုသာ သစ္စာဉေယျ မြတ်ဓမ္မကို တစ်စမကျန် ဟုတ်မှန်စွာ သိတော်မူတတ်ထသော။ ဘဂဝတော၊ ဣဿရိယ, ဓမ္မ, ယသ, သီရိ, ကာမ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ ပိတ်ပင် ဆီးတား တခြားကန့်ကွက် နှောင့်ယှက်မရှိ သိမြင်တော်မူတတ်၏။ အနာဂတံသေ၊ အနာဂတ်ကာလ၌။ ဗုဒ္ဓဿ၊ သစ္စာလေးပါးတရားတို့ကို မိမိအလိုလိုသာသိတော်မူတတ်သော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ ပိတ်ပင်တားဆီး တခြားကန့်ကွက် နှောင့်ယှက်မရှိ သိမြင်တော်မူတတ်၏။ ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန်ကာလ၌။ ဗုဒ္ဓဿ၊ သစ္စာလေးပါး

http://www.dhammadownload.com



တရားတို့ကို မိမိအလိုလိုသာသိတော်မူဘတ်သော။ ဘဂဝတော၊
မြတ်စွာဘုရား၏။ ဉာဏံ၊ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ ဝိတ်ပင်
ဆီးတားတခြားကန့်ကွက်နှောင့်ယှက်မရှိ သိမြင်တော်မူတတ်၏။
ဣမေဟိ တီဟိ ဓမ္မေဟိ၊ ဤ သုံးပါးသော ဂုဏ်တော်တို့နှင့်။
သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ သစ္စာလေးပါး
တရားတို့ကို မိမိအလိုလိုသာ သိတော်မူဘတ်သော၊ဘဂဝတော၊
မြတ်စွာဘုရား၏။ သဗ္ဗံ၊ အလုံးစုံသော၊ ကာယကမ္မံ၊ကာယကံ
တော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ဉာဏ်တော်လျှင်ရှေ့သွားရှိ၏။ဉာဏာနု
ပရိဝတ္တံ၊ဉာဏ်တော်သို့အစဉ်လိုက်၍ဖြစ်၏။သဗ္ဗံ၊အလုံးစုံသော။
ဝစီကမ္မံ၊ ဝစီကံတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင်ရှေ့
သွားရှိ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့ အစဉ်လိုက်၍ဖြစ်၏။
သဗ္ဗံ၊ အလုံးစုံသော။ မနောကမ္မံ၊ မနောကံသည်။ဉာဏပုဗ္ဗင်္ဂမံ၊
ဉာဏ်တော်လျှင်ရှေ့သွားရှိ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့
အစဉ်လိုက်၍ဖြစ်၏။ ဣမေဟိ ဆဟိ ဓမ္မေဟိ၊ ဤခြောက်ပါး
သော ဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။
ဗုဒ္ဓဿ၊ သစ္စာလေးပါးတရားတို့ကို မိမိအလိုလိုသာ သိတော်မူ
တတ်သော။ ဘဂဝတော၊မြတ်စွာဘုရား၏။ ဆန္ဒဿ၊သမ္မာဆန္ဒ
တော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝီရိယဿ၊
လုံ့လအားထုတ်တော်မူခြင်း၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။
နတ္ထိ၊ မရှိ။ ဓမ္မဒေသနာယ၊ [illegible]းဟောတော်မူခြင်း၏။ဟာနိ၊
ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊မရှိ။ သမာဓိဿ၊ သမာဓိတော်၏။
ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ပညာယ၊ ပညာ
တော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။နတ္ထိ၊ မရှိ။ဝိမုတ္တိယာ၊
အရဟတ္တဖိုလ်ဉာဏ်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။နတ္ထိ၊ မရှိ။

http://www.dhammadownload.com



ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ၊ ဤ တစ်ဆယ့်နှစ်ပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ သစ္စာလေးပါးတရားတို့ကိုမိမိအလိုလိုသာ သိတော်မူတတ်သော။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဒဝါ၊ မြူးထူးလိုသဖြင့် ပြုံးခြင်းမည်သည်၊ နတ္ထိ၊ မရှိ၊ ရဝါ၊ ရယ်ရွှင်လိုသဖြင့် ရယ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ အဖုဋ္ဌံ၊ ဉာဏ်တော်ဖြင့် မတွေ့မထိ မသိမမြင်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဝေဂါယိတတ္တံ၊ အဆောတလျင် ပြုခြင်းမည်သည်။ နတ္ထိ၊ မရှိ။ အဗျာဝဋမနော၊ အကျိုးမရှိသောအားဖြင့် စိတ်တော်၏ အာရုံ၌လေ့ကျက်ခြင်းမည်သည်၊ နတ္ထိ၊ မရှိ။ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဉာဏ်တော်ဖြင့် မကြည့်မရှုခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ၊ ဤတစ်ဆယ့်ရှစ်ပါးသောဂုဏ်တော်တို့နှင့်၊ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ၊ သစ္စာလေးပါးတရားတို့ကို မိမိ အလိုလိုသာ သိတော်မူတတ်သော။ ဘဂဝတော၊ မြတ်စွာဘုရားအား။ နမော နမက္ကာရော၊ ရှိခိုးခြင်းကို။ အတ္ထု၊ အကျွန်ုပ်သည်။ ကရောမိ၊ ပြုပါ၏။ သ သဒ္ဓမ္မဂုတ္တမော၊ သူတော်ကောင်းတို့၏တရားမြတ်သောအရိယာပုဂ္ဂိုလ်အပေါင်းနှင့်တကွ ဖြစ်တော်မူသော။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သပရိဝါရံ၊ အခြံအရံနှင့်တကွသော။ သဉာတိဂဏံ၊ ဆွေမျိုးအပေါင်းနှင့်တကွသော။- မံ၊ တပည့်တော်ကို။ စိရံ၊ ကြာမြင့်စွာ။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါဘုရား။ မယှမေဝ၊ တပည့်တော်အားသာလျှင်။ စိရံ၊ ကြာမြင့်စွာ။ သဒါ အခါခပ်သိမ်း။ သဗ္ဗကာမဒဒေါ၊ အလုံးစုံသောအလိုကိုပေးတော်မူသည်။ ဟောတု၊ ဖြစ်တော်မူပါဘုရား။

http://www.dhammadownload.com



## ခုနစ်ဆူစက်ပရိတ် ဝတ်ရွတ်စဉ်ကြီး

၁။ ဝိပဿိ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တလဒ္ဓိ အနန္တဇုတိ။

၂။ သိခီ .... ။လ။

၃။ ဝေဿဘူ .... ။လ။

၄။ ကကုသန္ဓော .... ။လ။

၅။ ကောဏာဂမနော .... ။လ။

၆။ ကဿပေါ .... ။လ။

၇။ ဂေါတမော .... ။လ။

၁။ သတ္တိမေဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တပုညာ အနန္တဂုဏော အနန္တဉာဏာ အနန္တတေဇာ အနန္တလဒ္ဓိမန္တော အနန္တဇုတိမန္တော။ နမော တေသံ သတ္တန္နံ ဗုဒ္ဓါနံ ဘဂဝန္တာနံ အရဟန္တာနံ သမ္မာသမ္ဗုဒ္ဓါနံ။

ဒုတိယမ္ပိ....တတိယမ္ပိ....

၁။ အနန္တပုညာ သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တေဟိ ပုညစက္ကေဟိ အမှေ ရက္ခန္တု။

၂။ အနန္တဂုဏာ သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တေဟိ ဂုဏစက္ကေဟိ အမှေ ရက္ခန္တု။

http://www.dhammadownload.com



၃။ အနုတ္တရဉာဏာဒ္ဓ သတ္တိမေ ဗုဒ္ဓါ ဘာဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တော်ဟိ ဉာဏစက္ကေဟိ အမေ့ ရက္ခန္တု။

၄။ အနုတ္တတေဇာ သတ္တိမေ ဗုဒ္ဓါ ဘာဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တော်ဟိ တေဇစက္ကေဟိ အမေ့ ရက္ခန္တု။

၅။ အနုတ္တဣဒ္ဓိမန္တာ သတ္တိမေဗုဒ္ဓါ ဘာဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တော်ဟိ ဣဒ္ဓိစက္ကေဟိ အမေ့ ရက္ခန္တု။

၆။ အနုတ္တဇုတိမန္တာ သတ္တိမေ ဗုဒ္ဓါ ဘာဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တော်ဟိ ဇုတိစက္ကေဟိ အမေ့ ရက္ခန္တု။

## အစိန္တေယျ ပဏ္ဏာမကြီး

**အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အနန္တ ဇေဋ္ဌ သေဋ္ဌ-အတုမရှိအတိုင်းမသိသောကျေးဇူးတော်ဂုဏ်တော် အပေါင်း၏ တည်ရာ စုဝေးရာ ဖြစ်တော်မူသောမြတ်စွာဘုရား။**

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာ၊ ကမ္ဘာမြေမိုးသည်း၊ ဖြန်းဖြန်းကျိုးမျှ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော....

၁။ အရှင် ဝိပဿီ မြတ်စွာဘုရားကိုယ်တော်။
၂။ အရှင် သိခီ မြတ်စွာဘုရားကိုယ်တော်။
၃။ အရှင် ဝေဿဘူ မြတ်စွာဘုရားကိုယ်တော်။
၄။ အရှင် ကကုသန် မြတ်စွာဘုရားကိုယ်တော်။
၅။ အရှင် ကောဏာဂုမ် မြတ်စွာဘုရားကိုယ်တော်။
၆။ အရှင် ကဿပ မြတ်စွာဘုရားကိုယ်တော်။
၇။ အရှင် ဂေါတမမြတ်စွာဘုရားကိုယ်တော်။

http://www.dhammadownload.com



ဤ ၇ ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ ဦးခေါင်းထက်၌ အမြဲတည်ကြ ပါစေကုန်သတည်း။ ဤ ၇ ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ ဝဲ–ယာနှစ်ဖက် ပခုံးထက်၌ အမြဲတည်ကြပါစေကုန်သတည်း။ ဤ ၇ ဆူကုန်သော မြတ်စွာဘုရားကြီး၏ အပေါင်းတို့သည် အကျွန်ုပ်တို့၏ အဆုတ်အသည်း နှလုံးထဲ၌ အမြဲတည်ကြ ပါစေကုန်သတည်း။

## အစိန္တေယျ ပဌာမကြီး ပြီး၏။

## ဆစ္စာလေးပါး ဘုရားရှိခိုး

ဩကာသ ဩကာသ ရှိခိုးခြင်း၏တည်ရာ မြတ်နိုးခြင်း၏တည်ရာ ပူဇော်ခြင်း၏တည်ရာ အရိုအသေပြုခြင်း၏တည်ရာ ဖြစ်တော်မူပေသော အရှင်မြတ်ဘုရား၊ အကျွန်ုပ်သန္တာန်တွင် ထင်ရှားရှိနေသော ယခုဘဝ ရှေးရှေးဘဝက ပြုခဲ့မိသောကာယကံ ဝစီကံ, မနောကံ ဟူသော ဆယ်ပါးသော ဒုစရိုက်တရားတို့ကို ပယ်ရှား ပျောက်လွင့်ပါစေခြင်း အကျိုးငှာ သဒ္ဓါကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ ဘုရား။

ဤသို့ သဒ္ဓါကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါရသောမဂ္ဂသစ္စာပါရမီကုသိုလ်ကြောင့် အိုရခြင်း,နာရခြင်း,သေရခြင်း အစရှိသောဘေးအန္တရာယ် ဆင်းရဲခြင်း အပ္ပမေယျတို့၏ တည်နေခိုအောင်းရာ ဒုက္ခသစ္စာ

http://www.dhammadownload.com



စစ်စစ်မှန်သော ဤခန္ဓာအိမ်တို့ကို အကြိမ်ကြိမ် အဖန်ဖန် ဘဝအပြန်ပြန် စိမ့်ဖန်ဆင်းတတ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံတည်းဟူသော အကြောင်းရင်းမူလနှင့်တကွ သမုဒယသစ္စာကို တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒ, ပဋိပဿဒ္ဓိ, နိဿရဏ ပဟာန်ဟူသော ပဟာန်ငါးပါးတို့ဖြင့် တစ်စတစ်စ ပယ်ရှားစွန့်ပစ်လျက် မကြာမတင် ရဟန္တာအဖြစ်သို့ ရောက်ရ၍ သမုဒယသစ္စာ တဏှာလောဘနှင့် တကွသော တစ်ထောင့်ငါးရာ ကိလေသာ အဖော်သဟဲကို မရသဖြင့် ဘဝအဆက်ဆက်က ပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် အကျိုးပေးခွင့်မရသတ္တိစွမ်းဗလ ကုန်ခန်းသည်ဖြစ်၍ ရဟန္တာ၏ စုတိအခြားမဲ့၌ တစ်ဖန် ပဋိသန္ဓေ အသစ်မဖြစ်ရာ ခန္ဓာဝန်လက်စသိမ်း၍ ငြိမ်းအေးခြင်း ဟူသမျှတို့၏ အထွဋ်အထိပ်ဖြစ်သော နိရောဓသစ္စာ အသင်္ခတဓာတ် မြတ်လှသော နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ရောက်ရပါလို၏ ဘုရား။

သစ္စာလေးပါး ဘုရားရှိခိုး ပြီး၏။

## မာန်အောင် ဘုရားရှိခိုး

စက္ကာတိစက္ကံ ၊ လောကီစကြာ ရတနာတို့ထက် သာလွန်ထူးမြတ်လှစွာသော တရားအညီးဟူသော စကြာရတနာကြီးကို အစိုးရတော်မူသော စကြဝတေးမင်းကြီးလည်း ဖြစ်တော်မူထသော။ ဒေဝါတိဒေဝံ ၊ သမ္မုတိနတ်, ဥပပတ္တိ နတ်ဟုဆိုအပ်သော နတ်မင်းတကာတို့ထက် သာလွန် ထူးမြတ်လှစွာသော ဝိသုဒ္ဓိနတ်မင်းကြီးလည်း ဖြစ်တော်မူထသော။ ဗြဟ္မာတိဗြဟ္မံ ၊ လောကီပုထုဇဉ် ဗြဟ္မာတို့ထက် သာလွန်ထူးမြတ်လှစွာသော ရဟန္တာဗြဟ္မာတို့ကို အစိုးရတော်မူသော ဗြဟ္မာ

http://www.dhammadownload.com



မင်းကြီးလည်း ဖြစ်တော်မူထသော၊ ဇိနံ၊ ကြီးလှသော ဘေး ရန် ငါးပါးမာရ်ကို ပါရမီဉာဏ်မဂ် ဘုန်းရောင်စက်ဖြင့် ချိုး ဖျက်အောင်မြင် မဆင်ဆာတူ သုံးလူသေဠ်နင်း တရားမင်း ဖြစ် တော်မူသော မြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်၊ နမေ နမာမိ၊ ရှိခိုးပါ၏။

## အစိန္တေယျလေးပါး ဘုရားရှိခိုး

ဝါစာ ဝါစာ ဝိလာသဂ္ဂ၊ ဝါစာစိန္တေယျံ သံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာ တုလ္ဝါစကာ။

ဝါစာဝါစာ ဝိလာသဂ္ဂဝါစာအစိန္တေယျံသံယုတ္တံ၊ ပကတိ သောစကား, အလွန်တင့်တယ်သောစကား, မြတ်သောစကား, မကြံစည်နိုင်သော စကားနှင့် ပြည့်စုံတော်မူသော၊ သာရဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒေ- ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ရှိခိုးရသောကောင်းမှုကြောင့် အတုလဝါစကာ၊ အတုမရှိသောစကားနှင့် ပြည့်စုံသည်၊ အမှိ၊ ဖြစ်ရပါလို၏။

ရူပရူပ ဝိလာသဂ္ဂ၊ ရူပစိန္တေယျံသံယုတ္တံ၊
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာ တုလရူပဝါ။

ရူပရူပ ဝိလာသဂ္ဂရူပစိန္တေယျံသံယုတ္တံ၊ ပကတိသောအဆင်း အလွန်တင့်တယ်သောအဆင်း, မြတ်သောအဆင်း, မကြံစည် နိုင်သော ဆင်းနှင့်ပြည့်စုံတော်မူသော၊ သာရဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသောမြတ်စွာ

ဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဓာနေ၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလ ရူပါဝ၊ အတု မရှိသော အဆင်းနှင့် ပြည့်စုံသည်။ အမို၊ ဖြစ်ရပါလို၏။

ဉာဏဉာဏဝိလာသဂ္ဂ၊ ဉာဏစိန္တေယျသံယုတ္တံ။

ဝန္ဒေသာရဂုဏောပေတံ၊ ဓာနမှာ တုလဉာဏဝါ။

ဉာဏဉာဏဝိလာသဂ္ဂ ဉာဏစိန္တေယျ သံယုတ္တံ၊ ပကတိသော ဉာဏ်, အလွန်တင့်တယ်သောဉာဏ်, မြတ်သောဉာဏ်, မကြံစည် နိုင်သောဉာဏ်နှင့်ပြည့်စုံတော်မူသော။ သာရဂုဏောပေတံ၊ ကျေး ဇူးတော်စစ် ဂုဏ်တော်နှစ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဓာနေ၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလဉာဏဝါ၊ အတုမရှိ သောဉာဏ်နှင့်ပြည့်စုံသည်။ အမို၊ ဖြစ်ရပါလို၏။

ဣဒ္ဓိဣဒ္ဓိဝိလာသဂ္ဂ၊ ဣဒ္ဓိစိန္တေယျသံယုတ္တံ။

ဝန္ဒေသာရဂုဏောပေတံ၊ ဓာနမှာ တုလဣဒ္ဓိမာ။

ဣဒ္ဓိဣဒ္ဓိဝိလာသဂ္ဂ ဣဒ္ဓိစိန္တေယျသံယုတ္တံ၊ ပကတိသော တန်ခိုး, အလွန်တင့်တယ်သောတန်ခိုး, မြတ်သောတန်ခိုး, မကြံ စည်နိုင်သောတန်ခိုးနှင့်ပြည့်စုံတော်မူသော။ သာရဂုဏောပေတံ၊ ကျေးဇူးတော်စစ်ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ..ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဓာနေ၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်၊ အတုလဣဒ္ဓိမာ၊ အတုမရှိသော တန်ခိုးနှင့် ပြည့်စုံသည်။ အမို၊ ဖြစ်ရပါလို၏။

http://www.dhammadownload.com



## စေတီ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး

အာ-ဒေါ-မာ-ဝ၊ ဘုန်းရောင်ပသည်၊ လောကတန်ဆောင်၊ မိုက်မှောင်ဝိဇ္ဇာ၊ ထောင့်ငါးရာကို၊ မယ်ခွာစင်မြောက်၊ ပေါက္ကရွှေပြည်၊ သာသနာရှန်းစို၊ မြင်းမိုကမ်းယံ၊ ဆိတ်မည်သည်၊ ရေသံသဲသဲ၊ ဝဲကြီးအမော်၊ မွေတော်ဓာတ်ပုံ၊ ရွှေစည်းခုံက၊ စသည်မကြွင်း၊ ရွှေအင်းဝတွင်၊ စည်းခုံရှင်ဟု၊ သုံးခွင်ရပ်သူ၊ ပူဇော်သက္ကာ၊ သီတာဝန်းကျင်၊ ရေယဉ်ပတ်ဝန်း၊ ပျော်ဘွယ်ထွန်းသည်၊ ကျွန်းကြီးအလှယ်၊ ထက်ခေါင်ဖျားက၊ သိကြားတည်သည်၊ သပ္ပာယ်လှမော၊ သီဟတော၊ တည့်၊ ရှင်စောမြတ်စွာ စိန္တေယျာဟု ကျော်ညာဘော်ပြ၊ ရှင်မွန်လှနှင့်၊ အစပြုစု၊ ကောင်းမှုနိဗ္ဗာန်၊ ရွှေစာရံသည်၊ မကျွန်နတ်လူ၊ ဖူးသူမစဲ၊ ဗျာဒိတ်ပွဲတွင်၊ ကျော်သံလွန်၊ ရွှေမင်းဝံတည့်၊ ဓာတ်မွန်မွေတောင်၊ တန်ဆာရောင်နှင့်၊ ပြောင်ပြောင်ကြွသည်၊ ထွန်းပတေဇော်၊ ရွှေရင်မျှော်တည့်၊ သုံးဘော်ကြွင့်နှံ၊ မြို့မခန်းတွင်၊ စည်သူရှင်ဟု၊ ရွှေရင်ဓာတ်ပေါင်း၊ ရေကြောင်းမြစ်စ၊ ကမ်းနားသည်၊ ထွန်းပတေဇာ၊ ရောင်ခြောက်ဖြာနှင့်၊ ကွမ်းရွာတစ်တစ်၊ ရွှေဘန်တစ်ဟု၊ ပုညခေတ္တံ၊ မည်မှန်သမိုင်း၊ မြို့လယ်ကိုင်းမှာ၊ ကျောင်းတော်ရာတည့်၊ ကေလာသဘ၊ ဂုဏ်ကိုးဝနှင့်၊ နေ့ညမဟူ၊ မြို့တောင်ငူတွင်၊ ရှင်ပင်ညီနောင်၊ ရောင်တော်ခြောက်လီ၊ ပွင့်လင်းစည်သည်၊ ရေယဉ် ဝန်းလျက်၊ မန်းရွှေစက်နှင့်၊ အောက်ကျက်နှစ်ဆူ၊ ကျွန်းဇမ္ဗူတွင်၊ ကျော်စောတင်သည်၊ ထက်ခွင်ဒေဝေါ၊ နတ်ပြဟ္မာလည်း၊ ကျော်ညာပတ်ကုံး၊ ဘုန်းမီးတေဇော်၊ ပြည်ဆံတော်ဟု၊ စွယ်တော်ဓာတ်ပုံ၊ ရွှေတိဂုံတွင်၊ ငါးဆင် ဆစ္စာ၊ ဌာပနာ၍၊ ကေသာဆံတော်၊ မြတ်ဇိနော်က၊ ကျော်ပေါက်ပြသည်၊ နရသီဟော်၊ မျိုးလေးဘော်တို့၊

http://www.dhammadownload.com



ပျော်ကြနေရာ၊ မြို့ဟာ သာဝယ်၊ သပွါယ်လှမော၊ ရွှေမော်ဓော
တည့်၊ လောကတံခွန်၊ မြို့ကျိုက်ပွန်တည့်၊ မည်တွင်ခေါ်သည်၊
ကျိုက္ခမိတည့်၊ကြီးဘိတန်ခိုး၊ကျိုက်ထီးရိုးတည့်၊အမျိုးလေးရပ်၊
မှတ်လောက်အမှန်၊ထွန်းဝင်းလျှံသည်၊မြသိန်းတန်ဟု၊ကမ်းယံမြင့်
ထွင်၊ မွေတော်ရှင်လည်း၊ရွှေရင်ကျိုင်းဝပ်၊ ဆံတော်ခတ်လည်း၊
ရှစ်ရပ်မျက်နှာ၊ သီကာပတ်ကုံး၊ ရွှေလဖုံးသို့၊ သုံးဆယ့်ရှစ်သွယ်၊
မြို့ဇင်းမယ်၌၊ ခြောက်သွယ်ရောင်ခြည်၊ ထူးလည်စေ့ပြား၊ ယိုး
ဒယားပြည်၊ နေသည်ခမ္မလျော်၊ ပြည်ဆံတော်ဟု၊ စွယ်တော်
ခတ်မွေ၊ တရုတ်ပြည်တွင်၊ ချစ်ရှင်စွယ်တော်၊ ကျိန်းဝပ်ပျော်
သည်၊နဂါးပြည်မှာ၊စက်လေးဖြာနှင့်၊မဟာမုနိ၊သီရိဘုန်းမော်၊
လွန်ပုံကျော်သည်၊ပူဇော်အံ့ဖွယ်၊ အင်္ဂဝီသံ၊ရောင်လျှံဘိတ်ဘိတ်၊
ခုနစ်စိပ်နှင့်၊ နှစ်ကျိပ်ရှစ်ဆူ၊ မြတ်ဘုန်းလူကို၊ ကြည်ဖြူမနော၊
ဒူရတောဖြင့်၊ ရွှေပန်းပွန်နွယ်၊ဆယ်ဆင့်တင်ကာ၊လက်စုံကြာကို၊
ထိပ်မှာ ငင်မိုး၊ရှိလျှင့်ခိုးသည်၊ကောင်းကျိုးချမ်းသာ၊ နိဗ္ဗူတာ
ကို မကြာလျင်ဆော၊ ရောက်စေသော၊ မြတ်ရှင်စော သြကာသ၊
သြကာသ။

## ဗျည်း (၃၃)လုံး ဘုရားရှိခိုး

ဘုန်းတော်အနန္တ၊စံမရသည့်၊ အနန္တစကြဝဠာ၊ အောက်ရွာ
ထက်ရပ်၊ ခြောက်ထပ်တသွယ်၊ ၂၀–ဗြဟ္မာ၊ သတ္တဝါလူနတ်၊
အများဖူးမျှော်၊ အပူဇော်ခံတော်မူထိုက်ပေသော၊ သုံးလောက
ဦးနှိမ်၊ မာရဇိန်ထွတ်ထား၊ မြတ်ဘုရားကို၊ 'အက္ခရာ မေကဌ
ဗုဒ္ဓချုပ်" ဟု ကျမ်းဂန်မပါဋ္ဌိ လာရှိသည်နှင့်အညီ....

http://www.dhammadownload.com



က, ဟူသည်ကား—ကိလေသာမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။

ခ, ဟူသည်ကား—ခန္ဓမာရ်ကို အောင်မြင်တော် မူသော မြတ်စွာဘုရား။

ဂ, ဟူသည်ကား—ဂန္ဓကုဋိ ရွှေတိုက်မှ ကျွတ်ထိုက်သောသူ သတ္တဝါပိုလ်လူ ခပ်သိမ်းသူတို့အား ရွှေဉာဏ်တော်ကွန်ရက်ဖြင့် ဖြန့်ကြက် ကြည့်ရှုတော်မူသော မြတ်စွာဘုရား။

ဃ, ဟူသည်ကား—ဃဋီကာရ ပြဟ္မာမင်းကြီး ဆက်ကပ်သော ရွှေကြာသင်္ကန်းကို ဆင်မြန်းတော်မူသော မြတ်စွာဘုရား။

င, ဟူသည်ကား—ငါးပါးမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။

စ, ဟူသည်ကား—စကြာဝဠာ တဝိုက် တုဘက် ပြိုင်ဘက် ကင်းတော်မူသော မြတ်စွာဘုရား။

ဆ, ဟူသည်ကား—ဆယ်ပါးသော ဒုစရိုက်ကို ပယ်ဖျက် ခုတ်ထွင် အောင်မြင်တော်မူသော မြတ်စွာဘုရား။

ဇ, ဟူသည်ကား—ဇာတိဿရဉာဏ်ကို ရတော်မူသော မြတ်စွာဘုရား။

ဈ, ဟူသည်ကား—ဈာန်သမာပတ် အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ည, ဟူသည်ကား—ညေယျဓမ္မတရား ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဋ, ဟူသည်ကား—ဋီကာလက်သန်းကျမ်းအသွယ်သွယ်တို့ကို ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com



၅, ဟူသည်ကား-ပဋ္ဌာန်းကျမ်းကို ဟောတော်မူသော မြတ်စွာဘုရား။

၃, ဟူသည်ကား-ကောဏ္ဍညပုဏ္ဏားသည် လက်ညှိုးတစ်ချောင်းထောင်ပြ၍ ဘုရားကေန် ဖြစ်ပါလိမ့်မည်ဟူ၍ ပြောဆိုခြင်းကို ခံတော်မူရသော မြတ်စွာဘုရား။

ဃ, ဟူသည်ကား-ဒီပင်္ကရာဘုရား ရှေ့တော်၌ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူသော မြတ်စွာဘုရား။

ဏ, ဟူသည်ကား-တဏှာ တည်းဟူသော အမိုက်မှောင်ကို ပယ်ဖျက်ခုတ်ထွင် အောင်မြင်တော်မူသော မြတ်စွာဘုရား။

တ, ဟူသည်ကား-တစ်ထောင်မကသော တိတ္ထိတို့ကို ဆုံးမတော်မူသော မြတ်စွာဘုရား။

ထ, ဟူသည်ကား-ထူးမြတ်သော ဂုဏ်တော်အစပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဒ, ဟူသည်ကား-ဒိဗ္ဗစက္ခု ဉာဏ်တော်ကို ရတော်မူသော မြတ်စွာဘုရား။

ဓ, ဟူသည်ကား-ဓမ္မစကြာ တရားကို ဟောတော်မူသော မြတ်စွာဘုရား။

န, ဟူသည်ကား-နိဗ္ဗာန်မြောင်ချော ရွှေပြည်သာသို့ ပို့ဆောင်တော်မူသော မြတ်စွာဘုရား။

ပ, ဟူသည်ကား-ပုဗ္ဗေနိဝါသဉာဏ်တော်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဖ, ဟူသည်ကား-ဖိုလ်မဂ် ချမ်းသာကို ဆောင်မြင်တော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com



ဗ, ဟူသည်ကား-ဗောဓိပင်ကို အောင်မြင်တော် မူသော မြတ်စွာဘုရား။

ဘ, ဟူသည်ကား—ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား။

မ, ဟူသည်ကား—မစ္ဆုမာရ်ကို အောင်မြင်တော် မူသော မြတ်စွာဘုရား။

ယ, ဟူသည်ကား-သရက်ဖြူပင်ရင်းတွင် တိတ္ထိတို့အား ရေမီး, အစုံအစုံ ယမိုက်ပြာဋိဟာကို ပြတော်မူသော မြတ်စွာဘုရား။

ရ, ဟူသည်ကား—ရောင်ခြည်တော်ခြောက်သွယ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

လ, ဟူသည်ကား—လူ သုံးပါးတို့တွင် တုဘက် ပြိုင်ဘက် ကင်းတော်မူသော မြတ်စွာဘုရား။

ဝ, ဟူသည်ကား—ဝသုန္ဓြေ မြေနတ်သားသည် သက်သေခံ ပြု၍ မာရ်နတ်မင်းချခံသည်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။

သ, ဟူသည်ကား—သစ္စာလေးပါး တရား အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဟ, ဟူသည်ကား—ဟန္သဒါနိဘိက္ခဝေပါဠိတော်လာသည်နှင့် အညီရဟန်းအပေါင်းတို့ကို ဆုံးမတော်မူသော မြတ်စွာဘုရား။

ဠ, ဟူသည်ကား—လပြည့်ဝန်းကဲ့သို့ပြည့်ထွန်းသောမျက်နှာ တော်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား။

အ, ဟူသည်ကား -ခနအရှက်မတက်မီအာသဝေါကင်းကွာ၍ အာသဝက္ခယဉာဏ်ကို ရတော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com



ကံ့စသောဗျည်း ၃၃ လုံးသည် ထင်ရှားရှိနေသောကြောင့် ယခုသာသနာတော်၏ အတွင်းမှာ အဆီအနှစ်အရသာ ပေါ်ပေါက်လာကြောင်းကိုသိရမည်၊ဗျည်း ၃၃-လုံးကို နေ့စဉ်မပြတ် ရွတ်ဖတ်ဆရဇ္ဈာယ်သော သူတို့မှာ ယခုလောကဥ်ချက်ချင်း ဒိဋ္ဌ ဓမ္မစီးပွားတိုးတက်၍ ကပ်ကြီးသုံးပါးတို့မှ လွဲကျော်နိုင်နင်းပါသည်၊ လောကုတ္တရာမှာ မဂ်ဖိုလ်ကို လျင်မြန်စွာရောက်နိုင်ပါသည်။

## သတ္တဋ္ဌာန ဘုရားရှိခိုး

ပဌမံ ဗောဓိပလ္လင်္ကံ၊ ဒုတိယဉ္စ အနိမိသံ။

တတိယံ စင်္ကမဋ္ဌာနံ၊ စတုတ္ထံ ရတနာဃရံ။

ပဥ္စမံ အဇပါလဉ္စ၊ မုစလိန္ဒဉ္စ ဆဋ္ဌမံ။

သတ္တမံ ရာဇာယတနံ၊ သတ္တဋ္ဌာနံ အဟံ နမေ။

ပဌမံ၊ ရှေးဦးစွာသော။ ဗောဓိပလ္လင်္ကံ၊ အတောင်တစ်ရာကြီးစွာမြင့်ခေါင် ဗောဓိညောင်မှ လေးတောင် ထွာစန်း သေံခန်းဝယ် ခြူပန်းခြူနွယ် အံ့ဖွယ်ရတနာ ဆန်းကြယ်စွာသား သစွာလေးဆင့် ပွင့်တော်မူရာပလ္လင်သာကို လည်းကောင်း။

၂။ ဒုတိယံ၊ နှစ်ကြိမ်မြောက်သော။ အနိမိသဉ္စ၊ ရွှေညောင်ရှက်စိမ်း ငါးမာရ်ငြိမ်း၍ ရှေ့ယိမ်းမြောက်တွင် သေခွင်ဝယ် ပလ္လင်ရတနာ မာရ်အောင်ရာဟု သကျာဓိပတိ တွတ်ဘုန်းရှိလျှင် မျက်စိမမှိတ် ဖိုလ်စိတ်ရည်ရော် ရပ်တန့်မျှော်၍ နေတော်မူရာ အနိမိသာ ရပ်ခန်းဝါကိုလည်းကောင်း။

၃။ တတိယံ၊ သုံးကြိမ်မြောက်သော။စက်မဋ္ဌ၊ ဗောဓိပင်မှ အနိမိသ ဌာနန်နှစ်ပါး အလယ်ကြားတွင် အလျားရှေ့နောက် အခေါက်ခေါက်လျှင် တန့်ထောက်မနားစင်္ကြံသွား၍ရွှေဖဝါး တော်ကြာ စင်္ကြံရာဟု ရတနာအတိ ဝင်းပြောင်ညီသား သိရှိ လျှံဝါ စင်္ကြံသာကိုလည်းကောင်း။

၄။ စတုတ္ထံ၊ လေးကြိမ်မြောက်သော။ရတနာဃရဋ္ဌ၊ ဗောဓိပင် မှ၊ သမီပဟု သာလုံမြေပြင်ဗာဟု၂ ပ်ခွင်ဝယ်ခဲအင်လုစွာ ဘိဓမ္မာ ကို စိတ်ဖြာခွဲခြမ်း ဉာဏ်တော်လျှမ်း၍ စူးစမ်းဆင်ခြင်စံပျော် ရှင်ရာ ရတနာဃရ ကျော်ပေါက်ပြသား ဒေဝဖန်ဆင်းရွှေအိမ် နန်းကိုလည်းကောင်း။

၅။ ပဉ္စမံ၊ ငါးကြိမ်မြောက်သော။အဇပါလဋ္ဌ၊ ဗောဓိပင်မှ ပုဗ္ဗဒိသာ ရှေ့မျက်နှာ၌ ကောင်းစွာရောက်ထ မြမြ သန်းသန်း ရွှေရည်ဆန်းသို့ ရိပ်နန်းဝင်းပြောင် ဆိတ်ကျောင်း ညောင်မှာ မြောက်ပေါင်ထွန်းပသုံးလူ့ ဘာဟုရသမွေ့ လျော်နေတော်မူမှန်း အရပ်ဆန်းကိုလည်းကောင်း။

၆။ ဆဋ္ဌမံ၊ ခြောက်ကြိမ်မြောက်သော။မုစလိန္ဒဋ္ဌ၊ ရွှေ၊ငွေ၊ သန္တာ၊နီလာ၊ပတ္တမြား ငါးပါးအရောင် ဝင်းဝင်းပြောင်သား ရွှေညောင်တော်ရှေ့ တောင်စပ်ကွေ့တွင်ချမ်းမြေ့ မိုးသီးပြင်း ရွာသွန်းခြင်းကို ရေမင်းနာဂါ ပါးပျဉ်းကာ၍ချမ်းသာရိပ်မြုံ ပျော်ပိုက်ထုံသည် မုစလိန္ဒာ ရွှေကြာနံ့လှိုင် ပန်းစုံအိုင်ကို လည်းကောင်း။

၇။ သတ္တမံ၊ ခုနစ်ကြိမ်မြောက်သော။ ရာဇာယတနဋ္ဌ၊ တနာ သိရီဗောဓိပင်ဝန်း၊တောင်ရပ်စွန်းတွင် လင်းလွန်းမြည်

http://www.dhammadownload.com



ပင်ရိုတ်ခို၍ ပြဟ္မစိုရ်လေးစုံ တရားထိုလျက် သုံးဘုံဆောင်ငှနင်း၊ တရားမင်း၏ပျော်ခင်းစံရာ ရတနာဃရ ရပ်ဇေယျကို လည်း ကောင်း။ ဠတိသတ္တဌာနံ၊ ဤသို့မြွက်စွာ ထိုဝိအပ်ရာသား ရတနာထူးလည် ရပ်ခုနှစ်မည်ကို။ အဟံ၊ ဘုပည့်ဒေတာ်သည်။ နမေ-နမာမိ၊ ကုမုဒြာ ရွှေကြာပွင့်ငုံ ဆယ်ချောင်းရုံလျက် ကြည်ယုံမြတ်နိုး ဦးထွပ်မိုး၍ ရှိခိုးပါ၏ ဘုရား။

## ဖြစ်တော် ပေါင်းချုပ် ဘုရားရှိခိုး

အစကြိုးကြာ၊ ဆယ့်ခြောက်ခါနှင့်၊ ဟသံကိုးဖြစ်၊ ခြောက်ဖြစ်ကား ခို၊ ကြေးညိုသုံးခါ၊ သံသာကျူးဟိတ်။ ကရဝိက်ငါး၊ လေးကား ကိန္နရီ၊ စာမရီဆယ့်ငါး၊ မျောက်ကားတစ်ဆယ်၊ ဆင်ဝယ်ဆင့်တစ်၊ နွားဖြစ်ဆယ့်လေး၊ ခေကာသိန္ဓဝ၊ ကျဲအင့္ဂာသည်၊ သံမြဿခညာင်း၊ ဥဒေါင်း နှစ်ခါ၊ သာလိကာ ဘတ္တ၊ ဒွါဒသဲကြက်။ စက်ဆစ်ဆယ့်သုံး၊ ပေါင်းရုံများလှ၊ တရာ့သုံးဆယ်၊ ခြောက်ဖြစ်ဝယ်တွင်၊ အန္တရာယ်ကင်းဘိ၊ ဘေးမရှိသည့်၊ မုနိဘွဲ့တော်ထား၊ မြတ်ဘုရားကို။ အဟံ၊ ကျွန်ုပ်သည်၊ နမာမိ၊ ရှိသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

## ရွှေစက်တော် ဘုရားရှိခိုး

မင်္ဂလာဗဟို၊ လေးရောင်စိုးသား၊ မြင်းမိုရ်ရပ်ဌာန်၊ သတ္တရဘန်နှင့်၊ မှတ်ဉာဏ်နိုင်းဆီ၊ တိုင်းမရ၍၊ ဂုဏာဝေခဇာ်၊ ဟိုးဟိုးကျော်သား၊ ရှင်ဓတော်ဇိန၊ အမိတသျှင်၊ ပုဏ္ဏမဒေထရ်၊ တောင်းပန်သည်ကြောင့်၊ ရွှေပြည်သာလွန်၊ တိုင်းမြတ်မွန်ဝယ်၊ တံခွန်မှန်ကင်း၊ ဂုဏ်ဆောင်လင်း၍၊ သတင်းကျော်လှ၊ ဝါဏိဇ္ဇဟု၊ ဂါမရပ်သာ၊ ကာဠနာဟု၊ မြဒေဝါဖန်တီး၊ ပြာသာဒ်စီး၍၊ ခရီးဝေဟင်၊

ကြွခဲ့နှင်သော်၊ညီခင်စူဠပုဏ်၊၊ သဒ္ဒါဟုန်ဖြင့်၊ ကြည်ယုံမျိုးစစ်၊ လက်လေးဆစ်လျှင်၊ အနှစ်ကျော်ရှိန်း၊ ဖိုးတစ်သိန်းဟု၊ တွက်ကိန်းမှန်လှ၊ စန္ဒနတည့်၊ လျှံကြွန့်ထူ၊၊ သင်းထုံ မြူးသည်၊ စန္ဒကူးဝိဟာ၊ ကျောင်းတော်သာကို၊ လှူဒါပုညဲ၊ကုံကြွေးချ၍၊ ပြန်ကြွမည့်ခါ၊ ပူဇော်ရာသို့၊ နမ္မဒါနဂါး၊ တောင်းပန်ငြားကြောင့်၊မြစ်နားနမ္မဒါ၊ခြေတော်ရာကို၊ ဘာဂဝါလူ့ဘာ၊ တစ်ဆူချ၏။ ထိုမှတဖန်၊ မြန်းကြွပြန်သော်၊ သစ္စဗန်ထောင်၊ တောင်းပန်သည်နှင့်၊ လျှံစည်မြန်စ်၊ ဇမ္ဗူရာဇ်သို့၊ သစ္စဗန္ဓ၊ ပဗ္ဗတဉ္စကေပါဒါ၊ တစ်ဆူသာသည့်၊ ဓိဇဝါပီတောက်၊ ပန်းကြက်မောက်နှင့်၊ညွှန့်ညှာကစ်စွယ်တော်၊မြတ်ကံ့ဂေါ်တို့၊ မြိုင်ပေါ်ထုံသင်း၊ ရဂုံတွင်းဝယ်၊ ခက်ချင်းညွတ်ဝေ၊ စမ်းနှင့်ရေလည်း၊ ရစ်ခွေလကျ်ာ၊တိမ်ဝလာတို့၊ရွှန်ဖြာပဏ်ဝိုက်၊ မိုဃ်းဖြိုက်ဖြိုက်နှင့်အလိုက်စဉ်စီ၊ ငွေနှင်းချီသော်၊ ရီရီမောင်းမောင်း၊ ပြသာဒ်ကျောင်းဝယ်၊ ကိန်းအောင်းမွေ့လျော်၊ မန်းစက်တော်ကို၊ ညဉ့်သော်မမေ့ပူဇော်လေ့ဖြင့်၊နေ့ခါမြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ဘေးမျိုးမသန်း၊ရွှေပြည်နန်းသို့၊ဖြောင့်တန်းမသွေ၊ ရောက်ရစေသောမြတ်ရှင်စော၊ သြကာသ၊ သြကာသ၊ သြကာသ။

## ရွှေတိဂုံစေတီတော် ဘုရားရှိခိုး

အောင်ကြောင်းမင်္ဂလာ၊ အောင်ဗေဒျာတည့်၊ မဟာမုနိ၊ တုမရှိလျှင်၊ ဗောဓိညောင်ရွှေ၊ ပလ္လင်မြေမှ၊ လှည့်ချွေစိုးစံ၊ သတ်ဌာနံတွင်၊ ခက်လျှံညွန့်ဝေ၊ လင်းလွန်းမြေဝယ်၊ နေစဉ်အခါ၊ဥက္ကလာမှ၊ သမ္ဘာတူးလှ၊ တဖုဿနှင့်၊ ဘလ္လိကမောင်၊ ညီနှင့်နောင်တို့၊ဘုန်းခေါင်းထံပါး၊ ရောက်လာငြား၍၊ နှစ်ပါး

http://www.dhammadownload.com



မွေးထုံ၊သရဏဂုံနှင့်၊ ရှစ်စုံဆံမြတ်၊ သရီရဓာတ်ကို၊ ရလတ်သော အခါ၊မင်းမြတ်စွာနှင့်၊ ဒေဝါအမျှား၊ မိုဃ်းသိကြားတို့၊ ကြိုးစားမယုတ်၊လွန်အားထုတ်၍၊ သိင်္ဂုတ်တောင်တွင်၊ တိဂုံရှင်ကို၊ မူးမြင်စေငှာ၊ဌာပနာ၏၊ ရွှေးခါရိတ်မြုံ၊ စံကြွတုံသည်၊ သံဂုံ ပရှင်၊ထွတ်သခင်တို့၊ နောင်လျှင်မျှော်ဆ၊ ကောင်းကျိုးရဖို့၊မမှ ကရိုက်၊ခြောက်ရောင်ဆိုင်နှင့်၊ ဆင်းပိုင်ရေသနုပ်၊ဆန်းစွာ လုပ် သည့်၊ လက်ဆုပ်တောင်ဝေ့၊ ဂုဏ်ရောင်ပြေးလျက်၊ ကြိုင်မွှေး ပျံ့ဆင်း၊ကျောင်းတောင်မင်း၌၊သီတင်းသုံးရာ၊ မှန်ခဲ့ပါ၏၊ လေးခြာ စုပုံ၊တေးဓာတ်စုံသား၊တိဂုံဆံရှင်၊ မြတ်သခင်ကို အိပ်လျှင်ရှိခိုး၊ နိုးလျှင် မိဋ္ဌာန်ပြည်နိဗ္ဗာန်ကို၊ အမှန်ရောက်ရပါလိုသောမြတ်ရှင့် စော၊ သြကာသ၊ သြကာသ၊ သြကာသ။

## ကျိုက်ထီးရိုးဘုရားရှိခိုး

မင်္ဂလာမဏ္ဍိုင်၊ ခြောက်ရောင်ဆိုင်းသား၊ ဘုန်းလှိုင်းသိင်္ဂီ၊ မပွင့်မီက၊မဟီရောင်ဟုန်၊သားမျိုးစုံသည်၊ သထုံနဂရ၊ ထိုဌာန ဝယ်၊နှာမထင်စွာ၊သုပိန္နာဟု၊ အောင်ချာ ပြည်ကြီး၊ လွန်အံ့ချီး လျက်၊စည်းထီးခရိုင်၊အုပ်ချုပ်ပိုင်သည်၊ရန်နိုင်စိုးပ၊ မင်းတိဿ၏ တိဿသားတော် ရသေ့ကျော်လျှင်၊ တောပျော်ခန်းဝါ ဘုန်း သမ္ဘာရကြောင့်၊ မြတ်စွာဇိနုံ၊ အာကာသယံမှ၊ ယာဉ်ပျံ့ နဝရတ်၊ စိန်ပြာသာဒ်နှင့်၊ထိန်လျှင်ဝါဝင်း၊ ဆိုက်လာခြင်းဖြင့်၊ ဝပ်စင်း ကော်ရော်၊ တောင်းပန်သော်လျှင်၊ ဆံတော်မြနှစ်ရသည်ဖြစ်၍၊ ဆယ့်နှစ်ဝသဘင်၊ထိပ်ထက်တင်မှ၊နတ်ရှင်သနင်း၊ သိကြားမင်း နှင့်၊လူ့မင်းရသေ့၊သူတော်လေ့ဖြင့်၊ ချမ်းမြေ့သာစည်၊ ဘုရား တည်သား၊အမည်ကျော်ဟိုး၊ကျိုက်ထီးရိုးဟု၊ တန်ခိုးလွှမ်းပတ်၊

http://www.dhammadownload.com



စေတီမြတ်ကို၊မပြတ်နေ့ညသတိရလျက်၊ဦးချကြိမ်ဖန်၊ အတန်တန်ကြောင့် နိဗ္ဗာန်ထုတ်ပေါက်၊ ဘနံ့ရောက်၍၊ မျက်မှောက်ပြုရပါလိုသော မြက်ရှင်စော၊ ဩကာသ၊ဩကာသ၊ဩကာသ။

## မဟာမြတ်မုနိ ဘုရားရှိခိုး

မင်္ဂလာအောင်စည်၊ ဆော်ရွမ်းလည်သား၊ ရွှေမြည်မဏ္ဍိုင်၊ ကြံ့ကြံ့ခိုင်၍၊ထုကြိုင်ဆန်းတင့်၊ ဖြိုးဖြိုးမြင့်လျက်၊ ထွန်းလင်းရောင်ရှိန်၊ဝင်းဝင်းထိန်သား၊ အာလိန်မြရိပ်၊ မြင်းမိုရ်ထိပ်ဝယ်၊ ဒိဗ္ဗိသာရ၊ ဝါသဝဟု၊ သက္ကစံရာ၊ ဝတိသာသို့ သိင်္ဂါရစ်ခွေ၊ လျှမ်းလျှမ်းဝေသည်၊ပြည်ရွှေအမတ၊နိဗ္ဗာနသို့၊ ပဌမဘုန်းဟော့၊ ဘုံသတော့၏အိမ်ရွှေ့ဥပရာ၊ ဓာရုန်လှသည်၊ သက္ကရာဇ်ထောင်ဝယ်၊တစ်ရာဆွယ်၍၊ လေးဆယ်နှင့်ခြောက်၊ အခါမြောက်တွင်၊ ထိန်ဓာတ်ဝေဆာ၊ပြည်ဓညာမှ၊မဟာမုနိ၊ မာရဇိကို၊ ပင့်ချီကြလာ၊ ကိန်းအောင်းရှာ၏၊ မြတ်စွာဘုန်းကြွယ်၊ အံ့ဩဘွယ်ကား၊ ရွှေ့ဝယ်ရေဖျန်း၊ မဖြတ်ဆန်းတည်း၊ မျက်ကန်းပမာ၊ လူမိစ္ဆာတို့၊ ရွှေ့မှာမှောက်ခို၊ မျက်တော်ညို၏၊ ထိုလူအများ၊ မရှိငြားမှ၊ ဆင့်ပွားရောင်ဝါ၊ ကွန့်မြူးလာခဲ့၊ သဒ္ဒါကြီးသူ၊ ပူဇော်မှုကား၊ လျှံလူတန်ခိုး၊ တက်၍တိုး၏၊ မိုဃ်းဝလာမြင်၊ ထက်ကောင်းကင်သို့၊ လေတွင်ပျော်ပါး၊ ငှက်အများတို့၊ ဘုရားထက်မှန့်၊ မပျံဝံ့တည့်၊ ပတ်လုံးတောဇော်၊ ရွှေ့မှောက်တော်၌ ပျက်ချော်မှုသား၊ကျိန်တွယ်ငြားက၊ ထင်ရှားအမှန်၊ သွေးပွက်အန်ခဲ့၊ သဏ္ဌာန်တူအောင်၊ သွန်းလုပ်ဆောင်အံ့၊ ရှည်ယောင်ပြုငြား၊ ထိုဘုရားသည်၊ ပျက်ပြားမှုချ၊ ဖြစ်လာရ၏၊ တေဇတက်

http://www.dhammadownload.com



ကြွား၊ ဤဘုရားနှင့်၊ မခြားလျှ လူ၊ တန်ခိုးတူဟု၊ ယှဉ်မှုမကြွား၊ ကွဲအက်ရှားခဲ့၊ မြတ်စွာပရမေ့၊ ပူဇော်လေ့ဖြင့်၊ နေ့ရှိသမျှ၊ ရွှေမှုမ်းချလည်း၊ ဖူးရတင့်တယ်၊ လွန်သပ္ပါယ်၏၊ အံ့ဘွယ်ကိုးအင်၊ တန်ခိုးထင်၍၊ လူရှင်တတွေ၊ ပန်းဝေဝေနှင့်၊ သပြေစိုက်ထိုး၊ ညောင်ရေအိုးဝယ်၊ မညှိုးယခင်၊ လန်းလန်းဆင်လျက်၊ ကြည်ရွှင်ဝမ်းသာ၊ ရေတနာဖြင့်၊ သဒ္ဒါရဲရဲ၊ ဆွမ်းတော်ပွဲကို၊ အမြဲသန့်စင်၊ ထိပ်ထက်တင်လျက်၊ နေဝင်တချက်၊ အရုဏ်တက်တွင်၊ ဆော်နှက်စည်ခေါင်းလောင်းသံလည်း၊ မိုးဃံ့ယံငြိမ့်ငြိမ့်၊ တိုင်းလုံးစိမ့်မျှ၊ နှစ်သိမ့်လှစွာ၊ ဘုန်းတေဇာနှင့်၊ မဟာမုနိ၊ တုမရှိကို၊ ဦးထိပ်ဒုံ၊ ဆယ်ပန်းငုဖြင့်၊ ကြည်ယုံထိပ်ပန်၊ အဝိဇ္ဇာန်သည်၊ နိဗ္ဗာန်ရောက်ရပါလိုသော၊ မြတ်ရှင်စော၊ သြကာသ၊ သြကာသ၊ သြကာသ။

## အနန္တငါးပါး ဘုရားရှိခိုး
## ဘုရားရှင်အတွက်

ဗုဒ္ဓဂုဏော အနန္တောဟု၊ ကျော်စောထင်ရှား၊ သုံးပါးရပ်သူ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်ဘောင်သို့၊ ရွှေဖောင်မဂ္ဂင်၊ သဘောယာဉ်နှင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည်၊ နတ်၊ လူတို့ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို။ အဟံ တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

## တရားတော်အတွက်

ဓမ္မဂုဏော အနန္တောဟု၊ တည်သောကမ္ဘာ၊ သတ္တဝါ လူ၊ နတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြွင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာ

သံယော၊ကိလေသာမှု၊ဆေးကြောသုတ်သင်၊မြူမတင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားမြတ်ကို။ အဟံ၊တပည့်တော်သည်။ ဝန္ဒေ—ဝန္ဒာမိ ၊ရှိခိုးပါ၏ အရှင်ဘုရား။

## သံဃာတော်အတွက်

သံဃဂုဏော အနန္တောဟု၊ လောဘ,ဒေါသ၊ မောဟကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ဘဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မှန်ထေရ်ကျော်၊ သံဃာတော်တို့၊ ဂုဏ်တော်ကြီးစွာ၊ အနန္တကို။ အဟံ၊တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ရှိခိုးပါ၏အရှင်ဘုရား။

## မိဘအတွက်

မာတာပိတုဂုဏော အနန္တောဟု၊ အပြောကျယ်စွာ၊သံသရာဝယ်၊ မာတာပိတာ မိနှင့်ဖတို့၊ ရေကြည်ကလုလ၊ တည်ဦးစက၊ ချီ,ချဉ်,ပွေ့,စပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ အစာဆိမ့်အေး၊ နို့ချိုပေး၍၊ မွေးသည်မိခင်၊ ကျေးဘရှင်ကို၊ အဟံ၊တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

## ဆရာသမားအတွက်

အာစရိယဂုဏော အနန္တောဟု၊ မိန့်ဟောအရ၊ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာစလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံမျို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်ဒေသာကပ်၊ လေးရပ်အပါယ်၊ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ဟုတ်မှာအဖြာဖြာကို၊ ခေမာဘုမ္မိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်

http://www.dhammadownload.com



သောင်သို့ ရောက်အောင်ပြုညွန်၊ သွန်ဆင်ပေတတ်၊ ဆရာမြတ်ကို၊ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ–ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

### ခုနစ်နေ့ ဘုရားရှိခိုး

ကြာသပတေး။ ။သုံးလူ့ရှင်ပင်၊ကျွန်းထိပ်တင်၊သောင်းခွင်စကြဝဠာ၊နတ်ဗြဟ္မာတို့၊ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊နတ်လူငြိမ်းဘို့ ကိန်းပါကို။

သော်ကြာ။ ။သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ခြောက်ဆယ့်ရှစ်ကုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊လုမ္ဗိနီဥ္၊မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့ လမ်းပါကို။

တနင်္လာ။ ။ဖွားမြင် ခြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊မျိုးနွယ်၌၊ သုံးသွယ် ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊စုံမြှိုင်ပင်ရိပ် ခန်းမှာကို။

ဗုဒ္ဓဟူး။ ။တောရပ်မှိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန် လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ ပလ္လင်ဘွဲ့ထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျော်က၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို။

http://www.dhammadownload.com



**စနေ။** ။ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်ဆောင်း၊ တိုက်အမောင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့တွင်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို၊

**အင်္ဂါ။** ။တရားနတ်စည်၊ ဓဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ မောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြွစ်းစုံ၍၊ ကဆုန်လပြည့်အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှန်းဆူသောင်းလုံးကျော်တယ်ကို။

**တနင်္ဂနွေ။** ။နိဗ္ဗူစံပြီး၊ ရှုမအိသား၊ သိင်္ဂီရွှေလှော်၊ အခသင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍ ဂဋ္ဌုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်စတေဇောလျှင်၊ ရှင်မဟာညာဏ်စက်၊ ဓိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေ့တော်ရှစ်စိတ် ကြွင်းတယ်ကို။

ထိုခုနှစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာနှင့်၊ သဒ္ဒါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်....။

http://www.dhammadownload.com



## ခင်ပွန်းကြီးဆယ်ပါး ဘုရားရှိခိုး

ဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါ စ၊ အရဟာ အဂ္ဂသာဝကာ။
မာတာ ပိတု ဂရု သတ္ထာ၊ ဓမ္မဒေသကာ စ ဒါယကာ။
ဣမေ ဒသ မဟာဂုဏော၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ဗုဒ္ဓေါ စ၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်လည်းကောင်း။ ပစ္စေကဗုဒ္ဓေါ စ၊ ကိုယ်တိုင် သစ္စာသိပြီးပါလည်း ဟောကာမပြ သီးခြားရသော ပစ္စေကာဗုဒ္ဓါ လည်းကောင်း။ အရဟာ စ၊ အာသဝေါကုန်ခန်း ရဟန္တာအရှင်လည်းကောင်း။ အဂ္ဂသာဝကာ စ၊ လက်ဝဲလက်ယာ ခြံရံကာဖြင့် ပညာတန်ခိုး စိုးမိုးထက်လှ အဂ္ဂသာဝကာတို့ လည်းကောင်း၊ မာတာ စ၊ ကိုးလလွယ်ရ ဆယ်လဖွားကာ အစာဆိမ့်အေး နို့ချိုပေး၍မွေးသည့် မိခင် ကျေးဇူးရှင် လည်းကောင်း။ ပိတု စ၊ လူလားမြောက်အောင် လုပ်ဆောင်ကျွေးမွေး ပညာပေးသည့် မွေးသည့်ဖခင် ကျေးဇူးရှင်လည်းကောင်း၊ ဂရု စ၊ ချမ်းသာရန်တွေး ပညာပေးသဖြင့် အရေးအမြတ်ပူဇော်အပ်သောဆရာလည်းကောင်း။ သတ္ထာ စ၊ လိမ္မာစေ[illegible] ကျိုးကြောင်းပြလျက် ဆုံးမပေတတ် ဆရာမြတ် လည်းကောင်း။ ဓမ္မဒေသကာ စ၊ သံသရာစခန်း သွားရာလမ်း၌ ဖြောင့်ပန်းအောင်ရန် ရည်သန်ညွှန်ကြား မမှောက်မှား ရအောင် တရားဟောဖော်တတ်သောသူ လည်းကောင်း။ ဒါယကာ စ၊ စားရေး, နေရေး, မနှောင့်နှေးရအောင် ပေးကမ်းတတ်သော သူလည်းကောင်း။ ဣမေ ဒသ မဟာဂုဏော၊ ကျေးဇူးစုပုံ ဆပ်မကုန်သည့် ဂုဏ်အင်မြင့်ကျူး ဤဆယ်ဦးသော သူတို့ကို။ အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ၊ နေ့ညဥ့်မပြတ် အချင်းခပ်သိမ်း။ ဝန္ဒာမိ၊ ကျေးဇူးယှက်မြေး စိမ့်စိမ့်တွေးလျက်မြတ်လေးကြည်ညို

သဒ္ဒါဟုန်ဖြင့် လက်ဝံ့ ၊ ပျပ်ဝပ်လျှိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

### နမက္ကာရပါဠိအနက်

သုဂတံ သုဂတံ သေဋ္ဌံ၊ ကုသလံ ကုသလံ ဇဟံ။
အမတံ အမတံ သန္တံ၊ အသမံ အသမံ ဒဒံ။
သရဏံ သရဏံ လောကံ၊ အရဏံ အရဏံ ကရံ။
အဘယံ အဘယံ ဌာနံ၊ နာယကံ နာယကံ နမေ။

သုဂတံ၊ ကောင်းသောစကားကိုလည်း ဆိုတော်မူတတ်ထသော၊ သုဂတံ၊ ကောင်းသော နိဗ္ဗာန်တို့လည်း ကြွသွားတော်မူတတ်ထသော။ သေဋ္ဌံ၊ ချီးမွမ်းအပ် မြတ်တော်မူထသော။ ကုသလံ ကုသလံ၊ ကုသိုလ် အကုသိုလ်ကို။ ဇဟံ၊ စွန့်တော်မူပြီး ထသော။ အမတံ၊ သေခြင်းလည်း ကင်းတော်မူပြီး ထသော။ အမတံ၊ တရားတည်းဟူသော အမြိုက်အရသာနှင့်လည်း ပြည့်စုံတော်မူပြီးထသော၊ သန္တံ၊ ငြိမ်သက်တည်ကြည်သောနှလုံးလည်း ရှိတော်မူထသော။ အသမံ၊ အတူလည်းမရှိထသော။ အသမံ၊ အတူမရှိသောမဂ်ဖိုလ်နိဗ္ဗာန်ကို။ ဒဒံ၊ ပေးတော်မူတတ်ထသော။ သရဏံ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာလည်းဖြစ်တော်မူထသော။ လောကံ၊ လောကသုံးပါးကို။ သရဏံ၊ အကြွင်းမရှိသိတော်မူတတ်ထသော။ အရဏံ၊ ကိလေသာတည်းဟူသောမြူလည်း ကင်းစင်တော်မူပြီးထသော။ အရဏံ၊ ကိလေသာမြူ၏ ကင်းခြင်းကို။ ကရံ၊ ပြုတော်မူတတ်ထသော။ အဘယံ၊ ဘေးလည်း မရှိထသော။ အဘယံ၊ ကိလေသာတည်းဟူသော ဘေးကင်းရာဖြစ်သော။ ဌာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ နာယကံ၊ ပို့ဆောင်တော်မူတတ်ထသော။ နာယကံ၊ နတ်, လူ, ဗြဟ္မာသတ္တဝါတို့၏

http://www.dhammadownload.com



ကိလေသာမြူမှ ကင်းခြင်း၏ အမှူးဖြစ်တော်မူသော မြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်။ နမေ-နမာမိ၊ ရှိခိုးပါ၏။

နယနံ သုဘကာယင်္ဂံ၊ မဓုရဝရသရေပေတံ။
အမိတဂုဏ ဂဏာဓာရံ၊ ဒသဗလမတုလံ ဝန္ဒေ။

နယနံ သုဘကာယင်္ဂံ၊ မျက်စိအာရုံ တင့်တယ်စွာသော ကိုယ်တော်၏ အစိတ်လည်း၊ ရှိတော်မူထသော။ မဓုရဝရသရေပေတံ၊ သာယာနာပျော်ဖွယ်သော မြတ်သော အသံတော်နှင့်လည်းပြည့်စုံတော်မူထသော။ အမိတဂုဏဂဏာဓာရံ၊ မနှိုင်းယှဉ်အပ်သော ဂုဏ်တော်အပေါင်းတို့၏ တည်ရာလည်း ဖြစ်တော်မူထသော။ အတုလံ၊ သီလ အစရှိသော ဂုဏ်ကျေးဇူးတော်တို့ကြောင့် တစ်စုံတစ်ယောက်သောသူနှင့် တူတော်မူထသော။ ဒသဗလံ၊ ဆယ်ပါးသော အားတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုအဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိရှိခိုးပါ၏။

ဒယာလယံ သဗ္ဗဒိ ဒုက္ကရံ ကရံ။
ဘဝဏ္ဏဝါတိက္ကမ မဂ္ဂတံ ဂတံ။
တိလောကနာထံ သုဓမာဟိတံ ဟိတံ။
သမန္တစက္ခုံ ပန မာမိ တံ မိတံ။

ဒယာလယံ၊ မဟာကရုဏာတော်၏တည်ရာလည်း ဖြစ်တော်မူထသော။ သဗ္ဗဒိ၊ ခပ်သိမ်းသောကိုယ်တော်၏အဖြစ်၌။ ဒုက္ကရံ၊ ပြုနိုင်ခဲသောပါရမီဆယ်ပါး,စွန့်ခြင်းကြီးငါးပါး,စရိယသုံးပါးကို။ ကရံ၊ ပြုတော်မူထသော။ ဘဝဏ္ဏဝါတိက္ကမံ၊ ဘဝသုံးပါးတည်းဟူသော မဟာသမုဒ္ဒရာကိုလည်း လွန်မြောက်တော်မူပြီးထသော။ တိလောကနာထံ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာလည်း ဖြစ်တော်မူထသော။ သုဓမာဟိတံ၊ ကောင်းစွာတည်ကြည်သော

http://www.dhammadownload.com



သမာဓိလည်းရှိတော်မူထသော။ ဟိတံ၊ လူသုံးပါးတို့၏အကျိုးစီးပွားကိုလည်းဆောင်တော်မူထသော။ သမန္တစက္ခု၊ ထက်ဝန်းကျင် မြင်စွမ်းနိုင်သောပညာ မျက်စိလည်း ရှိတော်မူထသော။ အမိတံ၊ လူသုံးပါးတို့တွင် တစ်စုံတစ်ယောက်သော သူနှင့် မနှိုင်းယှဉ်အပ်ထသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ပနမာမိ၊ ရှိခိုးပါ၏။

## မြတ်စွာဘုရား ဝါဆိုစဉ်

ဩကာသ, ဩကာသ,၊ သုံးလူ့ထွတ်တင်၊ မြတ်ရှင်ပင်သည်၊ ချစ်ရှင်ဓမ္မရာဇ်၊ ဘုရားဖြစ်၍၊နှစ်လေးဆယ့်ငါး၊လူ့နတ်များကို တရားမြွက်ဖော်၊ ကျွတ်တန်းခေါ်သည်၊ ဝါတော်အစ၊ ပထမကား၊ဓမ္မစကြာ၊ဟောမြွက်ရာသည်၊မိဂဒါဝုန်၊ရဂုံထူပြော၊ သာသည့်တောဝယ်၊ရှင်စောမြတ်စွာ၊ဆိုတစ်ဝါနှင့်၊ ရာဇဂြိုဟ်ပြည်၊ ကြွလေအည်မူ၊ထူးအည်ပုဂ္ဂိုလ်၊ သုံးဝါဆိုမှ၊ကြည်ညိုလှစွာ၊ဗိမ္ဗိသာလည်း၊သဒ္ဒါဆွဆွ၊ တရားရ၍၊ စေ့ထလေးငါ၊ တစ်ခါစက်၍၊ အာဠဝီသို့၊မမှိုပြိုင်ထောက်၊ကိုယ်တော်ရောက်က၊အံ့လောက်ကြည်ညို၊တစ်ဝါဆိုမှ၊ငါးငါရ၏၊လောကမျက်ရှု၊သဗ္ဗညုသည် မကုဋ္ဌတောင်၊ဘုန်းခေါင်ကြွလေ၊တစ်ဝါနေ၍၊ ခြောက်ဝါစေ့သော်၊ ဘုန်းဟေ့မြတ်စွာ၊ဝတီသာသို့၊ တစ်ခါကြွသွား၊ မယ်တော်အားကို၊တရားဟောကာ၊ခုနစ်ဝါတည့်၊သက်လာလူ့ဌာန် သမ္ဗုဒ္ဓလျှင်၊သံသုမာဂိရိ၊ တွင်ခေါ်ရှိသည့်၊ ကြီးဘိတောင်မှာ၊ ဆိုတစ်ဝါနှင့်၊ ရှစ်ဝါမြောက်က၊ ကြွခဲ့သက်၍၊ ကောသမ္ဗီသို့၊ ကပ်မှီပျော်လို့၊ တစ်ဝါဆို၍၊ ကိုးဝါစေ့သော်၊ ဘုန်းဟေ့အားဆည်း၊ ပလလည်းတော၊ သာလှမေဒဝယ်၊ ရှင်စောမြတ်စွာ၊ ဆိုတစ်ဝါနှင့်၊ ဆယ်ဝါစေ့မြောက်၊ မြတ်ဘုန်း

http://www.dhammadownload.com



တောက်လျှင်၊ ကြွမြောက်တုံက၊ နာဠိပြည်သာ၊ ပုဏ္ဏားရွာဌ်၊
တစ်ခါ ရှင်ချစ်၊ ဝါဆို တစ်သော်၊ ဆယ့်တစ်ဝါရ၊ ဝေ
ရဠုသို့၊ ကြွပြန်တုံလေ၊ တစ်ဝါနေသော်၊ တွက်ရေ သိသာ၊
ဆယ့်နှစ်ဝါနှင့်၊ ဇာလိယတောင်၊ ဘုန်းခေါင်ကြွလေ၊ တစ်ဝါနေ
သော်၊ တွက်ရေဆယ့်သုံး၊ ပြည့်ပြီးဆုံးမှ၊ ဘုန်းကြီးလှစွာ၊
ဘဂဝါလျှင်၊ သာဝတ္ထိပြည်၊ ကြွလေသည်မူ၊ ထူးလည်သာလွန်၊
ဇေတဝန်၌၊ မြတ်မွန်ပုဂ္ဂိုလ်၊ ဝါဆိုတုံပါ၊ ဆယ့်လေးဝါနှင့်၊
မဟာသကျ၊ ကပိလသို့၊ ကြွခဲ့ရောက်လာ၊ နိဂြောဓာဝယ်၊
တစ်ဝါဆိုလေ၊ တွက်ရေသိသာ၊ ဆယ့်ငါးဝါနှင့်၊ တစ်ခါစက်
ချီ၊ အာဠဝီသို့၊ ကပ်မှီတုံမြောက်၊ တစ်ဆယ့်ခြောက်ဝါ၊ ဝေ
သောခါလျှင်၊ စကြာအလို၊ ရာဇဂြိုဟ်သို့၊ ပုဂ္ဂိုလ်မျှားမင်း၊
ရောက်ပြန်လျှင်းသော်၊ ရပ်ဘင်းမှီခို၊ ဝါတော်ဆိုသော်၊ ကြည်
ညိုဖွယ်ရာ၊ ဝါဆယ့်ခုနစ်၊ ပြည့်သည်ဖြစ်၍၊ ရှင်ချစ်မြတ်လှ၊
ဇာလိယသို့၊ ကြွပြန်တုံလေ၊ တစ်ဝါနေသော်၊ တွက်ရေစိစစ်၊
ဝါဆယ့်ရှစ်နှင့်၊ ဖြစ်ခဲ့ဘစ်ဖန်၊ မြတ်မွန်ပုဂ္ဂိုလ်၊ ရာဇဂြိုဟ်သို့၊
မှီခိုတုံလာ၊ နှစ်ဝါထပ်မျှ၊ ရေတွက်ကမူ၊ နှေကြာသိလွယ်၊ ဝါ
နှစ်ဆယ်တည်း၊ ဘုန်းကြွယ်မြတ်စွာ၊ သာဝတ္ထိတောင်၊ ကျောင်း
ဆောင်ဗိမာန်၊ ဇေတဝန်၌၊ မြတ်မွန်လူ့ဆွေ၊ အမြဲနေ၏၊
ဆိုလေသည်မှာ၊ ဆယ့်ရှစ်ဝါတည့်၊ ပုဗ္ဗာရုံကျောင်း၊ သာစည်
တောင်းဝယ်၊ ရှင်ကောင်းပုဂ္ဂိုလ်၊ ခြောက်ဝါဆို၍၊ မဂ်ဖိုလ်
ဆွတ်ချွေ၊ သုံးလူ့ဆွေလျှင်၊ ဝေဠုဝါမ၊ ဥယျာဉ်မ၌၊ နောက်မှ
တစ်ဝါ၊ ပြည်သာဝတ္ထိ၊ ရပ်သီရိတွင်၊ မုနိထွတ်ချော၊ နေပျော်
ရာသည်၊ ဝါနှစ်ဆယ့်ငါး၊ ပေါင်းတုံခြားမှ၊ မြတ်ဖျားဘုန်း
ကြွယ်၊ ချမ်းသာကယ်၍၊ လေးဆယ့်ငါးဝါ၊ ရောက်သည်

http://www.dhammadownload.com



ကြာမှု၊ စိတ်မှာအောက်မေ့၊ရေတွက်ရွေ့လျှင်၊ တစ်နေ့မပြတ်၊ သုံးလုံ့နတ်ကို၊ မလုံးမြတ်ရှိသော၊ ဂါရဝေဖြင့်၊ နေလည်း ဦးတင်၊ အိပ်လျှင်ရှိခိုး၊ နိုးလျှင်ဆောက်တည်၊ စိတ်ကြည်သန့် ရှင်း၊ ကိုယ်ဘွင်းမြဲအောင်၊ သွားတိုင်းဆောင်၍၊ နေသင်နိဗ္ဗု တာ၊ ရောက်ချိပ်ပါသည် လိုရာဆန္ဒ ပြည့်စေသော၊ မြတ်ရှင် စော၊ သြကာသ၊သြကာသ၊

## ရတနာပေါင်းချုပ်

ဩကြောင်း နမော ဘဂဝါ၊ မဟာဗောဓိ၊ တုမရှိသည်၊ မုနိ ဘုန်းလူ၊ သုံးလူဆောင်ဦးနင်း၊ တရားမင်းကို၊ မှန်ကင်းဥသျှောင်၊ ထွတ်ဖျား ဆောင်သား၊ကြီးခေါင် ပညာ၊ ရှင်သာရိပုတ္တရာ၊ လက်ျာ ထေရ်ကျော်၊ တပည့်တော်နှင့်၊ လက်ဝဲတော်တွင်၊ တင်ဘိုစနိုး၊ တန်ခိုးပြင်းထန်၊ မောဂ္ဂလာန်ပြင်၊ ဥပ္ပလဝဏ် မည်ရ၊ ကဿပနှင့်၊ သီလမြဲထွေ၊ ရေထဲနေသား၊ ငြိမ်းပေ ချမ်းသာ၊ မေတ္တာကမ္မဋ္ဌာန်း၊ စီးဖြန်းအားထုတ်၊ ရှင်ဥပဂုတ္တ၊ ကဿပကစ္စည်း နီးဝေးကြိမ်ဖန်၊ နိဗ္ဗာန်ယူကာ၊ နောင်လာ ကြောင်းလျား၊ ဗျာဒိတ်ထားသည်၊ ဘုရားညီမှန်၊ ရှင်အာနန် ကာ၊ ကောဏ္ဍညနှင့်၊ မြင်ကကြည်လင်၊ အရှင်အဿဇိ၊ သိဝလိ အရဟာ၊ ဥပနန္ဒကာ၊ ပိဏ္ဍောလနှင့်၊ ဗုဒ္ဓရက္ခိတာ၊ ဘုရားသည်း ချာ၊ ရာဟုလာကာ၊ အနုရုဒ္ဓါ၊ များစွာထေရ်ပျံ့၊ အရဟာနှင့်၊ ဂဝံပတေ့၊ ရဓသေ့ရှစ်သောင်း၊ဆရာကောင်းတို့၊ ရှုံးပေါင်း ညွှတ်လွှား၊ဦးထိပ်ထား၍၊ ရွှေ့ဖျားဒူရိ၊ ဝန္ဒာမိဖြင့်၊ မြတ်သိ ထင်ပေါ်၊ သွားတော်လေးဆယ်၊ စွယ်တော် လေးချောင်း၊ ညှပ်ရိုးတော် နှစ်ချောင်း၊ မေ့တော် ရှစ်သောင်း၊ ဆံတော် ပေါင်း သုံးကုဋေ ခြောက်သန်း၊ ဓာတ်တော်ပေါင်းရှစ်စရွတ်၊

http://www.dhammadownload.com



မချွတ်မနသွ၊ ဗေဒင်လေးပုံ၊အကုန်အစင်၊ ချစ်ရှင်ဗုဒ္ဓ၊ လုံ့လ
အနှစ်၊ ပထမဖြစ်တော်ငါးရာ၊ ဘာဝနာမြဲမြံ၊ အဘိဓမ္မာ
ခုနစ်ကျမ်း၊ သုတ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ တစ်ကျမ်း
မလပ်၊ များမြတ်ဓမ္မက္ခန္ဓာ၊ ပေစာအပေါင်း၊ ရှစ်သောင်း လေး
ထောင် ကျမ်းကုန်စအောင်နှင့်၊ သာသနာ ငါးထောင်၊ ကုန်
အောင်စောင့်ကြပ်၊ ပိဋကတ်ကို၊ စိတ်မြတ်ကြည်ဖြူ၊ သရဖူ
မကိုဋ်၊ ဦးဦ်ပေါင်းရုံး၊ တင်ပြီးဆုံးမှု၊ အားလုံး ညီညွတ်၊ ရှင်
နတ်မြတ်တို့၊ ထိုမှတပါး၊ သိကြား ဗြဟ္မာ၊ အသုရာနှင့်၊
မဟာစတုလောကပါလာ၊ များစွာစည်းစိမ်၊ အသူရိန်နေမင်း၊
ပလင်းထင်ရှား၊ လနတ်သားနှင့်၊ မိုးဃ်းအားစောင့်ထွေ၊ ရေနှင့်
မြေကို၊ စိုးပေလတ်ရုံ၊ဝိသုကြုံမင်း၊၊ ထန်ပြင်းဆူဝေ၊ စသုန္ဒြေ
ကို၊ သက်သေတည်ရာ၊ ဗြဟ္မာ့နတ့်လူ၊ သိမှတ်မူ၍၊ ပေးလှူ
ရေသွန်း၊ ထိပ်ထက်ဖျန်းကာ၊ လန်းလန်းရှင်မြင်း၊ ရှု နတ်မင်း
တို့၊ ဝါထွင်းဝါပ၊ ငြိမ်းလှုပ်ပိသနိုး၊ ထက်မိုးဃ်းရပ်မှာ၊ အာ
ကာသစို၊ ဘုမ္မစိုးနှင့်၊ ရုက္ခစိုးအညီ၊ စန္ဒီ၊ရမိသွာ၊ မဟာပိန္နဲ၊
ခပဲ့များစွာ၊ မဏိမေခလာ၊ မဟာဝဿဝဒရာ၊ တာဓနာယက္ခ၊
ပုဏ္ဏကနှင့်၊ မတရဌ၊ကုဓဝရတို့၊ စောဇပြင်းစွာ၊ ကဝါလမိုင်း၊
ကြီးခိုင်ခွန်အား၊ ဂြိုဟ်ရှစ်ပါးနှင့်၊ ထင်ရှားစွာလှ၊ယက္ခကုမ္ဘဏ်၊
တန့်ခိုးထန်သည့်၊ နတ်မွန်တို့အား၊ ရှင်ချစ်များကို ကိုးပါး
မျက်ရှင်၊ ရွှေစင်ဂိဝါ၊၊ ရဘနာရောင်မောင်း၊ နားတောင်း
အမှတ်၊ စိတ်မြတ်ကြည်လင်၊ နားဥဆင်၍၊ ပဲပြင်ထက်ဝန်း၊
တစ်ခန်းဘစ်သီး၊ ကျန်းကြီးလေးသွယ်၊ ကျန်းငယ်နှစ်ထောင်၊
မြားမြောင်ရံဆီး၊ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊သမုဒ္ဒရာ၊
သိတာရစ်ပတ်၊ အစနာတတ်နှင့်၊ ပတ်၍ စိုးအည့်၊ အိုင်ကြီး

ရှုနှစ်ခု၊ စတုမဟာရာဇ်၊ နတ်စစ်ပျော်ရာ၊ ဘုံသာဗိမာန်၊ သတ္တ
ရဗ္ဗန်၊ တောင်စဉ်ခုနစ်ထပ်၊ လေးထပ်ဗဟို၊ မြင်းမိုရ်မကျန်၊
ယုဂန္ဓရ၊ စသည်ပေ၊ နတ်ရဲအာပေါင်း၊ တောင်ခေါင်း ဟေမ
ဝန္တာ၊ ကျယ်စွာဝန်းလျှာ၊ ရှင်နတ်များတို့၊ စံစားအညီ၊ ပုလဲ
သီသို့၊လျှံညီးပြိုးပြက်၊ နတ်စက်ရောင်မြူး၊ဆန်းထူးရောင်ခြည်၊
ဆောက်တည်ကြောင်းအင်၊ လက်ဥ္စဆင်ထ၊ ကိုယ်တွင်မြဲကြပ်၊
ခြုံအသည်ဝတ်သို့၊ ရေနတ်မည်ရ၊ ပနဒ္ဒနှင့်၊ ကာလမည်ပင်၊
ကျော်ထင်ရှိန်ဝင်း၊ နဂါးမင်းလည်း၊ ဆန်ရှင်းသောခိုက်၊ပြိုက်
ပြိုက်ဝင်းဝင်း၊ အဆင်းသဲန္တာ၊ နီလာစိန်ကြောင်၊ ထက်ခေါင်
မိုဃ်းယံ၊ လျှံသည်ဘဝဂ်၊ ထွက်သည့်နေဟန်၊ ပြင်းထန်လျှံ
တောက်၊ မရှူစောက်လည်း၊ ပေါင်းသိမ်းဆည်း၍၊ အပြီးစောင့်
ချင်၊ မမြင်လိုရာ၊ ဝိဇ္ဇာဓိုရ်ရ၊ သိပ္ပစုံစီ၊ ဇော်ဂီထပ်ပွား၊ နတ်
တို့အားလည်း၊ များလှသချော်၊ ကုဋေသိန်းသောင်း၊ ပေါင်း
လျက်အဖြောင့်၊ရံ၍စောင့်၏၊တထောင့်မယွင်း၊ စီးနင်းပျံ့ဟုန်၊
ဂဠုန်မင်းအား၊ လေးမြားမီးပေါက်၊ ပစ်ချောက်သောဟန်၊
တောင်သံပြင်းခတ်၊ မုန်တိုင်းလျှပ်သည်၊ ထက်ရပ်ကောင်းကင်၊
အာကာခွင်သို့၊ ပျံ့ချင်မဲ့ဘဲ၊ ချိပ်မဲစောင့်ထွေ၊ ကာ၍နေ၏။

ကြီးထွေခွန်အား၊ လျင်လျှားဘိနို၊ မိုဃ်းကြိုးကျခြင်း၊
ဟောက်ခြင်းပြင်းလှ၊ သီဟရာဇာ၊ မည်တော်သာနှင့်၊ မာန်ပါ
ထန်မြင်း၊ ခြသေ့်မင်းလည်း၊ မြဲခြင်းမကွာ၊ လက်ျာလက်ဝဲ၊
အမြဲရှေ့နောက်၊ ရောက်စိမ့်သည်သာ၊ ဘေးရန်ကာလျက်၊
ရတနာ့သုံးပါး၊ ဦးထိပ်ထား၍၊ သနားဘိသေး၊ မင်းဘေး
မင်းဒဏ်၊ ပူပန်ဘိဌား၊ ဒဏ်ဆယ်ပါးနှင့်၊ ရှစ်ပါးအပြစ်၊
ကျားသစ်,မိကျောင်း၊ မြွေမကောင်းနှင့်၊ ငန်းစောင်း,ငန်း

http://www.dhammadownload.com



ကျား၊ ဓားဘေး လှံဘေး၊ သူခိုးဘေးနှင့်၊ မီးဘေး ရေမွှမ်း၊ မစွမ်းမညီး၊ မိုးသည်းကြိုးလောင်မီး ၊ကြီးသည် လက်နက်၊ နတ်တို့ စက်ကို၊ ချိန်းချက်ဟန့်တား၊ ရှစ်သီကြားလည်း၊ သနားသော ထွေ၊ လွှတ်ပါစေဟု၊ ကာဓပဏ္ဍတ္တာ၊ ကရုဏာကြောင့်၊ဗျာပါ ခပ်သိမ်း၊ ဘေးရန်ငြိမ်း၍၊ မတိမ်းမပါး၊ သွားလေရာရာ၊ မြေမှာခလုတ်၊ သဘာက်တဆွေ၊ တောနေမိစ္ဆာ၊ ရဲစွာဟမ်းစား၊ ဘီလူးများကို၊ ရှားစိမ့်သောငှါ၊ ရောဂါဒုက္ခ၊ ဘယအပေါင်း၊ မ ကောင်း အိပ် မက်၊ မ ကောင်း ငှက် ကာ၊ လူပျက်ရပ်သူ၊ ယူဇနာဝေးစွာ၊ ခွါလေ့တာသွယ်၊ ကိုး ဆယ့် ခြောက် ဖြာ၊ ဒွတ္တိံသာနှင့်၊ ပဉ္စာဝီသတိဘယ၊ သောဠသ ဉပဒ္ဒဝါ၊ ကြမ္မာ မကောင်း၊ ဝိပါတ်ပေါင်းကို၊ လွှတ်ကြောင်းပယ်ခွါ၊ နတ် တကာတို့၊ ညီညာသောကြိုး၊ တန်ခိုးရှိန်ဝေ၊ အာနုဘော် ကြောင့်၊ကော်ရော်မျက်မှောက်၊ ဘေးဒဏ်လည်းပျောက်၊ချမ်း သာရောက်၍၊ စောင့်ရှောက်ရံကာ၊ သနားပါမင်း၊ ပေးခြင်း စည်းစိမ်၊ ကြီးကျယ်အိမ်နှင့်၊ ရိပ်ငြိမ်စံပျော်၊ ဓမ္မ လျော်စီးပွား၊ ကြွယ်ဝများ၍၊ သားနှင့်မြေးမြစ်၊ မျိုးချစ်တူခန၊ အဆွေခင် ပွန်း၊ ရဟန်းပုဏ္ဏား၊ အများမြင်က၊ ကြည်လင် မြတ်လေး၊ ကောင်းချီးပေး၍၊ မနေ့းကျက်သရေ၊ တည်စေရသား၊ ကိုယ် မှာမိမိ၊ မင်္ဂလာရှိ၍၊ ဆိုဘိစကား၊ တခွန်းကြားက၊ သနားနာ ပျော်၊ ရှိန်စော်ကြီးခြင်း၊ သဘင်းမွှေးစွာ၊ သက်အာရာလျှင်၊ ခန္ဓာမြဲဘိ၊ သီလရှိ၍၊ အကတိလေးပါး၊ တည်ငြားသည့်ကိုယ်၊ ဖြစ်ရလို၏။ ဟိရိဩတ္တပ္ပ၊ နိစ္စမြဲမြံ၊ အမှန်တီတိ၊ သီသရှိ၍၊ သိရိ မင်္ဂလာ၊ ကိုယ်မှာမြဲကြ၊ စည်းစိမ်ရ၍၊ ဒါနပေးကမ်း၊ နိဗ္ဗာန် လမ်းကို၊ ရှင်ဆွန်းကူးမြောက် နိုင်စေသော။

ဘုရားရှိခိုး အမျိုးမျိုးခန်း ပြီး၏။

http://www.dhammadownload.com

# ဘုရား အနေကဇာတင်ခန်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။
## အနေကဇာတိ ဂါထာများ

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

### ပဋိစ္စသမုပ္ပါဒ် အနုလောမ

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

### ပဋိစ္စသမုပ္ပါဒ် ပဋိလောမ

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရ နိရောဓာ၊ ဝိညာဏနိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာ၊

http://www.dhammadownload.com



နိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရော ဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## ဥဒါန်းဂါထာများ၊

၁။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

၂။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။

၃။ ယဒါ ဟဝေ ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

## ဘုရားဂုဏ်တော် ၉-ပါး

၄။ ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာ စရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။

## အဘိသေကဂါထာများ

၅။ ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။

၆။ အပရာဇိတ ပလ္လင်္ကေ၊
သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊
အဂ္ဂပ္ပတ္တော ပမောဒတိ။

(က) ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ နာဂ ဂဏာ မဟေသိနော။

(ခ) ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံတဒါ သုပဏ္ဏဂဏာ မဟေသိနော။

(ဂ) ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။

(ဃ) ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဗြဟ္မဂဏာ မဟေသိနော။

## ပဋ္ဌာန ပစ္စယုဒ္ဒေသ ပါဠိတော်

ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယ ပစ္စကော၊ ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော၊ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယော။

## အရပ်ဆယ်မျက်နှာ စည်းချဂါထာပါဠိ

**အရှေ့မြောက်အရပ်**

သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

http://www.dhammadownload.com



| | |
|---|---|
| အရှေ့အရပ် | သဗ္ဗေ ဗုဒ္ဓါ ခေမပ္ပတ္တာ၊<br>ပစ္စေကာနဉ္စ ယော ခေမော။<br>အရဟန္တာနဉ္စ တေဇေန၊<br>ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အရှေ့တောင်အရပ် | သဗ္ဗေ ဗုဒ္ဓါ ဇိနပ္ပတ္တာ၊<br>ပစ္စေကာနဉ္စ ယော ဇိနော။<br>အရဟန္တာနဉ္စ တေဇေန၊<br>ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| တောင်အရပ် | သဗ္ဗေ ဗုဒ္ဓါ လာဘပ္ပတ္တာ၊<br>ပစ္စေကာနဉ္စ ယော လာဘော။<br>အရဟန္တာနဉ္စ တေဇေန၊<br>ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အနောက်တောင်အရပ် | သဗ္ဗေ ဗုဒ္ဓါ တေဇပ္ပတ္တာ၊<br>ပစ္စေကာနဉ္စ ယော တေဇော။<br>အရဟန္တာနဉ္စ တေဇေန၊<br>ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အနောက်အရပ် | သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊<br>ပစ္စေကာနဉ္စ ယံ ဗလံ။<br>အရဟန္တာနဉ္စ တေဇေန၊<br>ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အနောက်မြောက်အရပ် | သဗ္ဗေ ဗုဒ္ဓါ ယသပ္ပတ္တာ၊<br>ပစ္စေကာနဉ္စ ယော ယသော။<br>အရဟန္တာနဉ္စ တေဇေန၊<br>ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |

**မြောက်အရပ်**

သဗ္ဗေ ဗုဒ္ဓါ သိရိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာ သိရိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

**အရှေ့မြောက်အရပ်**

သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာ ဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

**အထက်အရပ်**

သဗ္ဗေ ဗုဒ္ဓါ ဈာနပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဈာနံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

**အောက်အရပ်**

သဗ္ဗေ ဗုဒ္ဓါ နိစ္စပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ နိစ္စံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဘုရားအနေကဇာတင်ခန်း ပြီး၏။

# သိမှတ်ဖွယ်ရာအခန်း

## အနုဿတိ ဆယ်ပါး

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ ကာယဂတာသတိ၊ အာနာပါနဿတိ ဧတေ ဣမာ ဒသ အနုဿတိယော နာမ။

၁။ ဗုဒ္ဓါနုဿတိ....ဟူသည်တုံကား။ အောက်ခွင်ငရဲ၊ ဝီစိထဲတွင်၊ ကျော်သံနှံ့ကြား၊ တန်ခိုးအားဖြင့်၊ ထက်မြားဘဝဂ်၊ ကျော်စေတတ်သည်၊ မရေတွက်သာ၊ ကြီးစွာထုံးပိုင်း၊ အတိုင်းမသိ ကျေးဇူးရှိသည်၊ များစကြဝဠာ၊ အနန္တာထိ၊ နှံ့သိကြေးကြော်၊ တန်ခိုးတော်ဖြင့်၊ ထိပ်ပေါ်တင်ထား၊ မြတ်ဘုရားကို၊ ဝပ်တွားရိုသေ၊ စေ့ရေစိတ်ချုပ်၊ ကျွန်ုပ်ကြည်သာ၊ စေတနာဖြင့်၊ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိ၊ ဟူ၍၊ အဖန်တလဲလဲ၊ အမြဲမကွာ၊ လွန်များစွာဟု၊ မြတ်စွာဘုရား၊ ဂုဏ်တော်များကို၊ စီးဖြန်းဆောက်တည်၊ အောက်မေ့ပါ၏။

၂။ ဓမ္မာနုဿတိ....ဟူတုံသည်ကား။ လွန်များစွာဟူ၊ နတ်နှင့်လူကို၊ ရန်သူအပေါင်း၊ လွတ်စေကြောင်းဖြင့်၊ ကောင်းကျိုးချမ်းသာ၊ ရောက်စိမ့်ငှာဟု၊ ရွှေအာဏာစက်၊ နှုတ်တော်ထွက်သည်၊ ဓမ္မက္ခန္ဓာ၊ ပေစာအပေါင်း၊ ရှစ်သောင်းလေးထောင်၊ နိဗ္ဗာန်ဆောင်တတ်၊ တရားမြတ်ကို၊ ကြည်ညိုမှတ်သား၊ ဝမ်းဝယ်ထား၍၊ ကြိုးစားအားထုတ်၊ ကျွန်ုပ်မြတ်နိုး၊ ဦးထိပ်မိုးကာ၊ စေတနာနှင့်၊ ဓမ္မနုဿတိ-ဓမ္မနုဿတိဟူ၍၊ အဖန်တလဲလဲ၊ အမြဲမကွာ၊

http://www.dhammadownload.com



တရားတော်မြတ်တို့၏ ဂုဏ်ကျေးဇူးကို စီးဖြန်း ဆောက်တည် အောက်မေ့ပါ၏။

၃။ သံဃာနုဿတိ....ဟူတုံသည်ကား။ မဂ်၌ တည်သော ပုဂ္ဂိုလ်လေးယောက်, ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ရှစ်ယောက်သော အရိယာ သံဃာတော်မြတ်တို့ကို ထိပ်ထက်တင်ကာ သာသနာကိုကောင်းစွာရှက်ဆောင်၊ သိန်းထောင်မက၊ လူသမျှကို၊ ပူညကျွတ္တ စိုက်ကြဲမေမှ၊ လယ်မြေသဖွယ်၊ သန့်စင်ကြယ်သား၊ အလှူအားမှာ၊ သဒ္ဓါမယုတ်၊ ကျွန်ုပ်မြတ်နိုး၊ ဦးထိပ်မိုးကာ၊ စေတနာနှင့်၊ သံဃာနုဿတို–သံဃာနုဿတိ ဟူ၍ အဖန်တလဲလဲ၊ အမြဲမကွာ၊ သံဃာတော်အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးကို စီးဖြန်းဆောက်တည် အောက်မေ့ပါ၏။

၄။ သီလာနုဿတိ.... ဟူတုံသည်ကား၊ သုံးပါးသရဏဂုံ၊ ငါးစုံသီလ၊ အဋ္ဌဥပုသ်၊ ကြိုးအားထုတ်၍၊ မယုတ်စေရာ၊ ငယ်ဆေးစွာက၊ ဖြာဖြာဝေမှိုင်၊ ကြက်လျှာတိုင်နှင့်၊ မွေးကြိုင်နံ့သာ၊ ပန်းတကာထက်၊ ကျော်စေ့တက်၍၊ ဖိုလ်,မဂ်ရှင့၊ သီလ,သာပ၊ စိတ်မှာမြဲမြဲ၊ နှလုံးစွဲ၍၊ ဆင့်ကဲဆင့်ကာ၊ဆောက်တည်ရာထ၊ ဤသီလကို၊ နေ့–ညမကွာ၊ သဒ္ဓါမယုတ်၊ ကျွန်ုပ်မြတ်နိုး၊ ဦးထိပ်မိုးကာ၊ စေတနာနှင့်၊ သီလာနုဿတိ–သီလာနုဿတိဟူ၍ အဖန်တလဲလဲ၊ အမြဲမကွာ၊ သီလဂုဏ်ကျေးဇူးကို စီးဖြန်းဆောက်တည် အောက်မေ့ပါ၏။

၅။ စာဂါနုဿတိ....ဟူတုံသည်ကား၊ မှစ်ပါးသံဃာ၊ အရိယာကို၊ သဒ္ဓါရေချမ်း၊လက်ဖက်ကွမ်းနှင့်၊စားမွန်ဟင်းကောင်း၊ အဓပေါင်းအကြော်၊ အဖျော်ပါနု၊ စသည်သက်နှင်း၊ ရဟန်းတို့မှာ

သုံးဆောင်ရာ၏၊ လူမှာလူခလျောက်၊ ပေးကမ်းထောက်ပင့်၊ ချီးမြှင့်မှု စ၊ လူသမျှကို၊ နေ့ — ညဒအာက်မေ့၊ စိတ်ပျော်မွေ့၍၊ လွှေ့ လွှေ့ ရမ်းရမ်း၊ လန်းလန်းလူလူ၊ ဖြူဖြူဆွတ်ဆွတ်၊ အာရုံညွတ်၍၊ စိတ်မှာမှတ်ထား၊ အလှူအားကို၊ ထပ်ပွားမယုတ်၊ ကျွန်ုပ်မြွက်နိုး၊ ဦးထိပ်မိုးကာ၊ စေတနာနှင့်၊ စာဂါနုဿတိ — စာဂါနုဿတိဟူ၍၊ အဖန်ဘလဲလဲ အမြဲမကွာ၊ စွန့်ကြဲခြင်း၏ ဂုဏ်ကျေးဇူးကို စီးဖြန်းဆောက်တည် အောက်မေ့ပါ၏။

၆။ ဒေဝတာနုဿတိ.. ဟူတုံသည်ကား၊ စတုမဟာရာဇ်တာဝတိံသာ၊ ယာမာစသား၊ နတ်အများတို့၊ လူသားစင်စစ်၊ လူဖြစ်သောခါ၊ ရတနာသုံးဦး၊ ဆည်းကပ်ပူး၏၊ အထူးနတ်မြေ ရောက်ပေသောခါ၊ တို့သူ့ငါတို့၊ လူ့ဒါမကင်း၊ သီတင်းမကွာ၊ နောင်သောခါလည်း၊ နတ်ရွာနိဗ္ဗာန်၊ ရောက်အည်မှန်၏၊ ကေန်မှန်ဘိ၊ စာနာရှိရှိ၊ ကျွန်ုပ်ဂုဏ်ကို၊ အာရုံပြုကာ၊ စေတနာနှင့်၊ ဒေဝတာနုဿတိ — ဒေဝတာနုဿတိဟူ၍၊ အဖန်ဖန်တလဲလဲ၊ အမြဲမကွာ၊ စီဖြန်းဆောက်တည် အောက်မေ့ပါ၏။

၇။ ဥပသမာနုဿတိ....ဟူတုံသည်ကား၊ ကြမ္မာချည်နှောင် တွင်းချိုင့်ခလှောင်သို့၊ လူ့ဘောင်နတ်ပြည်၊ တလည်လည်နှင့်၊ အောက်ပြည်တလွှား၊ ခေါက်ခေါက်သွား၍၊ ခံငြားတုံက၊ ဒုက္ခသဘာဝ ါ၊ ကံကြမ္မာကြောင့်၊ ခန္ဓာရှည်ကြာ၊ ခံရပါ၏၊ ချမ်းသာစင်စစ်၊ အနှစ်ရှည်ကြာ၊ ရန်တကာဝေး၊ ဘေးတကာကင်း၊ သေမင်းမလာ၊ နိဗ္ဗူတာသို့၊ ရောက်ချင်ရာဟု၊ လုံ့လပြုကာ၊ စေတနာနှင့်၊ ဥပသမာနုဿတိ — ဥပသမာနုဿတိ ဟူ၍၊ အဖန်အလဲလဲ၊ အမြဲမကွာ၊ နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို စီးဖြန်း ဆောက်တည် အောက်မေ့ပါ၏။

၈။ မရဏာနုဿတိ....ဟူတုံသည်ကား၊ သုံးဆယ့်တစ်ဘုံ၊
ကျင်လည်တုံသား၊ကြုံကြိုက်ငြား၍၊မင်းဖျားရာဇာ၊ စကြာသခင်၊
ဖြစ်တုံချဝ်လည်း၊ ရွှေစင်ကိုယ်လေး၊ ထပ်ဆင့်ပေး၍၊ အခရး
မမျှော်၊ ခသမင်းခေါ်ကာ၊ မလွတ်သာခဲ့၊ လေးကျွန်းအရှင်၊
သခင်မြတ်ခေါင်၊ ငါးမာရ်အောင်မှ၊ မရှောင်နိုင်ကြ၊ ရွှေပြည်
ကြွသို့၊ သေရမည်တာ၊တို့ သူငါလည်း၊ လင်မှာတခြား၊ သား
မယားက၊ မိဘမျိုးဆွေ၊ ရွှေငွေဥစ္စာ၊ လယ်ယာကုန်စည်၊
ပစ်ခဲ့သည်မှ၊ မရဏကင်း၊ခသမင်းမလာ၊နိဗ္ဗုတာသို့၊ရောက်ချဝ်
ရာမူ၊ လို့လပြုကာ၊ စေတနာနှင့်၊ မရဏာနုဿတိ—မရဏာ
နုဿတိဟူ၍၊ အဖန်တလဲလဲ၊ အမြဲမကွာ၊ သေခြင်းတရားကို
စီးဖြန်းဆောက်တည် အောက်မေ့ပါ၏။

၉။ ကာယဂတာသတိ....ဟူတုံသည်ကား။ ဤကိုယ်ခန္ဓာ၊
မျှားစွာပိုးပေါင်း၊ ရှစ်ဆယ်အောင်း၍၊ မကောင်းရွံ့ရှာ၊ ရေ
အိမ်သာသို့၊လူနာနေမှတ်၊ဇရပ်လုပ်တိုင်း၊သင်္ချိုင်းပမာ၊ဤခန္ဓာ
ရုပ်၊ အကောင်ပုပ်ကို။ စက်ဆုပ်ရွံ့ဖွယ်၊ မတင့်တယ်အဆောင်၊
အကောင်မားမား၊ ရှုပလွှား၍၊ ဝ[illegible]စားပုပ်ပြင်၊တန်ဆာဆင်ရ၊
အားမကျနှင့်၊ ဒုက္ခငြိုငြင်၊ ဆင်းရဲအင်ကို၊ တွေ့မြင်ကာမှ
သတိရ၍၊ ချမ်းမြသာကြည်၊ ရွှေပြည်သခင်၊ နိဗ္ဗာန်ဝင်ကို၊
ရောက်ချင်ရာမူ၊လို့လပြုကာ၊စေတနာနှင့်၊ကာယဂတာသတိ–
ကာယဂတာသတိ ဟူ၍၊ အဖန်တလဲလဲ၊ အမြဲမကွာ၊ ကိုယ်၌
ဖြစ်သောသတိကို စီးဖြန်းဆောက်တည် အောက်မေ့ပါ၏။

၁၀။ အာနာပါနသတိ .... ဟူတုံသည်ကား။ ဖြစ်ပြန်
ခြင်းရာ၊ ဤခန္ဓာကား။ ကြာရှိးကြာပင်၊ ရေမတင်သို့၊ ကိုယ်တွင်
မှီယှက်၊ စဉ်ထွက်လူးလာ၊ တက်လာသက်ဆင့်။ မကြာမြင့်ခဲ့၊

http://www.dhammadownload.com



လူချင်းတူတူ၊ သူချင်းမျှမျှ၊ သွားလာကြသည်၊ ဇီဝအသက်၊ ပြင်သို့ ထွက်မှု၊ မဝင်ရတည့်၊ အနတ္တမှန်၊ လက်ပံ ထင်းတုံး၊ အသုံးမကျ၊ ရှုပြန်ကလည်း၊ ပုပ်လှအကောင်၊ ဖူးဖူးရောင်၍၊ ဟောင်နံ့ညှီညှီ၊ နွာခေါင်းချီ၍၊ မအီမသာ၊ ကျီချင်းရာကား၊ ရွံရှာဘိစွ၊ ကျီကိစ္စကြောင့်၊ ချမ်းမြသာကြည်၊ ရွှေပြည်ရတနာ စံပျော်ရာသို့၊ အိုနာမရှိ၊ ဇာတိဇရာ၊ မရဏာနှင့်၊ ပူဆာသောက၊ မရှိကြငှာ၊ သဒ္ဓါညွတ်ညွတ်၊ ဆွတ်ဆွတ်သံညောင်း၊ ကျွန်ုပ် တောင်းကာ၊ စေတနာနှင့်၊ အာနာပါနဿတိ—အာနာပါ နဿတိဟူ၍၊ အဖန်တလဲလဲ၊ အမြဲမကွာ၊ ထွက်သက်ဝင်သက် သတိကို စီးဖြန်းဆောက်တည် အောက်မေ့ပါ၏။

....o....

## ရောင်ခြည်တော်ခြောက်ပါး

နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ,ပဘဿရ၊ သိကြလူများ၊ ဘုရားရောင်ခြည်၊ ခြောက်ပါးမည်ကို၊ ဖော်ပြဆိုအံ့။ ညို,ရွှေ,နီ,ဖြူ၊ အမောင်းဟူလျက်၊ ပြိုးပြိုးပြက်တည့်၊ ဘဝဂ် အကာယ်၊ အောက်ဝယ်အဆုံး၊အလုံးဖီလာ၊ စကြဝဠာမကြွင်း၊ ရောင်တော်ချဉ်းလျက်၊ ကျွမ်းမင်းကျယ်လှ၊ အဋ္ဌသာလိနီ၊မိန့်ခဲ့ချီသည်။ ။ထောင်ငါးလည်စေ့ ပြန်မတွေ့။

....o....

## အောင်ခြင်းရှစ်ပါး

မာရ်ရံအာဠဝကံဟတ္ထိ ၊ အင်္ဂုလိမာလ စိဉ္စမံ။

ကုဋ္ဌဒန္တ နဂရာဇ၊ ဗကံ အဇိနီ တေဇသာ။

ယော-ယာဒိသော၊ အကြင်တို့သဘောတော်ရှိသော။ဇိနော ဒေဝပုတ္တာ စသည့်အပြား မာရ်ငါးပါးကို တုတ်မေးမဆော်င်

http://www.dhammadownload.com



ကြိုးမဝနှောင်ဘဲ၊ အောင်တော်မူသောမြတ်စွာဘုရားသည်။ မာရ်၊ ဂီရိမေခလာ မည်သာခေါ်တွင်နတ်ဆင်ပြောင်ကြီး တက်ကာစီး လျက် မြည်ဟီးရိုက်ဟုန် မြေကြီးတုန်မျှ ဗိုလ်ပုံအုတ်ကျက်နတ် ရမ်ကန်နှင့် ဝုန်းလက်ခြိမ့်ခြိမ့် သဲဖိမ့်ကြေညာ ချဉ်းကပ်လာ၍ ရတနရောင်ရှင် ရွှေပလ္လင်ကို လိုချင်သောအား လုငြားလာတဲ့ မာရ်ဟုန်တက်ပွား မာန်နတ်သားကို လည်းကောင်း။

ဝါ၊ လက်ရုံးခပါင်းဘစ်ထောင်ကို ပြည့်စုံအောင်ဖန်ဆင်း၍ မုန်ယစ်ခြင်း လွန်စွာနှင့် ဂီရိမေခလာ နတ်ဆင်ကိုကိုယ်တိုင်ပင် တက်စီး၍ အသီးသီးသော ဗိုလ်ပါ အဖြာဖြာသောလက်နက် ဖြင့် ဟစ်ကြွေးလျက်လာပြီးလျှင် မျက်မာန်ကြီး ဒေါသဇော နှင့်၊ ရွှေဗောဓိရပ်ခွင် နန်းပလ္လင်ရိပ်သာကို ရလာမည်ထင်မှတ် ၍ ချဉ်းကပ်ခါ စစ်ပြုမှားသော မိုးနတ်သား မာရ်နတ်မင်းကို လည်းကောင်း။

အာဠဝကာ၊ မျက်မန်ဒေါသ ထောင်းထောင်းထလျက် ညဉ့်သုံးယံလုံး ဟစ်ကြုံးဝါးကာ ကိုးဖြာကိုးချက် ကိုးလက်နက် နှင့် စစ်ဘက်နိုင်စွာ နတ်အာဠဝကအမည်ရသည့် ယက္ခစွယ်မြူး ထိုဘီလူးကိုလည်းကောင်း။

ဝါ၊ ကြမ်းတမ်းသော စိတ်မာန်ဖြင့် ငါ့ဘုံပျံဆောင်ရဝေ ဝယ် စံနေသင့်သလောဟု ဒေါသဇော တက်လျှ၍ညဉ့်သုံးယံ ကုန်ခန်းအောင် ကိုယ်စွမ်းကို အားကိုး၍အမျိုးမျိုးသောလက် နက်နှင့် အချက်ချက် ပစ်လွှတ်လျက် အထပ်ထပ် စစ်ထိုးသော ဘီလူးဆိုး အာဠဝကကို လည်းကောင်း။

ဟတ္ထိ၊ ကြွကြွမာန်ဟုန် ယစ်သည့်မုန်နှင့် သံစုံရိုက်ထစ်ကြွေး မြည်ဟင်သား နတ်စစ်မိုးကြိုး လောင်မီးမျိုးကဲ့သို့ ဆိုးသွမ်း

http://www.dhammadownload.com



ရှုန့်ကြမ်း ညစ်ညမ်းလှစွာ နာဠဂိရိ ဟတ္တိမာတင် မင်းစီး ဆင်ကိုလည်းကောင်း။

ဓ ါ၊ မုန့်ယစ်သည့်အရှိန်နှင့် ဝရဇိန်လက်နက်ကြီးနတ်လောင် မီးတမျှကြမ်းကြုတ်လှသောအမူအရာ ရုန့်ရင်းစွာသော အသွင် အပြင်ဖြင့် တော်ပဲ့တင်သံလည်းအောင် ပြင်းထန်စွာမြည်ဟည်း လျက် တစ်ဟုန်တည်း ရှေးရှုခါကြောက်စရာပုံပြ၍ရှေ့တော်ဝ မျက်မှောက်သို့ ဝင်ရောက်လာတုံ မာန်ဂုဏ်ကြီးစွာ နာဠဂိရိ အမည်ရှိသော ဆင်ကိုလည်းကောင်း။

အင်္ဂုလိမာလဥ မြိုင်ခွင်တောရိုး ခိုပုန်းလျှိုး၍ လက်ညှိုး တစ်ထောင် ယူဆောင်အံ့ငှာ လူဘကာကိုလာတိုင်းမလပ်ဖမ်း၍ သတ်သည့် မည်မှတ်ခေါ်ထ အင်္ဂုလိမာလ စောရမည်မှန်းခိုးသူ ကြမ်းကိုလည်းကောင်း။

ဓ ါ၊လက်ညှိုးပေါင်းတစ်ထောင်ကို ပြည့်စုံအောင်ယူမည်ဟု မှတ်ရည်ကာရွယ်ကိုးလျက်မြိုင်ရိုးတောင်ခေါင်း ခိုဝင်စောင်း၍ လူပေါင်းတွေ့သမျှကို ထက်လှသော သန်လျက်ဓားနှင့် လက် ဖျားကိုဖြတ်ယူကာ ၂န်းပမာ သီကုံးလျက် လည်းပင်တွင်ဆင် သုံးသောကြောင့် အင်္ဂုလိမာလဟု နာမတွင်ပြီး ခိုးသူကြီးကို လည်းကောင်း။

စိဉ္စမံ—စိဉ္စမာဏဝိကဥ၊ သန္ဓေရင့်လှ မိန်းမအသွင်ယူဆောင် ဆင်၍ ချစ်ရှင်ထွတ်ထား တရားဟောရာ ဝင်ခဲ့လာ၍ယုတ်မာ ညစ်ညမ်းစကားကြမ်းနှင့် နှုတ်စွမ်းရဲရဲ စွပ်စွဲဆိုလာ စိဉ္စမာဏ ဝိကာကို လည်းကောင်း။

ဝ ါ၊ ပရိတ်သတ်လေးဖော်ကို တရားတော်ဟောမိန့်၍ရှင်နှစ် သိမ့်ကြည်ညိုဖွယ် စံပယ်စဉ်ကာလက သန္ဓေရ ကိုယ်ဝန်ဆောင်

http://www.dhammadownload.com



ဖွားနိုးယောင်သဏ္ဍာန်လို စိမ့်ကာပြုလုပ်၍ စုပ်စုပ်ကြီး ရဲရင့်စွာနှင့် နှုတ်ဖွာဖွာငေါ် တော်တော်၊ မလျော် မကြားကောင်းသော အသံ မခံချင်အောင် စွပ်စွဲခြင်းဖြင့် သတင်းတော်ပုပ် လာဘ်ကြီးယုတ်အောင် ဟုတ်လေယောင် ဆိုမြည်လာသော စိဉ္စမာဏဝိကာ စိန်းမယုတ်ကိုလည်းကောင်း။

ကုဋ္ဌဒန္တ၊ ဝါဒတစ်ထောင် နှုတ်ရဆောင်၍ မာန်ထောင်ကြွားကြွား တစ်ဖက်သားကို စကားချုပ်ချယ် နှိပ်နယ်ချင်လှ စိတ်နေကြသည့် ကုဋ္ဌဒန္တ မည်သော သစ္စက ပရိဗိုဇ်ကိုလည်းကောင်း။

ဝါ၊ တစ်ထောင်သော ဝါဒကြောင့် မာန်မာန ကျယ်ပွားလျက် တစ်ဖက်သားမြင်သမျှကို ဝါဒဖြင့်နှိမ်နင်း၍ ညှဉ်းဆဲလိုသော ဆန္ဒဖြင့် ထောင်လွှား ကြုံးပ ဝါးကြွားလှသည့် ကုဋ္ဌဒန္တ မည်သော သစ္စက ပရိဗိုဇ်ကိုလည်းကောင်း။

နာဂရာဇဥ္စ၊ အခိုးအလျှံ လွန်ပြင်းထန်သည့် နန္ဒောပနန္ဒ တေဇဖောက်ထွင်း နဂါးမင်းကိုလည်းကောင်း။

ဝါ၊ ကြီးမားသော အဆိပ်အတောက် ကဲမောက်သော စည်းစိမ် ဂုဏ်အရှိန် သတ္တိ နဂ်ဒ္ဓိဖြစ်ကြောင့် မေဘုရား ဘုန်းအမြွတ်ကိုပင် သေးသေးထင်၍ ရှေ့စင်ဗဟို မြင်းမိုရ်တောင်လုံး ပါးပျဉ်းဖုံး၍ ကိုယ်လုံးခုနစ်ထပ် ရစ်ပတ်သဖြင့်မပြုအပ်မပြုရာ ကြံစည်ကာ ပြုမိမှားသော နဂါးမင်း နန္ဒောပနန္ဒကိုလည်းကောင်း။

ဗကဉ္စ၊ မှားယွင်းဖောက်ပြန် မိစ္ဆာဉာဏ်နှင့် အမှန်စွဲထအယူခွသည့် ဗကအမည်ရှိသော မိုးဗြဟ္မာကြီးကို လည်းကောင်း။

ဝါ၊ မှားယွင်းသော မိစ္ဆာဉာဏ်နှင့် ထောက်ပြန်ကာ ယူစွဲ

လျက် မြွောင်းလဲ စုတေခြင်းကင်းသော နိစ္စ,ဓုဝ, ကေနိဟု သန်မာသော နှလုံးသားဖြင့် သူတစ်ပါး ပြောခြင်းငှာ ခက်ခဲလှစွာသော ဗကပြဟ္မာကြီးကိုလည်းကောင်း။

အဇိနိ၊ တန်ခိုးစက်ရှိန် ဂုဏ်မဟိန်ဖြင့် ချိုးနှိမ်ပယ်နှင် ရှင်း လင်းစင်၍ အောင်မြင်တော်မူလေပြီ။ တေဇသာ၊ ရှစ်ခါရှစ်တန် အောင်ပွဲခံ၍အောင်လံထူပြီး မြတ်စောထီး၏ ကြီးသောရွှေစက် ထက်သောအာဏာ ဂုဏ်တေဇာအစွမ်းအားဖြင့်။ မေ၊ အကျွန်ုပ် အား။ ဇယမင်္ဂလံ၊ ကိုယ်ဘွင်းကိုယ်ပ ရှိသမျှဒဏ်ခပ်သိမ်းရန်ကို မကျန်မကြွင်းအောင်မြင်ခြင်း။ မင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါ စေသတည်း။

ရှစ်လေးပါး

ငါးမာရ်အောင်မြင် မေတ္တာရှင်ကို ဖူးမြင်ရအောင်ကြံရည် ဆောင်၍ ဝေးခေါင်ကာလ ငါမျှော်ရသည် ဇိဝမြင့်ရှည်သက် တောင် ဉာဏ်လျက်ထေရ်မှန်မြတ်စွာ ရဟန္တာတွင် အရှင်ဥပဂုတ် ဘုန်းတော်အုပ်လျက် ပတ်ချပ်လျှမြွောင် ရွှေလရောင်သို့ တောင်သမုဒ္ဒရာ ရေထဲမှာမူ စံရာတုလွတ် ကြွေးပြာသာဒ်နှင့် ပျော်မွှတ်ကြည်ဖြူနေတော်မူ၍။

ဘုန်းလူတောက်ပ ဂုဏ်မျိုးခသည့် သာရဒတ္တ နာမထင်စွာ ရဟန္တာမူ မြောက်ညာသမုဒ်ရေအစုပ်၌ ဝန်းချုပ် ရွှေရည် ဝင်းဝင်းကြည်သို့ မြင့်ရှည်ဘုံစွန်း ပြာသာဒ်နန်းနှင့် ရှင်လန်း တင့်တယ် နေသပ္ပာယ်သား။

အုံ့ဖွယ်ရှင်မောမြူမနှောသည့် သက္ကောသာရ နာမထင်စွာ ရဟန္တာမူပြုဗ္ဗာရပ်စစ် သမုဒ်မြစ်က ပယ်သစ်မှောင်ချေ စံပယ် နေ၏။

http://www.dhammadownload.com



ရှင်မေခရ နာမခေါ် မြောက်အနောက်သမုဒ္ဒရာ ရေထဲမှာ လျှင် ရောင်ဝါလျှံပတ် ကြေးပြာသာဒ်နှင့်လျောက်ပတ် သင့်ထွေ ကျိန်းဝတ်နေ၏။

လေးထွေသံဃာ အရိယာကို ကြည်စွာနိယံ သုံးပါးကံဖြင့် ကေဆံညွတ်ခ ဖြူဆွစေတနာ ကိုးကွယ်ပါသား အကျိုးအား ကြောင့် လေးပါးအပါယ် သုံးသွယ်သောကမ် ရပ်ပြစ်ရှစ်ပါး ဝေးစွာရှား၍ မမှားအဂတိ သတိအယူ သဘောဖြူလျက် ညစ်ညူကိလေ ကင်းလွတ်ခြေ၍ အောင်မြေသောင်ကမ်းနိဗ္ဗာန် နန်းသို့ ရှင်လန်းကြည်ညိုရောက်ရလိုဟု သံချိုသံညောင်း ကျွန်ုပ် တောင်းသည်။ ။လျှင်ကြောင်းခဏ ပြည့်စေသော၀်။

## သေလေးပါး

မေတ္တေဗိနေ၁် မြ၁်ကံ ကော်ဝယ်ပွင့်တော်မူကာမြင့်ရှည်စွာ နှင့် နှစ်ကြာကာလ သာဝကစဉ် သားတော်ဖြစ်သား ရင်နှစ် ပမာ မဟာကဿပ မြတ်ထေရ်လှမူ ဝဘာရတောင်မြတ်ခေါင် သာဝှန်း ရောင်ခြည်ထွန်းသား မြဝန်းကမ္ဗလာ ကျောက်နေရာ ထက် ခန္ဓာစကြွပြတ် လောင်းတော်မြတ်လျှင် လျှံပက်ဝင်းငြိ သို့စဉ်ရှိ၏။

နှံ့သိပညာ ထင်ရှားစွာသည် မဟာသုဘာရ သာဝကလျှင် ဥတ္တမတောင် မြတ်ခေါင်တုလွတ် နေရာမြတ်၌ လျောက်ပတ် တင့်တာယ် ကျိန်းသောနယ်လျှင် သပ္ပာယ် ကိုယ်တော် နိဗ္ဗာန် ပျော်ရှင့် ခုသော်ထင်ထင် ရှိခိုးချင်၏။

အရှင်မြတ်လှ ဥပေက္ခာရ နာမသင်စွာ ရဟန္တာမူ ညိုပြာ စိမ်းမြ ပန်းမျိုးခမည့် မကုဋတောင် ပေ့ါသယ်အကောင်မှာ ရွှေ တောင်ပဝင်း တန်ခိုးလင်းလျက် သန့်ရှင်းကြည်ဖြူစံတော်မူ၏။

http://www.dhammadownload.com



ဘုန်းလူတောက်ပ ကြီးတေဇနှင့် ပန်းမျိုးခသည့် မကုဋ်တောင် ထိပ်ပေါ်ခေါင်က ဓမ္မသာရနာမထင်စွာ ရဟန္တာမူ သာလှထူးဆန်းမွေ့ရာနန်းထက် စံမြန်းနိဗ္ဗာန် ချိန်သင့်တန်လျက် နောင်ကျန်သခင်မေတ္တာရှင်မူ လေးအင်သစွာ ပွင့်သောခါလျှင် ရောင်ဝါထွန်းပတ် တေဇောဓာတ်ဖြင့် ညီမြတ်ဆုရည် မျှော်အံ့သည့်ဟု လေးမည်သူမှန်ရှင်အရဟံတို့ကို ဝဝဖန်ဖော်ပြ နက်နဲလှသော ဓမ္မဝိဘင်း ကျမ်းခမင်းမှ မယှဉ်းမယုတ် ရအံ့ထုတ်၍ သမုဒ္ဒနတ် သားတော်မြတ်က ဆေရှ်မြတ်သံဃာ အရိယာတို့ သဒ္ဓါကြည်နူးလက်စုံဖူး၍ ရှင်မြူးမြတ်နိုး ရှိလျှင်ခိုးသည်။ ။ ကောင်းကျိုးလျှင်သော ရောက်စေသောဝ်။

## ကုသိုလ် ဆယ်ပါး

ဒါန,သီလ,ဘာဝနာ,အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ။

ဆယ်ပါးကုသိုလ် မြည္သွန်းဆိုအံ့ ကြည်ညို လေးမြတ် မပြတ်မြည့်ယူ အလှူ,သီလ ပွားကြဘာဝနာ ဆရာ,မိဘရှိခေါ်ကြလျက် ဆောင်ရွက်အမှု ကိုယ်စားပြုသား ကောင်းမှုအားကို တစ်ပါး ဗိုလ်ခြေ အမျှဝေသား သူများပြုစုထိုကောင်းမှုကို သာဓုလည်းခေါ် နာပျော်တရား ဟောကြားဒေသနာ ဖြောင့်စွာအယူ ၍ဆယ်ဆူကား တရားကုသိုလ် မဂ်,ဖိုလ်နိဗ္ဗာန် ရကြောင်းမှန်လှ အဋ္ဌသာလိနီ မိန့်ခဲ့ချီသည်။ ။မှိုခိုနေ့–ည အားထုတ်ကြ။

## ဒုစရိုက်ဆယ်ပါး

ပါဏာတိပါတာ, အဒိန္နဒါနာ, ကာမေသုမိစ္ဆာစာရ, မုသာဝါဒါ, ပိသုဏာဝါစာ, ဖရုသဝါစာ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ။

http://www.dhammadownload.com



ဆယ်ပါးဒုစရိုက်၊ မိုက်အာကုသိုလ်၊ ပြည့်နှံးဆိုအံ့ သူ့ကို သတ်ခြင်း၊ ခိုးခြင်းနှစ်ဆယ်၊ ငါးပါးကယ်နှင့်၊ နှစ်ဆယ်မိန်းမ၊ ကြူးကြမမှား၊ စကားမမှန်၊ တစ်ဖန်ကုန်းတိုက်၊ စရိုက်ကြမ်း တမ်း၊ တစ်ခန်းကျိုးမဲ့၊ ကြီးခဲ့အလို၊ သူ့ကို စောင်းမြောင်း၊ ကောင်းကျိုးပျက်စွာ၊ မိစ္ဆာအယူ၊ဒေဝဒူတ၊ မိန့်ဖော်ပြသည်။ ရှောင်ကြဉ်ရှင်းရှင်း ဝေးစေမင်း။

## သုစရိုက်ဆယ်ပါး

ပါဏာတိပါတာ ဝေရမဏီ, အဒိန္နာဒါနာဝေရမဏီ, ကာမေသု မိစ္ဆာစာရာ ဝေရမဏီ၊ သစ္စာ ဝါစာ အပိသုဏာဝါစာ,သဏှဝါစာ, အတ္ထဝါစာ, အနဘိဇ္ဈာ, အဗျာပါဒ သမ္မာဒိဋ္ဌိ။

ဆယ်ပါးသုစရိုက်၊ ကောင်းမှုံကြိုက်ရသာ၊ နိဒါန်းပြာအံ့၊ သတ္တဝါမသတ်၊ ခိုးရပ်လည်းကင်း၊ ကြဉ်ခြင်းမိန်းမ၊ မှန်လှ စကား၊ ကင်းသားကုန်းတိုက်၊စရိုက်သိမ်မွေ့၊ကောင်းကျိုးတွေ့ သား နည်းပါးအလို၊ သူ့ကိုမငြူစူ၊ အယူသမ္မာ၊ ဖြောင့်မတ် စွာမှု၊ကြုံဆယ်ခုကို ဗိုလ်စုမှားစွာ၊ ကျင့်အပ်ရာဟု၊ ပရိဝါရွေ ကျမ်း၊ မိန့်ခဲ့တမ်းသည်။ ။ပြည်လမ်းလူတို့ ဆော်ဖွယ်တည်း။

## ပါရမီဆယ်ပါး

ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ,ခန္တီပါရမီ,သစ္စာပါရမီ, အဓိဋ္ဌာန်ပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ။

http://www.dhammadownload.com



ဆယ်ပါးအညီ၊ပါရမီကို၊ပြည့်နှံးဆိုအံ့၊ ကြည်ညိုလေးမြတ်၊ မပြတ်မြည်ယူ၊အလှူ့သီလ၊တောထွက်ကြလျက်၊ မပျက်စီးပွား၊ သူမြတ်များ၏၊ တရားကုသိုလ်၊ အားထုတ်လိုမြင့်၊ ဖြည့်ကျင့်သည်းခံ၊ မှန်သောစကား၊ ဆိုငြားဆောက်တည်၊ ချစ်ကြည်မေတ္တာ၊ သတ္တဝါစု၊လျစ်လျူရှု၍၊ဆယ်ခုအပြား ဤတရားကို၊ ကြိုးစားဖြည့်အင်၊ ဗုဒ္ဓဝင်ပါဠိ၊ ရွှေကျမ်းရှိသည်။ ။ရသိ ခဲယဉ်း လူ့ ထိပ်နင်း။

## ဘုရားအလောင်း အင်္ဂါရှစ်ပါး

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတုသတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။

ဘုရားလောင်းအား၊ရှစ်ပါးအင်္ဂါ၊ရရာဗျာဒိတ်၊ ရွှေဟံဆိပ်ကို၊ ခပ်နှိပ်မြဲစွာ၊ မော်ပြမှာအံ့။ လူသားအစစ်၊ ယောကျ်ားဖြစ်စေ၊တိဟိတ်ခနေသား၊ဘုရားကိုတွေ့၊ ရသော့ရဟန်း၊ တစ်ခန်းဘိဉာဉ်၊ ရှစ်အင်သမာပတ်၊ ပြည်စုံလယ်သား၊ ဘုရားဖြစ်လို၊ ဆုကိုလည်း တောင်း၊ ကောင်းသောဆန္ဒ၊ ကြီးမားလှလျှင်၊ ရကြောင်းမြင်၏၊ ဗုဒ္ဓဝင်ပါဠိ၊ရွှေကျမ်းရှိသည်။ ။ရသိခဲစွာ တံဆိပ်လျာ။

## ပရိက္ခာရှစ်ပါး

ရှစ်ပါးပရိက္ခရာ၊ မိန့်ခဲ့မှာအံ့၊ ဒုကုဋ်, ကိုယ်ဝတ်၊ မြဲဝတ် သင်းပိုင်၊ ချည်ခိုင်ခါးပန်း၊ တခန်းသပိတ်၊ ဆံရိတ်သင်ဓုန်း၊ သီကုံးရာအပ်၊ မှုတ်လောရေစစ်၊ ရှစ်ပါးဖြစ်လတ်၊ ကျမ်းမြတ် ဗုဒ္ဓဝင်၊မိန့်တော်တင်သည်။ထက်ခွင်ပြဟွံ့။ ။ဓနုဘ်မာမြစ်နား လှူကပ်ထား။

http://www.dhammadownload.com



## ပညာရှိလက္ခဏာသုံးပါး

ပညာရှိတို့၊ သိအပ်ခြင်းရာ၊ လက္ခဏာကား၊ ကောင်းစွာအကြံ၊ ကောင်းမွန်စကား ကောင်းသောအမှု၊ ဤသုံးခုကို၊ ပြုစုမှုသာ၊ ပညာရှိဟု။ ။ကာဝိမှတ်ရလွယ်နိုင်၏။

## ကျေးဇူးရှင် ဆယ်ပါး

သဗ္ဗညုတည်၊ သုံးလူ့မြတ်စွာ ပစ္စေကာနှင့်၊ သံဃာအများ၊ ထွတ်ဖျားရဟန္တာ၊ ဂုဏ်ဝါကြွန်မြူး၊ ကျေးဇူးကြီးလှ၊ မိနှင့်ဖတည့်၊ ပြုသတတ်သင်၊ ပြုပြင်ဆုံးမ၊ ဟောထတရား၊ စောင့်အားသီလ၊ ဤဆယ်ဝဟု၊ မုခပက္ခ၊ ဇာတ်တော်ပြဆည်။ ။ ကြီးလှကျေးဇူးခေါင်အကျူး။

## ပညာတတ်ကောင်းကြောင်းဆုံးမစာ

သကျရှပ်၊ ကြံကြံသမျှ၊ တောင့်တရာရာ၊ ထက်ကောင်းစွာသား၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊ ငယ်ကမသင်၊ ပျော်ပါးလွင်မူ၊ အကြွင်သူအား၊ စကားပြောတင် သဘင်မပြဲ၊ ခံတွင်းမွဲဆို၊ ချို့တဲ့မညာ၊ ညိုးမျက်နှာနှင့်၊ ရှ ရှာလန့်ထိတ်၊ အသံဆိတ်နှင့်၊ တိုတ်တိတ်မခန၊ ဆိုပြန်ချေလည်း၊ စပြေမပြစ်၊ အထစ်ထစ်နှင့်၊ ကျစ်လျစ်မရှိ၊ ဟုတ်လိန္နိုးနိုး၊ ဆင်ကန်းတိုးသို အကျိုးအကြောင်း၊ ကောင်းကောင်းမမှန်၊ သမ္ဗာန်ပါငြလျှောက်၊ ရှေ့-နောက်မညီ၊ အစီအလျဉ်၊ အစဉ်မသင့်၊ တစ်ဖျင့်တစ်ပါး၊ ရယ်ဖွယ်များခဲ့၊ ဘိုးဘွား၊ မိဘ၊ လူကြီးမရှု မလှမညို၊ မစိုးမရိမ်၊ ရွှေဘုံအိမ်မြင့် ခုနစ်ဆင့်ထက်၊ နေ့လင့်ကစား၊ ပြာသာဒ်ဖျားဝယ်၊ နားသည့်ကျီးမျှ၊ ပမာကျလိမ့်၊ အင်္ဂပစ္စင်၊ သင့်မြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း၊ နံ့သာလိုင်သင်း၊ ဂုဏ်နံ့ကင်းမူ၊ အဆင်းလှဆန်းလူ့

http://www.dhammadownload.com



ဓပါက်စန်းဟု၊ သွမ်းမှုန်းသိစေတွ၊ကဲ့ရဲ့ခလေအံ့၊လုပ်ခြေလုပ်လက် ဆက်လက်နည်းမှီး၊အကျင့်သီးသော် ချည်နှီးဥစ္စာ၊ အိုသော်ခါ လည်း၊ မဟာဒုက္ခ၊ တွေ့ကြုံရသည်။ ။နေ့ခင်တ, နှလုံး မငြိမ်တည်း။ (ကိုးခန်းပျို)

## ရပ်ပြစ်ရှစ်ပါး

ရပ်ပြစ်ရှစ်ပါး၊ ဖော်ပြထားအံ့။ ဘုရားမြတ်စွာ၊ သာသနာ သည်၊ မတည်မှုန်လှ၊ ပစ္စန္တတည့်၊ အံရှူးမလေးဘုံ၊ သက်တုံ မိစ်မ်း၊ ဖြစ်ခန်းသတ္တ၊ စေ့ရောက်ကျလျက်၊ မဖြစ်ပျက်သား၊ နားနှင့်မျက်စိ၊ ချို့တဲ့သောသူ၊ နာမ်မူလည်းပြတ်၊ သညာသတ် ဘုံ၊ ယူတုံမိစ္ဆာ၊ ထိုသူပါပြန်၊ တိရစ္ဆာန်ဘုံ၊ အပုံများစွာ၊ ပြိတ္တာ မျိုး၊ ကဲ့ ရဲ့သူရွာ၊ ရှစ်ဘုံသာဟု၊ ဇိနာလင်္ကာရ၊ဋီကာပြသည်။ ။ ကင်းကြလွတ်ကြောင်း ဆုယူတောင်း။

## ဘုရားလောင်း ကြည့်ခြင်းငါးပါး

ကာလံ,ဒီပံ,ဒေသံ,ကုလံ,ဇနေတ္တိယာ အာယုပရိမာဏံ။

ဘုရားလောင်းတကာ၊ ပျော်စံရာကား၊ တုသိတာမြို့၊ပေါ် မို့မို့က၊ အောက်သို့ကြည့်ရာ၊ ငါးပါးဖြာ၏၊ လူမှာအသက်၊ ဆုတ်တက်ရှည်သန်း၊တစ်ရာ ာမ်းနှင့်၊ တစ်သိန်းတန်းမှာ၊ ဒီပါ ကုန်းထိပ်၊ ဇမ္ဗူဒိပ်ကို၊ ကြည့်ခြင်းဆို၏၊ နေလိုဒေသ၊ ကပိလ ပြည်၊ ကြည့်ပြန်သည်တည့်၊ သာကီဝင်မျိုး၊ မင်းရိုးတသွယ်၊ မွေးမယ်အသက်၊ ခုနှစ်ရက်သာ၊ ရွှေစည်ဉာဏ်လျှင်၊ကြည့်တိုင်း မြင်မှ ဗုဒ္ဓဝင်ပါဠိ၊ရွေကျမ်းရှိသည်။ ။ရဘိခဲယဉ်းလူ့ထိပ်နင်း။

http://www.dhammadownload.com



## စက်ကြီးတစ်ဆယ့်သုံးပါး

၁။ ဩဇြောင်–တရားရှစ်ကုဋ် ဗုဒ္ဓစက်။
၂။ တစ်ဆယ့်လေးချက် ဓမ္မစက်။
၃။ တစ်ဆယ့်ရှစ်ချက် သံဃာ့စက်။
၄။ လရောင်ဝင်းလျက်၊ ရှင်ပစ္စေကဗုဒ္ဓါရဟန္တာစက်။
၅။ မြင့်မိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်။
၆။ ဂုဏ်ကျေးဇူးကို အထူးသိလျက် ဆရာ့စက်။
၇။ ဝရဇိန်လက်နက် ဗြဟ္မာ့စက်။
၈။ မိုးကြိုးလက်နက် သိကြားစက်။
၉။ လောင်မီးကျွံလျက် နတ်တို့စက်။
၁၀။ ဘွဲ့ဖြူလက်နက် ဘီလူးစက်။
၁၁။ တောင်ဟုန့်ပြင်းလျက် ဂဠုန်စက်။
၁၂မှ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်။
၁၃။ သုံးတောင်ဆချါ ဟေမဝန္တာ အာဏာစိုးလျက် သီဟစက်။

စက်ကြီးတစ်ဆယ့်သုံးပါး၊ ရွတ်သံကြားက၊ ဘေးများမြင်ရှု၊ မကောင်းမှုတို့၊ ဝေးကကြဉ်ရှောင်၊ အောင်စေတတ်သည်။ ။ မြတ်သည့်ပညာ ဆရာတည်း။

ဩဇြောင်၊–နမော ဗုဒ္ဓါနုဘာဝေန၊ ဩဇြောင်–နမော ဓမ္မာနုဘာဝေန၊ ဩဇြောင်–နမော သံဃာ နုဘာဝေန၊ ဩဇြောင်–နမော ဒုရေ ဒုရေ... သွား ဟုံဟုံ။

ရှင်းစက်ကြီး ၁၃-ပါးကို အိပ်ရာဝင်တိုင်းရွတ်လေ။

ဘေးကင်း၏။ သိမှတ်ဖွယ်ရာခန်း ပြီး၏။

http://www.dhammadownload.com

## နိဒါန်း

သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။
ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

**သမန္တာ**၊ ဝန်းကျင်ပတ်ချာကမ္ဘာအရပ်ရပ် လောကဓာတ်မှ။ စက္ကဝါဠေသု၊ မဏ္ဍလာပေါင်း သောင်းရပ် ဆယ်လီ ထို–ဤ များစွာ စကြဝဠာတို့၌။ ဝသန္တာ၊ စည်းစိမ်ချမ်းသာ ဂုဏ်တေဇာနှင့် ကြည်သာချမ်းမြ နေထိုင်တော် မူကြကုန်သော။ ဒေဝတာ၊ သိကြား ဗြဟ္မာ ဘုမ္မဇာနှင့် အာကာသဋ္ဌ ရုက္ခဋ္ဌဟု များလှသောင်းသောင်း နတ်,ဗြဟ္မာ အပေါင်းတို့သည်၊ မုနိရာဇဿ၊ မုနိဂါဏ အစိုးရသည့် လောကထွတ်တင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ သဂ္ဂမောက္ခဒံ၊ နတ်ရွာ နိဗ္ဗာန် ကျိုးနှစ်တန်ကို ကောန်ဆတ်ဆတ် ပေးတော်မူတတ်သော။ သဒ္ဓမ္မံ ပြောပမကုန် ကျေးဇူးဂုဏ်နှင့်ကုံလုံပြည့်ဝ ထူးမြတ်လှ၍ များလှ အနန္တရာယ် အသွယ်သွယ်ကို ကာကွယ်ဆီးတား ပရိတ်တော် တရားကို။ အောတုံ၊ သဒ္ဓါဘာသာ၊ အခါခါထား၍နာကြားအံ့ သောငှာ။ အတြ၊ ဘုရားဝတ်ကာပ် တရားမြတ်ကို ရွတ်ဖတ်နေကြ ဤဌာနသို့။ အာဂစ္ဆန္တု၊ ဝမ်းမြောက်ကြည်သာ လာရောက် ကြပါကုန်လော့။

ဘဒန္တာ၊ သဒ္ဓမ္မဿဝန ဒုလ္လဘကို ကြုံရလေငြား အို–နတ် အများတို့။ အယံကာလော၊ ထူးမြတ်စွာလှ ဤအခါသမယ သည်ကား။ ဓမ္မဿဝနကာလော၊ တရားတော်ကို ရှင်ပျော် မှတ်သား နာကြားအံ့သော အခါကာလ သမယပါတည်း။

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတ ပု ရှင်ဗ

# ပရိတ္တပါဠိ

## ဆဋ္ဌသံဂါယနာမူ—ပရိတ်ကြီးပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

၃။* နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏ သရဏာ, ဧတ္ထ လောကန္တရေ ဝါ။ ။ဘုမ္မာ ဘုမ္မာ စ ဒေဝါ, ဂုဏ ဂဏ ဂဟဏ,ဗျာဝဋာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ, ဝရ ကနကမယေ, မေရုရာဇေ ဝသန္တော။ ။သန္တော သန္တောသ ဟေတုံ, မုနိဝရဝစနံ, သောတုမဂ္ဂံ သမဂ္ဂါ။

---

*(တိက္ခတ္တုံ)ဒီဃနိကာယေ ဒုတိယဘာဂေ ၂၃၀-ပိဋ္ဌေ၊ မဇ္ဈိမနိကာယေ မဇ္ဈိမပဏ္ဏာသပါဠိယံ ၃၁၄၊ ၃၄၁-ပိဋ္ဌေသု၊ သံယုတ္တနိကာယေ ပဌမဘာဂေ ၁၆၂-ပိဋ္ဌေ၊ အင်္ဂုတ္တရနိကာယေ ပဌမဘာဂေ ၆၀ ပိဋ္ဌေ။ ဒုတိယဘာဂေ ၂၈၀၊ ပိဋ္ဌေ ဒီသု စ။

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မုနော၊
ယံ အမှေဟိ ကတံ ပုညံ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိဝိစ္ဆိက
မဏိသပ္ပ ဒီပိ အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ
ရက္ခသာဒီဟိ။

နာနာဘယတော ဝါ နာနာရောဂတော ဝါ နာနာ
ဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

http://www.dhammadownload.com



## ၁–မင်္ဂလသုတ္တ

၁၀။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ၊
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

၁၁။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၁၂။ ဧဝံ မေ သုတံ–

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ။
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၁၃။*ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

၁၄။*အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

---

*ခုဒ္ဒကပါဌပါဠိယံ ၃–၄ ပိုဒ်၊ သု၊ သုတ္တနိပါတပါဠိယံ ၃၁၈ ပိဋ္ဌေသု စ။

၁၅။ *ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံမင်္ဂလမုတ္တမံ။

၁၆။ *ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၇။ *မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံမင်္ဂလမုတ္တမံ။

၁၈။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံမင်္ဂလမုတ္တမံ။

၁၉။ *အာရတိ ဝိရတိ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံမင်္ဂလမုတ္တမံ။

၂၀။ *ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံမင်္ဂလမုတ္တမံ။

၂၁။ *ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံမင်္ဂလမုတ္တမံ။

၂၂။ *တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံမင်္ဂလမုတ္တမံ။

၂၃။ *ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံမင်္ဂလမုတ္တမံ။

---

*ခုဒ္ဒကပါဌပါဠိ ၄-ပိဋ္ဌေ၊ သုတ္တနိပါတပါဠိ ၃၁၈—၃၁၉ ပိဋ္ဌေစ။

၂၄။ *ဧတာဒိသာနိ ကတွာ န၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။
မင်္ဂလသုတ္တံ နိဋ္ဌိတံ။

....၀....

## ၂–ရတနသုတ္တ

၂၅။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမီ-ယော, ဒသ ဥပပါရမီယော, ဒသ ပရမတ္ထ ပါရမီယောတိ။

သမတ္တိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ, လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ
မာရဝိဇယံ သဗ္ဗညုတဉာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ–

---

ခုဒ္ဒကပါဌပါဠိယံ ၄–ပိဋ္ဌေ၊ သုတ္တနိပါတ ပါဠိယံ ၃၁၂ ပိဋ္ဌေ။

၂၆။ ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၂၇။ ရောဂါမနုဿဒုဗ္ဘိက္ခ-သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပမန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမဟေ။

၂၈။ *ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၂၉။ *တသ္မာ ဟိ ဘူတာနိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ၊
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၃၀။ *ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၁။ *ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။

---

ခုဒ္ဒပါဌပါဠိယံ ၄-၅-ပိဋ္ဌေသု၊ သုတ္တနိပါတပါဠိယံ ၃၃၂-ပိဋ္ဌေ။

http://www.dhammadownload.com



န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၂။ *ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိမာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၃။ *ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၄။ *ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

---

* ခုဒ္ဒကပါဌ ပါဠိယံ ၅-ပိဋ္ဌေ၊ သုတ္တနိပါတ ပါဠိယံ ၃၁၂-၃ ပိဋ္ဌေသု စ။

၃၅။ *ယထိန္ဒခီလော ပထဝိသီတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော၊
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယ သစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။

၃၆။ *ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ
ကိဉ္စာပိ တေ ဟောန္တိဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၇။ *သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၃၈။ *စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု၊

---

*ခုဒ္ဒကပါဌ ပါဠိယံ ၆—ပိဋ္ဌေ၊ သုတ္တနိပါတ ပါဠိယံ ၃၁၃—၄ပိဋ္ဌေသု စ။

http://www.dhammadownload.com



၃၉။ *ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ။
ကာယေန ဝါစာ ဥဒ စေတသာ ဝါ၊
အဘဗ္ဗ သော တဿ ပဋိစ္ဆာဒါယ။
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိသံဃေ ရဘနံ ပဏီတံ၊
ဧတေက သစ္စေန သုဝတ္ထိ ဟောတု။

၄၀။* ဝနပ္ပဂုမ္ဗေ ယထဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ၊
တထူပမံ ဓမ္မဝရံ အဒေသယိ။
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၁။* ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၂။* ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တ စိတ္တာယတိကေ ဘဝသ္မိံ။
တေခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။

---

ခုဒ္ဒကပါဌပါဠိယံ ၆–၇ ပိဋ္ဌေသု၊ သုတ္တနိပါတပါဠိယံ ၃၁၄–ပိဋ္ဌေသု စ။

http://www.dhammadownload.com



ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝ မနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၄၄။* ယာနီဓဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝ မနုဿ ပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၄၅။* ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါယာနိ ဝ အန္တလိက္ခေ။
တထာ ဂတံ ဒေဝ မနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။
ရတနသုတ္တံ နိဋ္ဌိတံ။

## ၃- မေတ္တသုတ္တ

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အဆိုင်ဆိုင် ပြိုင်ဘက်မပေါ် မဟာဝတ သုံးလူ့ဘ ထိပ်ဗွေ ပရမဇိန မြတ်ဗုဒ္ဓရှေ့ကိုယ်စောဘုန်းမိုးသည်ပြည်သာ မဂဓိုရ်မြယ် ရာဇဂြိုဟ်ဘွင်ဝါဆိုတော်မူတုန်း အခါက ပထဗျာ မြေပြာ ဇမ္ဗူကိုဖောက် လျင်လျင်ရောက်နိုင်တဲ့ ရှင်မောဂ္ဂလန်၊ တန်ခိုးထက်တဲ့ လက်ဝဲရံ ထေရ်ပျံစောလောင်း ဘုရားရှင်ထံ သွားသင့်ပြန် ကြွားခွင့်ပန်တောင်းပြီးလျှင် ကျောင်းဝေဠုဝန် ထိုကသွားသော် နွားဘစ်ထွန်တွင် မြိုင်စွန်သို့ရောက် နွားတစ်ရာ ငင်လောက်သည့် ကျောက်ကမ်းပါးယံဂူကြီး လူသူမနီး တစ်ဆူတည်းကျင့်တုန်းက မျှားဖြင့်သူယုတ် နန္ဒင်းဆိုတဲ့သက်နိုးနှင့် ရှင်ရဟန်းလုပ်ပြီး ကျင့်ယုတ်မသမာ အယူမှားတဲ့ သင်းငါးရာ မသမာဒိဋ္ဌိ မသူတော်တို့ကို သူအဖော်ညှိပြီးလျှင် မချိအောင် သတော တိုင်ပင်ကာမြှောကြ ဂေါတမရှင်ကြီးဟာ ငါတို့ပြည် လာတာအညီးက သစ်သီးမှန့်ငါး အလှူမလာ လူမသမာများ လှပြီ၊ မစားရတို့မှာ မပို့လာတစ်ခါဖြင့်လေ၊ အားမရှိခါးချည့် လိုသေရချည့် ပရမေသကျ ဂေါတမ သတ်ရအောင် တိုင်ပင်ကာ စပ်ကြားက မြတ်ဘုရားမြင်တော့ကမှ ဝင်ရှိတစ်ယောက် မတူမတန်နှင့် သူ့အကြံပေါက်သည်မှာ မောဂ္ဂလာန်တဲ့ သူ့တပည့် လက်ဖွဲ့အင်းအိုင်ဆေးဝါး မန္တရားအတတ်များကြောင့် ပျံသွားနိုင် မပြိုင်တို့ရှောင်း လူထွက်သင့်ကြောင်း မျက်နှာပွင့် ကောင်းလှသတဲ့၊ တောင်းလို့မပေး ထိုရဟန်းကြီး အရဖမ်းပြီးလျှင် တရကြမ်းသတ်ရတာဖြင့် ငါတို့များဆွမ်းအငတ် အေးရှော့ပ၊ ဆေးကိုရတော့လဲ အရယူ၊ ဆွမ်းဆိုတာဟာ လာလို့ပို့၊

ငါတို့ကိုလှူရောပေါ့၊ အယူဒိဋ္ဌိပြာညိုမှုန်မှိုင်း ရာဇဂြိုဟ်အနောက်ပိုင်းက ကျောက်ဂူမှာရှိလေရဲ့ သတိတွေးချင့် ငါမသတ်ချင်ပါ အာပတ်တွေ့ သင့်ပါလိမ့်မည်။

မျှားဖြင့်ခိုးသား လူဆိုးများ ဓါးဖြင့်ခုတ်ပိုင်း ငါးရာငွေနှင့် သွားပါချေခိုင်းပြီးလျှင် ဝိုင်း၍ ကွပ်ညှပ် ထောက်မတန်ရောက်ပြန်လျှင် မောဂ္ဂလာန်သတ်ခဲ့ဟု ထက်ကြပ်မနေ လက်ထပ်စေ၍ သတ်ချေဟုခိုင်း တကောသမြေ တော နေမှာ စောရတော့ဖမ်း ထုံးရဟန်းတို့သတ္တိ ဆွမ်းစားပြီးနောက် သူတစ်ယောက်က ဂူပေါက်ကိုကျော်....။

ဆွမ်းစားပြီးနောက် သူတစ်ယောက်က ဂူပေါက်ကိုကျော်လို့ အကြောင်းတော်ကို ကြည့်လိုက်တော့ မိခင်၏ဝဋ်စ ရှေးမဆွ ဗာရာနသီတွင် လယ်ထွန်ယောကျ်ား ဖြစ်လေငြားက နို့စဉ် အခါ သူ့ကြင်ရာက ပို့လာထမင်း မယှဉ်းသမှု နှစ်လုံးသော ကြိုးကြာဥတို့ကို ကြည့်ရှုကာနေပြီးမှ တစ်လုံးကိုတော့ မင်းစားလေ ရှင်မရေ၊ တစ်လုံးကိုတော့ အမေ့ကိုကျွေးဟု ပေးပုံတော် ပေးလိုက်သည်မှာ မိစ္ဆာမယား အပိယံက ကြံစည်ဉာဏ်ရည် ဖန်လည်သော သဘောထားနှင့် ချဉ်လှတဲ့ဆံပရာကို ရှာကြံကာပေးပြီးမှ တဖြည်းဖြည်း နေ့စောင်း ညဉ့်နှစ်မောင်းကလဲ အကျော် အော်လိုက်တဲ့ ကြိုးကြာသံရေ ဥပျောက်လို့ ရှာရောထင့်၊ သာမပါဝေရှဲမင်းအသံ ဖန့်,ငန့်,ချဉ့်,ခါး၊ မင်း ဥကလဲ ပုံစံငယ် ခြားပါဘိ ထက်နဘ က မြည်တွန်သံ ကြားတော့ကမှ အမြွက်မျှ စကားဖြင့် ညည်းတွားတော်မူသော အခါတွင်၊ မယားပိယံနားမှာ ဆတ်ဆတ်ကြားရပြန်ရတော့ကမှ၊ မောင်ရေ ကြိုးကြာဥ သံ၂ရာလုပ်လို့ မဟုတ်ပါချေ၊ ငါတို့လင်မယား

http://www.dhammadownload.com



ကွဲပြားပါစေ၊ မောင့်အမေ ပုံသေချစ်ရင် ကျုပ်ကိုပစ်ပါ၊ မာယာဉာဏ်နှင့် တောင်းပန်ရှာသော်၊ အဲသည်တော့ကမှ လောင်းမြှတ်ကျော်က မွေးသမိခင်ကို ငါမချစ်၊ မင်းကိုငါ မပစ် ဖြစ်တူ့ပျက်တူ တာရှည်ကောင်းအောင် ပေါင်းဖက်တော်မူမည်ဟု ကြည်ဖြူကြည်သာ ပြောပြီးကာမှ မွေးသမိခင် မျက်မမြင်ကို လှည်းတွင် တင်သွား ခရီးဝေးကွာရောက်သော အခါမှ ဓားပြသဏ္ဌာန် တူစွာဖန်၍ ပြေးပါတော့ အမေရ ရဂုံခတ္တကာ ပုံသေမပျက်ဝါးရင်းတုတ် တင်းပုတ်နှင့်နှက်ချပြီ။

အဲ....သည်တော့ကမှ မွေးသမိခင်....မျက်မမြင်က ပုန်းထွက်ကွယ်ရှောင် မင်းလွတ်အောင်ပြေးပါ လူကလေးမောင်ရေ....၊ အမေလေးမှာတော့ စက္ခုန္ဒြစ်ကွင်း အလင်းမရ ဇရာကျလို့သေပျော်ပါပြီ၊ ငါ့သားကြီးမှာတော့ သံယောဇဉ် ခင်တွယ်လို့ ပုန်းထွက်ကွယ်ရှောင် မင်းလွတ်အောင် ပြေးပါလူကလေးမောင်ရေ၊ အဲ....ဤကဲ့သို့ ယခုပင်ပြောသလို နားမှာဆတ်ဆတ်ကြားပြန်ရတော့ကမှ သေနတ်, ဓားလှံ အမျိုးရုံလျက် ကြွားဟန်ဟစ်ကြွေး၊မိခင်ဝဋ်ခံ မလွတ်သေး၍ ပြေးလို့ခုပင် တောင်ကအဆင်း ဖန်ဂူတွင်း၌ အတင်းတိုက်ခိုက် သပိတ်ကိုပိုက်လျက်နဲ့ ခိုးသားရိုက်ခံရ ရှာလေသတည်း။

ဓားလှံ ထိုးခုတ် ဝါးရင်းတုတ်နှင့် တင်းပုတ်ထုချေ တံပူကို တေသည့်နှယ်၊ သေသထက်ဆိုး ခြေလက်တွေ ကျိုးလို့မို့၊ အရိုးမရှိ ဖော့ဖယောင်းကဲ့သို့ ပျော့ပျောင်းကာ အိတော့ကမှ ကိုယ်ဇာတိ ချက်ကြွေ ခိုးသားတွေ ပြန်ကာ သွားကာမှ ဈာန်သမာ စိတ်ဝင်စားပြီးလျှင် တရားတော်သံဝေဂရယ်နှင့်၊ ကမ်းပါးယံဂူ ဖန်ဂူဝဆီက ဈာန်တဆူ ဟန်ယူလို့ထပြီးလျှင်၊

http://www.dhammadownload.com



ဘြော်....ရုပ်လုသည့် ဒုက္ခဒုက္ခနှင့် ညည်းသံ ပြည်နိဗ္ဗာန် စံကာ နီးခေါ်မှ ဒုက္ခကြီးသို့ကလောက် ကိုယ်တော်မှာရောက်ရ ကြောက်စရာ ဝိပါကံ၊ မောဂ္ဂလာန် ရှင်ဘုရားယော်မှ ရှေးပုဗ္ဗေ ဘဝ ခြားစဉ်က မတရားအကြံ့ကြံ အမှားစရိုက် မယားကိုအလိုလိုက် မိလို ခိုးသားအရိုက် ခံရရှာသတဲ့၊အဲ....ဤကဲ့သို့ပုံထုံးကို နှလုံး တော် အသင့်ထားကြ၍ ယခုအခါ လူသတ္တဝါ အများတို့မှာ အနိစ္စပဲ့ ဒုက္ခပဲ၊ အနတ္တပဲရယ်လို့ စွဲပီတိသဒ္ဓါဟုန်ဖြင့် ပညာလှူ ညွတ်ထွား၍ ရွတ်ပွားသရဇ္ဈာယ်တော်မူကြပါစေသော်။

(အရှင်မောဂ္ဂလာန်အမှန်းပြီး၏။)

....*....

## ပဋာစာရီအမှန်း

ကြွံရတနာဥက္ကဋ္ဌ၊ ဓမ္မပရာအနုတ္တရ၊ ဇိနာဥတ္တမဟာမြတ်မုနိ စိန္တေယျာသည် ဌာနီမချို့ ပထဗျာမဟီ ပြာရိမို့နှင့်၊ ညို့ညို့ ငယ်ဆိုင်း တိုင်းသာဝတ္ထိ အောင်ဘူမိ ပြည်ဇေယျာဝယ် ကြည် စေတနာ ဓမ္မာခေတ်ဖြင့်ထေရ်သံဃာ မဟာမြတ်တို့နှင့် ဝါကပ် တော်မူလေသည်။

ထိုသည့်အခါ ပြည်မဟာဝယ် မှီသဒ္ဒါ ဓမ္မာမလပ် သမို့ အသပြာကျုပ် ရွှေ့ငွေ ရတနာနှင့်၊ ခြွေရွှေသဟာ ပရိသတ် အပေါင်းတို့နှင့်၊ စိတ်ခတ်မညောင်း လူ့ လောကတွင် သူဘောဂ သူဌေးကြီးဟု ခေါ်အမည်းသညာဖြင့် စဉ်အလှာ ခင်းမပျက်ဘဲ ဆင်းသက်၍ ကျော်ပေသတည်း။

ဓမ္မဒေဝီ နတ်ဟန်သမျှကဲ့သို့၊ တော်ကေသီ ဒြပ်သဏ္ဌာန် လှပသော ကျော်မြေညီရပ်ထံကာပင် မှတ်ရန်တဝ မဖယ်သာလို့

မယ်ပဒ္မာ့အရွယ်လှတဲ့ သူငယ်မသူဌေးသမီးသည် ရှေးတစ်နည်း ပွားစာနည်းသဖြင့်၊ လူငမွဲဒါသကိုအာဒလယဇ္ဇအချက်မြင့် စွဲမက်၍ နေလေရာ၊ ရွှေမြည်မှာ အာသာရေမထုတ်နိုင်လို့ အခြေအညည်ကာ ဝနေစုတ်ပါရ ပွေရှုပ်စွာ တဲ့အိုပျက်ငယ်နှင့် ဆန်ကွဲကိုအမြဲ ကျိချက်ပြီးလျှင် မနဲကို ခံမျိုလျက်သာပ ဩော်...မွဲပို့ချက် သူနစ်နာ၊ မွဲပို့ချက် သူနစ်နာသော်လည်း၊ လူဖြစ်လာတာက တော်လေပြီဟု မွေးအမေပေးဝေကျေးခဲ့ရ မအေးစေသေးတော့ တွေးစေဖို့မွေးလသည့်ကံဇာတာငယ်၊ မြန်မကြာအဟုတ်တိမ်း ပါလို့ နာမ်ခန္ဓာချုပ်ငြိမ်း အုပ်ထိန်းတဲ့မွေးသမိခင် မြင်လျှင် မကြာအဟုတ်အမှန် မဆေးသမို့ ပြင်ဆင်ကာရုပ်နာမ်အရေးကို သုသာန်မှာ ထုတ်ရန်တွေးပြီးတော့ ကျွန်လိုလျှင် ကိုယ်ကို ပေးမယ်လို့ သုံးပိဿာကိုယ်နှေကြေးရယ်နှင့် မယ်ပဒ္မာဘာသူဌေး သို့ သူပြော၍ရောင်းလေသော်....၊

ဆင်ခြင်ကာ မေ့မော မြင်စဉ်မှာ အတွေ့ဇော တွေ့နှင့် ကြင်ချင်သူတမေဇောပါရ ဇောကပ်တဲ့မယ်ပဒ္မာ၊ ဒါသမောင် ပူးစာဖက်ကိုဖြင့် ထူးပါချက် မေတ္တာကြောင့်၊ ချစ်ပါနော် ကိုဒါသရယ်လို့ ဆိုဟာကာသံစာစာနှင့် အကြံမပါလျှင် ရန်ရှာ ရမယ်လို့ ဉာဏ်မာယာ မာန်တကျာတွေ့ကြံပြီးလျှင် ဟန်တစ်ဖြာ ကြံကာဆပါလို့ ပြန်ကာပဆိုလေသော် ထိုအခါ မောင်ဒါသက ဩော်....ယခုမှ ခက်ပြန်ပေါ့ခက်ပြန်ပေါ့နော်၊ ခက်ပြန်ပေါ့ သူ့ မေတ္တာ မကြိုက်ပြန်မိုက် ဒဏ်ပေးတော့မယ်တဲ့၊ ကြိုက်ပြန်ရင် ခိုက်ရန်ကဝေးသမို့ ဆွေးစရာ စိတ်ဒုက္ခာ မာယာဉာဏ် သူ့စက်က ခုထွက်ကာ အဟုတ်ပြောပေမယ့် အရှုပ်ကလေးလို

http://www.dhammadownload.com



ကညာသွင်မို့ တစ်ခါမြင်လျှင် ထာဝစဉ် စွဲလောက်တဲ့ ဘမရာ ပဲလ္လင်မှာ ရာဇဝင်နွဲ့သွမို့ ငါအမြင်လွဲလို့ မဖြေသာ၊ ခေကြမ္မာ သံယောဇုန တွေ့ကြောင့် ကံမျှောရာပင် အယူပိုက်တော့မတဲ့ အို....မပဥ္စာရဲ့ အတူကြိုက်ရပါပေသတည်း။

ထိုသို့ ကြိုက်ပြန်ပါသော်၊ နှစ်ပါးအချစ် ခြားစနစ် မင်း အဖေဖျက်ရင်လ အခင်းသွေ့ပျက်နှစ်ဖြာကွဲကြလျှင် ဘယာမစဲ ပူဟန်တွေနဲ့ မူမမှန်အခြေ စောင်းပြီးတော့သကြောင်းတကယ် မြင်လို့ တာတွယ်လျှင်နောက်ကိုလိုက်ခဲ့ပ၊ မြောက်ဟိုဘက်ခရီး ရွာတွင် မှီစရာအိုးအိမ်အသင့်ပါတဲ့ ကြိုးကြိမ်နဲ့ အသက်မွေးပြီး လျှင် ဘယက်ကခလေး ခင်ပဥ္စာကို စဉ်အလာအမှန် ကျွေးရန်ဖို့ လျှင်မကြာ အမြန်တွေးပြီးလျှင် စားသောက်ရေး အတွက်တာ ခက်စရာတစ်ခါကြုံလို့ ကမ္ဗလာခြုံ့ဆိုတာဟာဖော်ကွာဝေးငဲ့ပြင် တစ်ထည်စို တစ်ထည်မနွေးနိုင်ဘူး၊ကံမေးတဲ့မောင်နှံ၊သူများထံ ရှာရန်ခက်ပါဘိ မပဥ္စာပြန်ချင်လျက်ပါပါ၊ အကိုလင်ငြိုငြင်လို့ မကွက်ဘဲ၊ခုထွက်၍အမြန်ပို့ပါဟု ပြန်ဖို့ရန်ပျို့ပဥ္စာက ငိုယိုကာ တားမရအောင် အပါးကမူရာတွေနဲ့ ပူဆာမြန်လေသတည်း။

ထိုအခါ ကိုဒါသက ပျိုကညာလှ မပဥ္စာရယ်....သားငယ် နှင့်အမိ မချိအောင်တကယ်ပန်းကြလိမ့်၊ လမ်းကလဲကြမ်းစခန်း မျှော်ရှု ကျုပ်နှမသနွေနံ့နဲ့မို့ ယခုဖြင့် ခွင့်မပေးဟု တွေးရှု၍ ပြောသော်လည်း နားမထောင်သားမောင်ပိုက်ချီထွေးပြီးလျှင် ဘပိဘာရပ်ကျေးသို့ ခုမနေးပြန်လေသော်....။

ကမ်းပါးယံလမ်းအစ ပန်းသက်မှန် မှန်တာသသက်ထုံ ကရမက်ရယ်နှင့် ရဂုံထက်မြိုင်သေလာမှာခိုင်ရွှေညှာဆပ်သဖူးရယ် လို့ဖြတ်ကူးကာ နင်းကျော်လို့ခင်းမလျော် လေချက်အခြေငယ်

http://www.dhammadownload.com



ပျက်လို့မို့ အခက်ကြီးခက်တော့မယ်ထင်ရဲ့ သားကြီးတို့ဖခင်ရယ် ခါးဆီကစအောင့် ရင်ထဲကတောင့်သနဲ့ မဲစောင့်နိုင်သနွေသား သူဖွားတော့မယ်ထင်ရဲ့ဟု သွယ်သွယ်ညည်းတွားခရီး ကြွားမိးဖွားလို့ လာလေရာ၊ ဒေဝါမိုးနတ် စက်မောင်းငယ်ဆင်ကောင်းကင်ရပ်က လျှပ်ပန်းလျှပ်နွယ် အာကာရိုက်ဟီး ဒိုးတလိမ့်လိမ့် မိုးလုံးငယ်ခြိမ့်လို့မို့ တသိမ့်သိမ့်ညည်းသည့်နွယ် မြေကြီးတုန်အက်လျှင်ဖက်၍ လောကခါတ်ပျက်သလို သွက်သွက် ရှိက်ခါဆယ်ဒိသာမှ ဘယ်ညာမှန်းဆ မိုးမှောင်တွေကျပါလို့ မလှုပ်ပန်း လှိုက်လှိုက်ကယ်ခုန် ခိုက်ခိုက်တုန်ချမ်းပါဘိ နန်း‌ေတော်မျိုးဆွေ သာဝတ္ထိတိုင်း၌ာနေ ဖပိတာမွေးအမေတို့ရယ် ကင်းဆေးတွေဖြစ်ပုံမြင်ဦးတော့လေ မလားဟုကုန်းဟစ်ခါခေါ်ပါသော်လဲမရ၊ မဋ္ဌာလှမှာ ခြေလက်ကအေး ဇက်စာလေးတာနဲ့အူရေးမလှ ချွေးမရလို့ အေးလိုအေး ပူလိုပူ ကူပါအုံး ဘယ်ဆေးကိုမှ မသုံးရလို့ လုံးလုံးပစ်ပယ် ဒုက္ခသည်ကယ်သူမနီးလို့ ဝဋ်တရားကြီးပါဘိ၊ မီးကိုမှမလှုံရလို့ ချုံးပွဲချိုင့်ခသာအခါ ကြွင်နာသူလင်ဆက်ထားက ကရုဏာထပ်ပွားလို့ မယားကြောင့် အခင်းပွေပြီးလျှင် ထင်းအခွေ သွားရှာရလေသတည်း။

တစ်ချုံဝင် တစ်ချုံထွက်နှင့် စုံမက်သူမောင်ဒါသမှာ ရ...မျှ ထင်းကိုကောက်လို့ တောက်လျှောက် မနား ဟိုချုံပါးမှာ ထင်းများပေါ်လေမလားဟုမယားဇောကပ်သောမနသကြောင့် လောကဓာတ် တိုက်ဘောင်ဝယ် အမိုက်မှောင် ဤကာမဒါသ စာရင်းပါမို့ ခင်း မထမာ‌ရှုမတွေးနိုင်ဘဲ ...ကိုသာ ယူလိုရေးဖြင့် ခုမနေ့းဆွဲလေရာ၊ နာဂအမျိုးမသမာလှလို့ ဒါ...ကို ငြိုးရောထင့်၊ ကိုယ်ကျိုးနဲ့ ဘဝပြောင်းစေဖို့ မာန်စောင်းနှင့်

ပေါက်လိုရာ၊ နောက်ဘဝကံ ခုမခန့်ပြုခရေးဖန်လို့ နာမ်ခန္ဓာ ရုပ်ဇာတ် ချုပ်ပြတ်ကာအစသိမ်းပြီးလျှင် ဘဝ ငြိမ်းရရှာလေတော့သတည်း။

ထိုသို့လျှင်ကိန်းမလှ စိမ်းဘဝခန္ဓာကြွေ၍ မရဏာမြေ လှမ်းပါရသူကိုတမ်းတကာ ခင်ပဋ္ဌာကမကြင်နာအပြစ်ယူလို့မို့ ပူပင်တဲ့လူစားဖြင့်သည်မယားသေးနန့် မြေးယခုလာသင့်ထယ်၊ မဖွယ်လေငြား ကြာပုံငယ်ခြားပါဘိ ဘာမျှားဖြစ်ပလေဟုစိတ် သောကထွေထွေနဲ့ ကမ်းခြေသို့ လျှောက်ခဲ့ပြန်၊ ကိုယ်ဒဏ်ရာ စွယ်နှ ချက်ကယ်ကြောင့် သစ်ခက်တွေထဲ တုံးလုံးရယ်လဲလို့မို့ မယ်တွဲကာယူ ထူပါသော်လည်း မထ၊ ခေါ်မရလို့ တစ်ခါ နှုတ်ဆက်သည် မြို့ဝထက်မှာ သစ်ခက်တွေ ခုတ်ထွင်၍ အုပ်တင်ကာထားခဲ့ရလေသတည်း။

ဩော်...သွားပေါ့သွားပေါ့ တစ်အားငယ်ပျော့ ထားကြော့ဆက်လျာ ပူဗျာပါမအေး ကူစရာဖြင့်ငေးကြွေပေါ့ လူ့ကလေး နှစ်ဖြာတို့ရယ်၊ ရွယ်ကာမှန်းဆ လမ်းဝမှာ လှမ်းကြွကာလာခဲ့တော့ ကန္တာရကြော့သမ်းတောအင် စမ်းရေယဉ်စီးပါ၍ ခရီးတခို အသည်းဖို့အောင် အပြီးကိုဆိုက်ပါခဲ့ပေါ့၊ ဩော်....မလိုက်နဲ့ မေ့သားညီငယ်အလှချီတွယ်မပြီးလျှင် သည်မယ်တခဏ အမြန်ပို့ချေမည်ဟုမြွက်ဆိုကာထားလို့မို့ သားအငယ် တစ်ဖက်ကမ်းတွင်ပုခက်တန်းကြိုးဆင်၍ လျင်အမြန်ထားပြီးမှ သားကြီးလှရှိရာ တစ်ဖန်ပို့ရအောင် ပြန်လို့ပင်လာလေရော၊ ထိုအခါ သိုက်နန်း အထက် ရှိက်ကြမ်းဖက်ရှာတဲ့ ငှက်မှသမာက ပဋ္ဌာရင်သွေးသူ့ကလေးကို ခုခနန်းကိုက်ချီကာသွားသဖြင့်ထားခဲ့ဖို့ စွန့်ရာဇာကို ညွှန်ကာ ပန္ဒါနာရှိခိုးပြီး ပပ်လျှိုးကျောတောင်းပန်၍ ဟန့်ဖြင့်

ခြောက်သောအခါ တစ်ယောက်သား လူမမည်က အပူသယ် ပဋ္ဌာပြုသည်ကိုလာရမည်လှမ်းခေါ်ရသလားရယ်လို့ ကမ်းပေါ်မှဆင်းလေရာ၊ ပေ့ခင်းမလှ ဂယက်ဆိုင်တွင်မတက်နိုင်မြုပ်နစ်လို့ ချုပ်ညစ်တဲ့ လှိုင်းအားကြောင့်နုထွားထွားလူမမည်ကလေးမှာ ကူသယ်သူအမှန်ကင်းလို့မို့ ထန်ပြင်းတဲ့ဝဲစလုတ်ကဆွဲမြုပ်ကာ နစ်ရှာရလေသတည်း။

သည်တော့အခါ ပဋ္ဌာခင်က မဟာလင်ကိုဒါသရဲ့ခြော်... ကိုဒါသရယ်လို့ ဆိုကာတ ကျွမ်းလှလို့ လမ်းအစ တွေ့အငူမှာ အဖေတူရှင့်သားတော့ကို မြင်အားတော်မူလှည့်ပါဦးဟုယုံ့ကျုံးမရ ပူလုံးငယ်ကြသို့မို့ ကျမျက်ရည်မစဲမေ့ အသည်းမှာအမြဲပင်စွဲလှချည့် လဲလို့လဲ ယိုင်လိုယိုင် တမှိုင်မှိုင်ပူလမ်းသို့ သူမှန်း၍မြန်းလေသော်—

ထိုသို့လျှင် ပြည်တော်ကြွင့်နှုန်းသို့ ရည်ရော်မှန်းလို့ သွားလှမ်းကာ လာခဲ့သောအခါ၊ ပြည်သာဝတ္တိ ဖာနီးစခန်းခရီးငယ်ကြွမ်းပန်းလှသို့ နွမ်းလျခွေလိုက် မနေ့ထွေထွေ ဝေနေပွားသဖြင့် အမောပြေ နားနေခိုက်တွင် လူတသိုက် အသိဟောင်းတို့မှာ အကြောင်းသင့်ဆိုက်လာလို့ ထိုက်လျောက်ရာစကား ထွေထွေရာရာမနေသာလို့ သေ့အချာ ပြောကြားသည်မှာဒီလိုပါဘတ္တိ ရယ် ကိုဒါသကို လင်သူတော်နဲ့ တူနှစ်ဖော်လာကြသော်လမ်းအစဘစ်ဝါလယ်၌ ခက်ဖွယ်အရေးကြုံပုံက သန္ဓေင်ပွားခိုက်တွင် မှောင်မိုက်လျက် သေတော့ဆင် ရေအယဉ် ဖျန်းပက်လို့ ချမ်းလျက်နှင့် အသာကွေးသော်လည်း မမွှာသေးနုနုမို့ ခုလိုပုံဖြင့် ခက်တော့မယ်၊ မီးယပ်သယ် ဒုက္ခ များတော့မပေါ့တဲ့၊ ညည်းတွားကာ လင်လူလှက ဘဝင်ဆူမျှ အခင်း ပေ့ပြီးလျှင်

http://www.dhammadownload.com



ထင်းခွေသွားပါသည်၊ အဲဒီလို ထင်းခွေအသွားမှာ ဆိုးဝါးတဲ့ကိဇာဘာဘက နာမ်ခန္ဓာ ခြေထုတ်ကွာအောင် မြေယုတ်မာသူပေါက်လို လူတစ်ယောက်တစ်ခါဆုံးတော့ သစ်ခက်တွေအုပ်ဖုံးပြီး ပွးလုံးနဲ့နှစ်ယောက်သား နောက်ပါးက အသာပိုးပြီး ဂြိုဟ်ဆိုးမ’ လှမ်းခဲ့တော့ လမ်းခရီး ဝနေတာခွင်မှာ ရေအယဉ်ရွှေ့ကဆီးနေလို့ မေ့သားကြီးလူကလေးရယ်ကမှုဘေးထိပ်နား ကာဓာခင့်စားလို့ နေရစ်၊ မင်းညီချစ်ကမ်းတစ်ဖက်ကို ထမ်းရွက်လို့ အမေပို့ချေမကွဲလို့ သို့ကလိုမှာထားပြီးပြန်အသွားမှာ ညာဏ်များတဲ့စွန်ယုတ်မာက ယူသုတ်ကာ ချီဆောင်သွားလိုယောင်မှားလျက် တစ်ခါအော်....တကျော်ကျော် လက်ခုပ်တီးမေ့သားကြီးထားခဲ့ဖို့ အာန္ဒီတဲ့ရေထဲက မေခဲ့လို့ တောင်းပန်ပါသော်လည်းအကြောင်းကိုကဆန်းလှလို့ ကမ်းစကသားကြီးက ငါ့အပြီးအမေခေါ်သည်ဟု ရေပေါ်ဝယ်ခုန်ဆင်း၍စလုတ်တွင်း ဝဲဇလာမှာ အသည်းနာလို့ ဆုံးခဲ့ရတယ် အဘတို့ရယ်ဟုငိုယိုကာ ဆနစ်စုံကို အပြစ်ကုန်ချန်မထားဘဲပြန်ကြား၍ပြောဆိုလေသော်—

ထိုအခါလူတစ်စုက ဩော်....ကလေးမရှဲပူမှုတစ်ခါသိမ်းပေတော့၊ အစိမ်းသေ မင်းအဖေတို့မှာလဲအခင်းမလှအခြေဆိုက်ပုံက လေတိုက်လို့ မိုးမှောင်ဆင်တော့ ငလျှင်ဟီးလို့ တိုက်ကြီးပြိုတော့ အဖိုးအို မင်းအဖေနဲ့ မွေးအမေမင်းမောင်ကြီးတို့မှာ နောင်အပြီးခန္ဓာစောင်းပြို- မရဏာကြောင်းမြန်းကြပေါ့၊ ရမ်းဆလို့ရှုပေတော့၊ ဟိုရွှေ့ကာမီးခိုးဟာမင်းဆွေမျိုးအသုဘရဲ့မှုကိစ္စပဲလို့ ရှုတ်တရက်ပြောခိုက်တွင် မနေ့ဘဲ အလုံးဆို့ပြီးမြုံ့လိုမြုံ့ရယ်လိုရယ် တကြည်ကြည်မျက်နှာပေးငိုရှိုက်ကာသူ

http://www.dhammadownload.com



ပြေးလို့လာလေးတို့မူရာ ဝတ်စားအကုန်ချွတ်ပါလို့ ဇွတ်တရွတ် ယူသွားလူများက မြင်မတော် ခေါ်တဲ့ကာ ဆုံးမသော်လဲ နှလုံးကသွေးပျက်လို့ ခက်စရာ အရှုး....

သားလင်သေ မိဘဆုံးလို့မို့၊ ပူလုံးနဲ့ရူးခဲ့ရ ထူးလှတဲ့ပဋာ မယ်မှာ တာတွယ်စရာအခန်းပြတ်လို့ လမ်းမတ်တတ်ကျောင်း သားတွေ့ကာ ပေါင်းအများ အသဉ်ခလျော်အောင် မြင်မတော် တဲ့ အရူးမကို ခဲတွေနှင့်ပေါက်ခတ်ကာမှ တောက်လျှောက်သူ ပြေး၊ ဝိဟာရဇေတဝန် ပရမတ်ခွန်မှာ ချွေအမှန်ပေးခိုက်တွင် နုမနွေးဆိုက်လေသော်....၊ အို....ချစ်သမီးပဋာ လာခဲ့လေ.... သင်ချစ်သမီးရဲ့အပူမီးကို ကူဆီးလို့ငါဘုရားကယ်တော်မူမည်ဟု အစိန္တေယျ အစိန္တေယျ အစိန္တေယျ သုံးလောက ထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် ဗျာဒိတ်ကြား မိန့်လေလျှင်.... နှစ်သိမ့်စွာပီတိ သဒ္ဓါဟုန် အာရုံထိလျက် မချီသူ မယ်ပဋာမှာ နှစ်ပြာဝယ်လက်ယှက်၍ ဦးထိပ်တင်မိုး ပေ်လျှိုးကာလာတော့ ကမှ သုံးလူ့ဘ စောမြတ်စွာသည် မနောခတ်မှာ ကြည်လင် အေးစေဖို့ စမ္မယဉ်ဆေး သြဝါဒကို ဟောပြတော်မူသည်မှာ

မဟာသမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တဿာ ဗဟုံအဿုဇလံ အနပ္ပကံ။
ဒုက္ခေ ဖုဋ္ဌဿ နရဿ သောစတော၊
ကိံ ကာရဏာ သောကဝသာ ပမဇ္ဇသိ။

မဋ္ဌာစာရေ၊ သောကဆူပွက် ဝဲဂယက်တွင် နှလျက်ပျော်မှီး ပဋာစာရီ အမည်ရှိသော အိုချစ်သမီး၊ မဟာသမုဒ္ဒေသု၊ မြစ်ငယ်၊ မြစ်ကြီးတဟီးဟီးနှင့် ယိုစီးကျဆင်း သမုဒ္ဒရာကြီး၊ လေးစင်းတို့၌။ ဇလံ၊ ဂယက်ဆဲ့မူတ် သဲသဲရွတ်မျှ ဝဲစလုတ်မွေ

http://www.dhammadownload.com



သမုဒ်ရေသည်။ ပရိတ္တကံ၊ အခေါက်နံလျား ကျယ်ပြန့်ပွားလဲ စံထားဖို့ရေး နည်းငယ်သေး၏။ သောမတော၊ မိဘ, မျိုးဆွေ သေပျောက်ကြေ၍ ထွေထွေပူပြင်း ငိုရခြင်းကြောင့်၊ ဒုက္ခ၊ ရှင်လန်းမရှိ ပင်ပန်းရှိ၍ မချိထန်ပြင်း ဆင်းရဲခြင်းနှင့်။ ဖုဋ္ဌဿ၊ ကာသိကအောက် တွေ့ထိရောက်ရသော။ နုရုဿ၊ ရဟတ်စကြာ ပုံဟန်ပန့်သို့ စုန်ဆန် ပြေးလျောက် သတ္တာဝါတစ်ယောက်၏။ အဿုဇလ၊ အမယ်လေး, အဘလေးတ,ကာဆွေး၍ ငိုကြွေး မီးတောက် မျက်ရည်ပေါက်သည်။ ဘဝတော၊ ယိုသမုဒ်လေးထွေ ရှိသောရေထက်။ အနပ္ပဂ္ဂ၊ ဤ၍ဤမျှ ဂဏန်းချလည်းမရ နိုင်ဘိ တိုင်းမသိအောင်။ ဗဟု၊ ယူထားပုံပြ အကျန်စုကအထု ပွားအရှည်များလှလေပြီ။ ပဋာစာရေ၊ ချစ်သမီးပဋာစာရီ။ ကိ ကာရဏာ၊ မဆ, မတွေးဘယ်အရေးဝင်။ သောကဝသာ။ မောလှုပင်ပန်း သောက၏အစွမ်းဖြင့်။ ပမဇ္ဇသိ၊ ဆိုးကောင်း မလင်းကျိုးကြောင်းကင်းအောင် လစ်ဟင်းသတိ ချွတ်ယွင်း ခြင်းရှိရပေသနည်းချစ်သမီး။

အဲ-သည်ကဲ့သို့တရားပြတော့ကမှ များလှတဲ့ဝေနေယျာနှင့် သွေမကွာ ပဋာအရှုးမှာ ဓမ္မာအထူး မဂ်ဉာဏ်နှင့် လောကဓံ အာဝအရှုပ်ကို အစဖြတ်ကာ စိတ်မူရည်ပြုံးလျှင်ဘိက္ခုနီအခြေ ဆက်လို့မို့ တေဒဂ်ရသေသည်။ ထိုသို့လျှင်ပဋာခင်က ဘဂဝါ အရှင်ဟောပြသွားတဲ့ ဓမ္မာဇတရား အဝိဇ္ဇာကို စိတ်သဒ္ဓါ တအာရုံဖြင့် ပဏာလုံညွှတ်တွား၍ သူတော်စင် မင်းအများ တို့က ရွတ်ပွားသရဇ္ဈာယ်နိုင်ကြပါစေသော်။

(ပဋာစာရီအမှန်းပြီး၏။)

*

http://www.dhammadownload.com



## မင်းနန်းချွတ်ခန်း အမှန်း

မင်္ဂလာအောင်မြေ တောင်မဟေမှာ သံပြကျွန်းမြတ် နေဝန်းတလျှက် ထွန်းလတ်ဖြာဖြာ အောင်ချာရဌ ကပိလ ပြည့်မဟာ၏ ရာဇာဥက္ကဋ္ဌ သမုတ်ပြကျမ်းဝင် နန်းစံသည့် သုဒ္ဓေါဒနနေဘုရင်သည် ရှင်ညီစီကုံး ပြည်လုံးညီညာ သြဘာရိုက်ကြွေး သတင်းပေး၍ အရေးတော်စုံညီ ရွှေညီတစ်သင်း မြားမြောင်စွာ ခန့်နှင်း၍ ခင်းကျင်းကာ စီမံလသော် တွင်းအပြင် ခညောင်း မတ်သေနာ ဗိုလ်ထုအပေါင်းတို့ကာ ကောင်းမြတ်သော နိမိတ် ထောက် မင်္ဂလာသိဘိက် မြောက်လို၍ စာစ်ယောက် ကညာ မယ်ကလျာကို မကွာရောင်လျှပ် နဝရတ် ကျောက်စိန်ကဲ့သို့ တောက်ထိန်သည့် သူ့မူရာ ကြင်ရပ်ဝါအဆင်း ချို့အင်္ဂါ မယွင်းဘဲ ကောင်းငါဖြာစပ်လျဉ်း ကပ်ချိဉ်း၍ဖက်မမီ အလီ လီ ဆင်မြန်းလျက် ညီမင်းနန် ရှုမခန်းတဲ့ တ,မှန်းကာ ဖက်စုံနွဲ ရန်ဖို့ လက်ထပ်ပွဲခံခြင်းငှာ ရာဇသခင် ပြည့်ရှင်သုဒ္ဓေါဒနံက သားကြီးဗုဒ္ဓ ပြစ်ဘင်ရန်မရှိအောင် နိဂြောခရံ ကျောင်းရွှေ ဘုံသို့ သောမကြာ သွားပြီးလျှင် ဘုရားထံမှောက် ရှေ့တော် ရောက် ဝပ်ဆင်း ကပ်ချဉ်း၍ လျှောက်သည်မှာ....။

အစိန္တေယျ, အစိန္တေယျ, အပ္ပမေယျ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တင်ပါ သည်ဘုရား—ညီမင်းနန္ဒမဟာနှင့်မယ်ဇနပဒကလျာကို မကွာ အောင်ဖန်ဆင်း နန်းခွင်ဘုရင်မဟာက မင်္ဂလာပြုလိုကြောင်း ကောင်းမြတ်သော အခြေကို တသာကီအစိန္တေယျရယ် ကပိလ ပြည်နဂရံ ဆွမ်းအလှူခံကြွပါဘုရားဟု လျှောက်ကြားလေသော်၊

လောင်းဗုဒ္ဓမြတ်စွာသည် ကျောင်းတော်ကိုခွာလိုမို့ မင်္ဂလာ

http://www.dhammadownload.com



လက်ဆုပ်နန်း ရွှေစကြာ ဖြန့်မြန်း ကြလှမ်းလို့ ရောက်သော
အခါဝယ် တရားတော်ဒေသနာကို သေချာစွာ ဖြန့်ကြား၍
မင်းနန်ညီဖွား ငါဘုရားနှင့် မိုးဖျားဝတီ ယံ နတ်တို့ထံသို့ ညီ
မင်းနန် ဆွမ်းခံလိုက်ခဲ့ပါဟု သိုက်မြိုက်စွာကိုယ်တော်က ခေါ်
လိုက်သည့်အသံ ရင်ဘုင်းမှာဆို့အန် ရွှေလှ နှင့်ဆွသလို့မလှ
သည့်သူ့ကိုယ် ရွှေမျက်နှာညိုဖြက်လို့ ငိုမလို ရယ်မယောင်
နေဘုရား၏ သူ့စကား ပယ်ရှားခြင်းငှာ မလွှာသာ၍
နှစ်ခါတွတ်မှိုဘ် မြသပိတ် နောက်တော်က ထမ်းလို့မို့ဖြော်—
လှမ်းလှမ်းနဲ့ လှမ်းရချေတော့ စမ်းကျဖုန်းမို ရဂုံတောလမ်း
ချုံနွယ်တန်းလျောက် မျောက်မဘာသာ ခုန်ကျော်ကူး မြူး
တူးကာနေသည်ကို မြတ်ဗုဒ္ဓအရှင် မြင်တော်မူပြန်လျှင် ညီခင်
မင်းနန် သက်နှံ့နှမ မယ်ဇနပဒနှင့် ဘယ်သူကလှသလဲ ဆက်တဲ့
စကား ဘုရားကမေးလျှင် မကြာခင်နေရ မျောက်မနှင့်လူဇာတို
မတူတာကို ရှာရှာဖွေဖွေ မြတ်ပရမေးယ် မေးလေသည့်အချက်
အခံရခိုက်လိုက်ပါဘိ မချိဘူးညီတော်မှာ အားလျော့ကာ
ချွေသိုးလို စိတ်ဆိုးလို့မိုးပေါ် ကိုယ်တော်နှင့်မလိုက်ပါဘူး၊
ယခုမှာနန် လူ့ပြည်မှာသေသလောက် နာကျင်၍ ခရီးစဉ်လှမ်း
တဝက် ထမ်းရွက်သည့် မြသပိတ်တော်ကို အသာအပ်လို့မို့
နေရပ်သို့ ပြန်မည်ကြံလေဘော်—

ဘုန်းတော်ဘုရား ကြွကာသွား ထက်ဖျားမာရဇိန် တာဝတိံ
မှာ မြန်ကြံဆောင် ညာဏ်ရောင်ထွန်းတောက် ကိုယ်တော်ရောက်
လျှင် ဝင်းဝင်းဝါဝါ ကညာတသိး နတ်သမီးအပျိုတို့ကဘုရား
အလိုကို ကြိုမျှော်ကာ သိနှင့်ကြသဖြင့် ကိုမင်းနန် မောင်ဘုရား
ရယ်လို့....အပါးကိုတိုး ပုဆိုးကိုကိုင်စေတ္တာထိုင်ပါဦးပိုင်လောက်

http://www.dhammadownload.com



အောင်သူကတားလို့ ကွမ်းကိုစားဆေးကိုသောက် ချစ်လောက်
အောင်စကား ပိယဝါစာမြွက်ကြားသဖြင့် မိုက်ပွားတဲ့နှမတ္တာ
ဟုန်သုံးဘုံလူ့ ထိန်ပန်က ပြန်ရအောင်ချစ် ညီဖွားရယ်ဟု
သွားရအောင်ခေါ် လိုက်လျှင် မကြည်မသာ ဘုရားနှင့်ညီမဟာ
ဖိလာသော်ဖြစ်လို့မို့ ချစ်သူနှင့်ဝေလ အတူမနေရခြင်း ဒုက္ခ
ညီတော်လှ တထိုးစံမှာ သည်းမခံနိုင်အောင်ရှိသည်ကို ဘုရား
ရှင်ကသိမြင်တော်မူသဖြင့် ညီခင်မင်းနန် ပူဘန်သော့ကဗျာပါဒ
ဖိစီး ရာဂမီးတောက်လောင်သည်ကို မျက်နှာပွင့်ဆေးဂါထာ
ငါခပေးမည်မှန်ပါ ပြန်လှန်ကာရွတ်လေဘိ "အတ္တိ ဣမသ္မိံ
ကာယေ [illegible]ာ" ပေါင်း သုံးဆယ့်နှစ်ဖြာကို ကညာနတ်ခင်
ကောင်းကင်ထက်မိုး လက်ညှိုးထိုး၍ ကြိုးစားပါညီခင် သင်
လိုက်သည့် မန္တန်ကျော် ကျောင်းတော်မှာ ညာမထောက်
အာပေါက်အောင် ရိတ်ပွါးသော်လည်း နေ့ခင်တော်ဂါထာ
ဉုံမပါ၍ မသာရေ့သလားဘုရားဟု လျှောက်မည်ကြံခသော်....

အတန်တန်ခြားနား၍ တရားတော်နက်သဘော ရက်ရော
စွာထင်မြင် ဉာဏ်ပညာထိုးထွင်း၍ အိုခြင်းတစ်ခါ နာခြင်းတစ်
လှည့် ခေါက်လေးဖြာ နှောင်ဖွဲ့၍ ရောင့်ရဲတဲ့မန္တရား မမှားရ
အောင် သရုပ်ပြလျက် ဗုဒ္ဓကဟောတော်မူသည်မှာ....။

အင္ဂိန္နာရူပံ သံယုတ္တာ၊ တစမံသာဝလေပနော။

ဆဗ်ယာ ကာ့ယော ပဋိစ္ဆန္နော၊ ယထာဘူတံ နပဿတိ။

နှာယူဟိ၊ ကွန်ယက်ပမာ မြွေးယှက်ဖြာသည့် ကိုးရာသော
ကြောသေး ကြောမတို့ဖြင့်။ သံယုတ္တာ၊ ဝန်းကျင်လွှမ်းပတ်
မလွဲမြဲအောင် တွဲစပ်ကုံးသီရစ်ပွဲချည်အပ်သော။ တစမံသာဝ
လေပနော၊ ရေထူရပါး သွေးအသားတို့ဖြင့် လွှမ်းထားမွမ်းမံ

http://www.dhammadownload.com



လိမ်းသုတ်ကျံအပ်သော။ အင်္ဂါ၊ ထင်းခြောက်သစ်သား အုတ်၊ မြက်၊ ဝါးနှင့်မခြားလုံးစုံ အရိုးပုံသည်။ ကာယော၊ လောကီလူများ ပညတ်အားဖြင့် မှတ်သားစွဲဆို ခန္ဓာကိုယ်မည်၏။ တံကာယံ၊ တပ်မက်စရာ ဆံဖြူလွှာမျှ ဖွေရှာမရ ထိုကာယကို။ ဆဝိယာ၊ ခြေပါခေါင်းဆုံး ခွာချွဲလုံးမှ ယုတ်ဆုံးမကြွင်း ဆီးလုံးကင်းမျှ ပမာဏထား အရေပါးဖြင့်။ ပရိစ္ဆန္နော၊ ထက်အောက်ကိုယ်လုံး ရစ်ကာဖုံးအပ်သည် ဖြစ်၍။ ယထာဘူတံ၊ အခေပါင်းပုတိ၊ ကောင်းမရှိဟုအသိဉာဏ်ပိုင်း၊ ဟူတ်မှန်တိုင်းကို၊ နပဿတိ၊ နှိုက်နဲ့တွင်းမြင် မသိမမြင်နိုင်ကြပေ။

အန္တပူရောဥဒရပူရော၊ ယကနပေဠဿဝတ္ထိနော။
ဟဒယဿ ပပ္ဖါသဿ၊ ဝက္ကဿ ပိဟကဿစ။

ကာယော၊ တွယ်တာကျိတ်ခဲ ချီးအုံ့အွဲ၍ တပ်စွဲဓာတ်ကြွကိုယ်ကာယသည်။ အန္တပူရော၊ အတွင်းရှုပ်လိမ် ပုပ်မျိုးစိမ်သည့် အူသိမ်၊ အူမတို့ဖြင့် ပြည့်၏။ ဥဒရပူရော၊ အနံ့မကောင်း ပွံ့ပွံ့လှောင်းသည့်အစာသစ် အစာဟောင်းတို့ဖြင့်ပြီး၏။ ယကနပေဠဿစ၊ လကျ်ာနံဘက် ကသစ်ရွက်လို မြေးယှက်တွဲပိုင် အသဲစိုင်ဖြင့်လည်းကောင်း။ ဝတ္ထိနော၊ ဆူးပြားရေနယ်နှဲ့ မျိုးကြွယ်သည့် ရှုံဖွယ်ဘစ်ခု ကျင်ငယ်စုလည်းကောင်း။ ဟဒယဿစ၊ ကြာဒုံမှုး ရင်ညွန့်ဦး၌ သွေးထူးပျော်ပါး နှလုံးသားဖြင့်လည်းကောင်း။ ပပ္ဖါသဿစ၊ အသည်းနှလုံး ရစ်အုပ်ဖုံးသည့် သုံးဆယ့်နှစ်ခု အဆုတ်စုဖြင့် လည်းကောင်း။ ဝက္ကဿစ၊ နှလုံးပြွတ်ဆိုင် သရက်ခိုင်လို ညှာပြိုင် ရစ်တွဲ အညို့ခဲဖြင့်လည်းကောင်း။ ပိဟကဿစ၊ လက်ဝဲနံဘက်

သရက်ရွက်သွင်မည်းနက်သောအပြင်ဖြင့်လည်းကောင်း။ ပွရော၊ ညိုနံလှည့်ရိုး ကြည့်မဆုံးအောင် တစ်ဝမ်းလုံးပြည့်၍နေ၏။

သိဃ်ာဏိကာယ သေဋ္ဌသသေဒဿ စ မေဒဿ စ။
လောဟိတဿ လသိကာယ၊ ပိတ္တဿ စ ဝသာယ စ၊
သိဃ်ာဏိကာယ စ၊ ဦးနှောက်မှဆင်း နှာညှပ်နှင်းသည့် ရှုံမင်းဖွယ်နှ နှပ်အစုဖြင့် လည်းကောင်း။ ခေဋ္ဌဿ၊ စပါးနှစ်ဖက်မှ လျှောသက်ထွေထွေ တံတွေးရည်ဖြင့်လည်းကောင်း၊ သေဒဿစ၊ တစ်ကိုယ်လုံးရောက်မွေးညှင်းပေါက်မှစီးလျှောက် ချောင်းချောင်း ချွေးအပေါင်းဖြင့် လည်းကောင်း၊ မေဒဿစ၊ စိုညို့ရှဲ့ အဆီခဲဖြင့်လည်းကောင်း။ လောဟိတဿစ၊ ကိုယ်လုံးနှံ့မှိုးခြင်းခြင်းနီမျှ နံညှီပျံ့လှောင်း သွေး အပေါင်းဖြင့်လည်းကောင်း။ လသိကာယစ၊ ရိုးထက်ဆစ်ကြား လှည့်စားလားသို့ရင့်သွားနိုင်ကြောင်းအစေးအပေါင်းဖြင့် လည်းကောင်း ပိတ္တဿစ၊ မည်းညိုမြသန့် ကိုယ်လုံးနှံ့လျက် ကြဲမြန့်ခိုအောင်း သည်းခြေအပေါင်းဖြင့်လည်းကောင်း ဝသာယစ၊ ဆီကြည်ဖြင့်လည်းကောင်း။ ပွရော။ ပုပ်ညှီနံချေ၊ သုတ်သင်ခဲအောင် မစဲမစွေ့ အမြဲပြည့်ချေ၏ဘကား။

ဤကိုယ်ကာယဟူသည် မတည်မဆိတ် ဿလိပ်, ပြည်, သွေး တံတွေး, ကျင်ငယ် ရှုံဖွယ်စက်ဆုပ် အကောင်ပုပ်မို့မုချညှိုးရန် အဖိုးမတန် ကေန်တိတိ ညီတော်သိ၍မို့ အဝိဇ္ဇာသဘောပိတ် ကာနှော၍ တလောကီမှာ စောညီဖန်ဖန် မဆက်ဆံရ ဘဝ သံသရာဝဋ္ဋိဒုက္ခာကိုလွတ်စွာဖြို၍ ညီခင်မှာ ဖိုလ်မဂ်သို့ပိုတက်၍ ပန်ဆင်တော်မူရလေပြီ။ ဤသို့သော ခြင်းအင်္ဂါကို သွင်းယညာ သတိပြုလျက် သူတော်စင်မင်းတစ်စုတို့က ဝဋ္ဋဘဝမှမာန်တကျာ

ကို မြန်မကြာလွတ်ငြိမ်းကြရအောင်ဒွတ္တိ အကမ္မဋ္ဌာန်းကိုစီးဖြန်း
သရဇ္ဈာယ်တော်မူကြပါစေသော်။

အမှန်းစုံအခန်းပြီး၏။

....၀....

## မေတ္တာပို့စသည်အခန်း

အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ။

မာတာပိတု အာစရိယ ဉာတိမိတ္တ သမူဟာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတာနံ ပရိဟရန္တု။

အာရက္ခဒေဝတာ ရုက္ခဋ္ဌဒေဝတာ ဘုမ္မဋ္ဌဒေဝတာ အာကာသဋ္ဌဒေဝတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတာနံ ပရိဟရန္တု။

သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ ပုဂ္ဂလာ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ သဗ္ဗာ ဣတ္ထိယော သဗ္ဗေ ပုရိသာ သဗ္ဗေ အရိယာ သဗ္ဗေ အနရိယာ သဗ္ဗေ ဒေဝါ အဗ္ဗေ မနုဿာ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ။

(သဗ္ဗေ သတ္တာ....မှ....ကမ္မဿကာထိအောင် ပြန်ဆိုလေ။)

http://www.dhammadownload.com



ဥဒ္ဓံယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝိစရာ။
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။
ဥဒ္ဓံယာဝ ဘဝဂ္ဂါစ၊ အဓောယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ဥဒကေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒုက္ခာ စ နုပဒ္ဒဝါ။
ဥဒ္ဓံယာဝ ဘဝဂ္ဂါစ၊ အဓောယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ အာကာသေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။

....o....

## နှတ်ပိုး

၁။ တွောဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။
၂။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

တွောဝတာ၊သဒ္ဓါကုန်မြူး စေတနာထူးဖြင့် ရင့်ကျူးကြရာ ဓမ္မနုဂ္ဂဟ(....)ဒေသနာတော်ကို ရွတ်ဆို ပူဇော်ကြခြင်းဖြင့်။ အမှေဟိ၊ အကျွန်ုပ်တို့ ဝတ်အသင်းသူ အသင်းသား သူတော်စင် အများတို့သည်။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ လောကုတ်လောကီ နှစ်လီကောင်းကျိုးပွားတိုး ပြီးမြောက်စေခြင်းငှာ။ သမ္ဘတံ၊ ကောင်းစွာအသင့် သဒ္ဓါဖြင့်၍ ဖြည့်ကျင့်ဆည်းပူး အပ်ပေထ သော။ ပုညသမ္ပဒံ၊ ထွက်မြတ်ပြုမူ ဖြူစင်သန့်ရှင်း ဤကုသိုလ် ကောင်းမှု၏ ပြည့်စုံခြင်းကို။ သဗ္ဗေဒေဝါ၊ စကြဝဠာ ကမ္ဘာမှုကြလာသောင်းသောင်း နတ်ပြဟ္မာအပေါင်းတို့သည်။

http://www.dhammadownload.com



အနုမောဒနာတို့၊ ဝမ်းမြောက်ကြည်နူး သဒ္ဒါမြူး၍ အထူးသာခု ခေါ်ကြပါစေကုန်သတည်း။

ခါနှံ၊ နည်းများမဟူ အရေးယူ၍ ပေးလှူအပ်စွလှုဒါနကို။ သဒ္ဒါယ၊ကံ့ကံ၏အကျိုးတရားများကို ကိုးစားယုံကြည်လျက်။ ဒဒန္တို၊ စည်းစိမ်တဝ မတောင့်တဘဲ ကြောင့်ကြရေးယူပေးလှူ ကြစေကုန်သတည်း။ သီလံ၊ စာရိတ္တနှင့် ဝါရိတ္တမည် နှစ်လီရှိ ငြား ကျင့်တရားကို၊ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါမဆို ထိုထို ကာလ ရှိသမျှမဆိုင်း အချိန်တိုင်း၌။ ရက္ခန္တို၊ မကျိုးမပေါက် မပြောက်မကြား။ စောင့်ရှောက်ထိန်းသိမ်း၍သွားနိုင်ကြပါစေ ကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထနှင့် ဝိပဿနာ နှစ်ဖြာ ကမ္မဋ္ဌာန်း ဘာဝနာခန်း၌ စီးဖြန်းမွေ့လျော် ကြကုန်သည်။ ဟောန္တို၊ ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ၊ စကြာဝဠာ ကမ္ဘာအရပ်ရပ် လောကဓာတ်မှ ဆိုက်ကပ်ညီညာ ကြွရောက် တော်မူလာကြကုန်သော။ ဒေဝါ၊ သမ္မာဒေဝနတ်ပြဟ္မာဟူသမျှ တို့သည်။ ဂစ္ဆန္တို၊ မိမိတို့ပျော်စံရာ ဘုံဗိမာန်နန်းဆီ မြန်းကြွ တော်မူကြပါစေကုန်သတည်း။

## ရေစက်ချ အမျှဝေ

ဤသို့ပြုရမြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး မကကြူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား ရငြားပါစေ၊ အမျှဝေ၏။ မသေ့နိစ္စ၊ ဤကာယကို၊ စောင့်ထ ပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။ မိတ္တ ဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ လူနတ္ထဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုည၊ ကုသလကို

http://www.dhammadownload.com



ရကြပါစေ၊ အမျှဝေ၏၊ သဗ္ဗေသတ္တာ၊ သတ္တဝါဟူ၊ နာနာ ဓလာက၊ အနန္တတွင်၊ မပြတ်စင်ကာ၊ သတ္တဝါဟူ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်ဘစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏၊ ထိုကုသလ်၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသော်၊ ဝသုန္ဒြေ၊ ဤမြေပံသု၊ သီလာထုလည်း၊ သက်သေအမှ တည် စေသော်။

## ဆုတောင်းခန်း

ဤသို့ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျော့ ကန်တော့ရသော ကောင်းမှုကံ စေတနာတို့ကြောင့်၊ ဘုရား ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာတို့၊ စံရာမြေ့၊ လျော်ကိန်းအောင်းပျော်သည်၊ ပြည်တော် ဌာန၊ အမတသို့၊ ခဏလျှင်သော၊ ရောက်စေသော်။

နိဗ္ဗာန်သာခေါင်၊ မြို့ရွှေသောင်သို့လှေဒဖောင်မဂ္ဂင်၊ သဘော်ာ ယာဉ်နှင့်၊ မဝင်သမျှ၊ ဤနေ့ကလျှင်၊ စရှိချမ်းသာ၊ ဆော့ဂါ ဘေးဒဏ်၊ ရန်မာန်ကင်းပျောက်။ မရောက်သည်သာ၊ ရှင်းရှင်း ကွာ၍ တစ်ရာသက်ရှည်၊ စည်းစိမ်တည်၍၊ ပေးသည့်အလှူ၊ ပြုသည့်နှလုံး၊ သုံးသည့်သီလ၊ ချသည့်ရေစက်၊ နေ့တိုင်း တက်လျှက်၊ အဆက်ခန္ဓာ၊ စုတေခါသည်း၊ ရဘနာသုံးပါး၊ ဦးထိပ်ထား၍၊ မမှားမဖောက်၊ ရွံကြောက်မထိတ်၊ စုတေ စိတ် ဖြင့် အိပ်သောယောကျ်ား၊ နိုးသောပားသို့၊ ဖြစ်ငြားပါချင်၊ နောင်သံသရာ၊ ဘဝမှာလည်း လေးဖြာအပါယ်၊ သုံးသွယ်သော ကပ်၊ ရှစ်ရပ်ဌာန၊ ကင်းလွတ်ချ၍၊ ထိုဒေသတွင်၊ မဖြစ်ချင်ပါ၊ လူ၊ ရှာနတ်၊ ပြည်၊ ကျင်လည်သမျှ၊ ခတ္တိယနှင့်၊ ဗြဟ္မဏစင်စင် မျိုးနွယ်ဖြစ်၍၊ နွယ်မြစ်သန့်စွာ၊ အမျိုးမှာလည်း ကောင်းစွာ

http://www.dhammadownload.com



သန္ဓေ၊ တိဟိတ်နေ၍ ဆူဝေသန္ဓါ၊ ပညာကြီးခြင်း၊ သတင်းနှံ့ကျော်၊ မဟော်သဓာ၊ ဘုရားလျာသို့၊ ဖြစ်ပါစေချင်၊ ကိုယ်တွင်ရောဂါ၊ သန့်ရှင်းကွာ၍၊ အနာမဲ့သူ၊ ရှင်ဗာကူနည်း၊ မမည်း မဖြူ မဆူမကြုံ၊ လုံးစုံနိမ့်မြင့်၊ ဖြစ်မျိုးလွှင့်၍၊ တင့်တယ်ရောင်ဝါ၊ အဆင်းမှာလည်း၊ ငါးဖြာကျော်သီး ရှင်ကစ္စည်းလား ပေါမျှားဉစ္စာ၊ စည်းစိမ်မှာလည်း၊ ငါးဖြာရန်သူ၊ လုယူမရ၊ ဇောတိကသို့၊ နှစ်လိုချင်ဖွယ်၊ စင်ကြယ်သန့်ရှင်း၊ ဖြည်းညှင်းသာယာ၊ အသံမှာလည်း၊ ရောင်ဝါထွန်းထိတ်၊ ကရဝိက်ငှက်တူ ဗိုလ်လူတို့နား၊ ကြားကနာဖွယ်၊ အရှယ်မဖောက်၊ ပြိုင်ထောက်မဲ့ပါ၊ ဝိသာခါဟန်၊ လျင်မြန်ပညာ၊ ဇဝနာတိကျ၊ ဂမ္ဘီရနှင့်၊ ဟာသတဖုံ၊ ဉာဏ်မျိုးစုံ၍၊ အာဂုံတုလွှတ်၊ ပိဋကတ်ဗေဒင်၊ ခပ်သိမ်းအင်ကို၊ မြင်ကာကြားကာ၊ လျင်စွာရှုရှု၊ ဌာရသပေါင်း၊ အလောင်းတကာ၊ တတ်ရာသမျှ၊ ကိစ္စပြီးတိုင်၊ ကြီးခိုင်ခွန်အား၊ ခြသေ့လားသို့၊ ရဲအားသတ္တိ၊ စွမ်းငြိမထင်၊ သိမြင်လိမ္မာ၊ မေးဖွယ်မှာလည်း၊ ပညာကြွယ်ဝ၊ မိလိန္ဒမင်း၊ မြေခြင်းတွင်လည်း၊ ရှင်နာဂသိန်၊ မတိမ်မမြုပ်၊ အကျွန်ုပ်သည်၊ မယုတ်မမာ၊ ရှိသေစွာဖြင့်၊ ဆဒ္ဒါကြည်ညို၊ တောင်းဆိုသမျှ၊ ဆုကိုရ၍၊ သုခချမ်းသာ၊ နိဗ္ဗုတာသို့၊ မှန်စွာထုတ်ချောက်၊ ကေန်ရောက်၍ မျက်မှောက်ပြုရပါလိုသော်၊ ဩကာသ—ဩကာသ။

## သောင်ငါးချက်ဆုတောင်း

၁။ အကုသိုလ်ဆယ်ပါး၊ မမွှားဒုစရိုက်၊ ကိုယ်ဦမီးကျိုး၊ ဖျက်ဆီးတတ်ငြား၊ ဤသုံးပါးကို၊ ရှောင်ရှားကြဉ်ဖဲ၊ စွန့်ကြဲ ပစ်ခွာနိုင်စေသော်။

http://www.dhammadownload.com



၂။ ကုသိုလ်ဆယ်ပါး၊ တရား သုစရိတာ။ သတ္တအကျော်၊ ခုနစ်ဖော်နှင့်၊ အလှတော်ဥစ္စာ၊ မှန်စွာတရား၊ ရှစ်ပါးမဂ္ဂင်၊ မြဲပင်စွဲနေ၊ မဇ္ဈေဥပါယ်၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာသည်၊ မကွာကိုယ်၌မြဲစေသော်။

၃။ အပါယ်လေးပါး၊ မလားငရဲ၊ ဆင်းရဲတစ်၊ မရှိရောဂါ၊ ရှင်းရှင်းကွာ၍၊ အဋ္ဌာရသ၊ သိပ္ပမလပ်၊ ကြွင်းမဲ့တတ်၍၊ ပိဋကတ်ပေဒင်၊ သင်သင်ရရ၊ ကြွားကာမြင်ကာ၊ မကြာခဏ တတ်စေသော်။

၄။ အမျိုးကောင်းသား၊ ယောကျ်ားကောင်းစင်စစ်၊ ဆက်တိုင်းဖြစ်၍၊ အဖြစ်များစွာ၊ ငါးဖြာရန်သူ၊ မပြုဝံ့ရှောင်း၊ သူတော်ကောင်းနှင့်၊ အလောဝ်းတကာ၊ တောင်းကုန်ရာသား၊ ပတ္ထနာဆု၊ အာယု၊ဝဏ္ဏ၊ သုခ၊ဗလ၊ ပဋိဘာန်၊ ဘဝမခြား၊ စက်လေးပါးနှင့် ငြားစေသော်။

၅။ ဘုန်းသမ္ဘာနှင့်၊ ပညာပြည့်စုံ၊ ကိုလုံဥစ္စာ၊ လူဒါကစ၊ ဒသပါရမီ၊ အညီပြည့်စွမ်း၊ နိဗ္ဗာန်လမ်းကို၊တန်းတန်းမတ်မတ်၊ မချွတ်လျင်ဆော၊ ရောက်စေသော်၊ သဗ္ဗည၊ မြင်ရှင်စော–ကြားသာ–ကြားသ။

စမတ္တာပို့ စအည့်အခန်း ပြီး၏။

....o....

# အန္တရာယ်ကင်း ဂါထာတော်များ

## သမ္ဗုဒ္ဓေ ဂါထာတော်ကြီး ပါဠိအနက်

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ။ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကံ ဝါဠုကံ ဂင်္ဂါ၊ အနန္တံ နိဗ္ဗုတံ ဇိနံ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌဝီသံ၊ သုံးပါးဘဝ သုံးလောကတွင် ဉာဏအရောင်ဖြိတ်အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူ ကုန်သော။ သမ္ဗုဒ္ဓေ၊ တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း။ ဒွါဒသဉ္စသဟဿကေ၊ နိဗ္ဗာန်ကိန်းအောင်း စက်ဒမ္မလျှောင်းသည် တစ်သောင်း နှစ်ထောင် ကုန်သော။ သမ္ဗုဒ္ဓေ၊ လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြောက်ဘုန်းခေါင်တို့ကို လည်းကောင်း။ ပဉ္စသတ သဟဿာနိ၊ သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန် ငါးမာရ်နှိမ် ဟု ဆိုအပ်ကုန်သော။ သမ္ဗုဒ္ဓေ၊ နေရောင်ပမာ ဉာဏ်ရောင်ဝါ ဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကို လည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

အပ္ပကံ ဝါဠုကံ ဂင်္ဂါ၊ ဂင်္ဂါမြစ်ထဲ ငွေသောင် သဲကို နည်းစေထသော။ အနန္တံ၊ သင်္ချာဂဏန်း ရေတွက်မှုန်းလည်း

http://www.dhammadownload.com



ဆုံးခန်းတိုင်မြောက် မရောက်နိုင်ထသော၊ နိဗ္ဗုတံ၊ ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူပြီးထသော။ ဇိနဥ္စ၊ နှောင့်ယှက်ဖန်လဲ့မာရ်ငါးဖြာကို အရိယမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လှယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းကို လည်းကောင်း။ တေသံ၊ ထို ငါးသိန်း တစ်သောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်ဆူကုန် သော ဘုရားရှင်တို့၏၊ ဓမ္မဥ္စ၊ တရားတော်မြတ်ကိုလည်းကောင်း။ သံဃဥ္စ၊ တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ အာဒရေန အာဒရုံရိုသေစွာ။ နမာမိ၊ ရှိခိုးပါ၏။

နမက္ကာရ နုဘာဝေန၊ ဤသို့ ရှိခိုးပူဇော် ဖူးမျှော်ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ၊ ဘေးရန်တို့ကို။ ဟိတွာ၊ပယ်ဖျောက်၍။ အနေက အန္တရာယာပိ၊ များစွာကုန်သော အန္တရာယ်တို့သည်လည်း။ အသေသတော၊ အကြွင်းအကျန်မရှိသောအားဖြင့်။ ဝိနဿန္တု၊ ပျောက်ပျက်စေကုန်သတည်း။

....o....

## ရှင်သီဝလိ ဂါထာ ပါဠိ–အနက်

၁။ သီဝလိ စ မဟာနာမံ၊ သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊ သဗ္ဗေ ဟောန္တု ပိယံမမ။
၂။ သီဝလိ စ မဟာဝီရော၊ ယေ ယေ မယ္ဟံ့န္တုမံပိယာ။
ဓတာ ဓတာ ပယ္ဿန္တု ပရမံ၊ ဇန်ပ္ပဒံ ပူဇယန္တု။
၃။ သီဝလိ နာမ ထေရေန၊ မမ သီသေ ဌပေတွာန။
ဇမ္ဗူဒီပမဏ္ဍလေန၊ ဇယော မန္တာ သုခါဝဟာ။

http://www.dhammadownload.com



၄။ သီဝလိ စ မဟာနာမံ၊ ဉာတွာ ဒေဝါ သဗြဟ္မကာ။
မနုဿပုရိသော ဉတ္တိ၊ မဟာလာဘံ ဘဝိဿတိ။

၅။ သီဝလိ စ မဟာလာဘံ၊ နာနာ ဒေတိ ဝရံ ဝရံ။
ဉာဒမ္ဗိ ပူဇိတံ ဒေတိ၊ မဟာသုခံ ဘဝိဿတိ။

၆။ ဝဏ္ဏ ဒန္တံ နရာ ကိတ္တိ၊ အနာမယံ ဘဝေ ဘဝေ။
တဝရှေကွေ ရာဇမိတာ၊ သဗ္ဗေ ကောဓာ ဝိနဿန္တု။

၇။ သီဝလိ စ မဟာလာဘံ၊ သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊ သဒါ ဟောန္တု ပိယံမမ။

၈။ သီဝလိ စ မဟာထေရော၊ ယေ ယေ ပဿန္တု မံပိယံ။
တေ တေ ပဿန္တု မံပိယံ၊ ဇနပ္ပဒံ ပူဇိယန္တု။

၉။ သီဝလိ စ မဟာထေရော၊ မမ သီသေ ဌပေတွာန။
မန္တတေဇ ဇယော မန္တံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

၁၀။ သီဝလိ စ မဟာထေရ၊ ဒေဝမနုဿ ပူဇိတော။
သောရဟောဝစ္စယာဒီနံ၊ မဟာလာဘံ ကရောတုမေ။

---

ဤ....ရှင်သီဝလိဆယ်ဂါထာကို နေ့ညမပြတ် ရွတ်ဖတ်သူတို့အား ဘေးရန်ခပ်သိမ်းကင်းငြိမ်း၍ ခပ်သိမ်းသောသူတို့၏ပူဇော်သက္ကာရကို ခံရ၍ လာဘ်လာဘများလည်း ရရှိပြီး မြင်ဈူတိုင်း ချစ်ခင်မြတ်နိုးစုံမက်၏။ ပြောတိုင်း, ဆိုတိုင်း ကိုယ့်သြဇာရှိ၏။ မကောင်းသောအိပ်မက်ကိုပယ်၍ ကောင်းမြတ်သော အိပ်မက်ကို မက်လာရ၏။ ရှိသေစွာ ရွတ်ဖတ် သရဇ္ဈာယ်ကြကုန်လော့။

http://www.dhammadownload.com



## သိရသ္မိံ ဂါထာတော်ကြီးပါဠိ-အနက်

၁။ သိရသ္မိံ-မေ ဗုဒ္ဓေါ သေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏေ။
ဝါမအံသေ မောဂ္ဂလာနော၊ ပုရတော ပိဋကတ္တယံ။

၂။ ပစ္ဆိမေ မမ အာနန္ဒော၊ စတုဒ္ဒိသာ ခိဏာသဝါ။
ဝါမန္တာ လောကပါလာစ၊ ဣန္ဒာ ဒေဝါ သဗြဟ္မကာ။

၃။ ဧတေသံ အာနုဘာဝေန၊ သဗ္ဗေ ဘယာဥပဒ္ဒဝါ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

သတိပြုရန်... ဤသိရသ္မိံ ဂါထာတော်ကြီး၌(မေ)နေရာမှာ (တေ)ဟု သွင်း၊(မမ) နေရာမှာ(တဝ)ဟုသွင်း၊ မမာသော ဂိလာန ပုဂ္ဂိုလ်ကို ဆရာသမား အဆွေခင်ပွန်းတို့က ရွတ်ပေးရန် နည်းဖြစ်၏။ ဤကဲ့သို့ရွတ်ဖတ်မှု လူမမာအတွက် ရွတ်ရာကျမည်၊ ပကတိရှိသည့်အတိုင်း ရွတ်ခဲ့သော် ကိုယ့်ဖို့ ရွတ်ရာကျ၏။ သတိပြုလေ။

၁။ မေ၊ အကျွန်ုပ်၏။ သိရသ္မိံ၊ ဆံရေရစ်ဖုံး ထိပ်အလုံး၌။ ဗုဒ္ဓေါသေဋ္ဌော၊ ချီးမွမ်းအပ်သော သူတို့ထက် ဆထက် လွန်ကျူး အထူးသဖြင့်ချီးမွမ်းအပ်တော်မူသောမြတ်စွာဘုရားသခင်သည်၊ တိဋ္ဌတု၊ တည်ပါစေသတည်း။ မေ၊ အကျွန်ုပ်၏။ ဒက္ခိဏေ၊ လက်ယာပခုံးကဏ္ဍလုံး၌။ သာရိပုတ္တော၊ လက်ယာရံသီးသားကြီး ရတနာ ရှင်သာရိပုတ္တရာ မထေရ်မြတ်သည်။ တိဋ္ဌတု၊ တည်ပါစေသတည်း။ မေ၊ အကျွန်ုပ်၏။ ဝါမအံသေ၊ လက်ဝဲပခုံးကဏ္ဍလုံး၌။ မောဂ္ဂလာနော၊ တန်ခိုးပြင်းထန် ရှင်မောဂ္ဂလာန်မထေရ် မြတ်သည်။ တိဋ္ဌတု၊ တည်ပါစေသတည်း။ မေ၊ အကျွန်ုပ်၏။ ပုရတော၊ နဖူး,မုခ လည်ရင်စတွင် ရှေ့တခွင်၌။ ပိဋကတ္တယံ၊ ပိဋကတ်သုံးပုံသည်။ တိဋ္ဌတု၊ တည်ပါစေသတည်း။

http://www.dhammadownload.com



၂။ မမ၊ အကျွန်ုပ်၏။ ပစ္ဆိမေ၊ နောက်အဖို့ဟု ဆိုအပ်သော လည်းကုပ်၊ လက်ပြင်ကျောတစ်ခွင်၌။ အာနန္ဒော၊ တေဒင်္ဂ ငါးဖြာရှင်အာနန္ဒာမထေရ်မြတ်သည်။ တိဋ္ဌတု၊ တည်ပါစေသတည်း။ မမ၊ အကျွန်ုပ်၏။ စတုဒ္ဒိသာ-စတုဒ္ဒိသာသုံးလေးရပ်မျက်နှာ ကိုယ်အင်္ဂါတို့၌။ ခီဏာသဝါ၊ ကိလေသာဝင် ရဟန္တာအရှင်မြတ်တို့သည်။ ထိဋ္ဌန္တု၊ တည်ပါစေကုန်သတည်း။ မမ၊ အကျွန်ုပ်၏။ သမန္တာ၊ ထက်ဝန်းကျင် ဒိသာ အရပ် ဆယ်မျက်နှာမှ။ သပ္ပုဟ္မကာ၊ ပြဟ္မာမင်းနှင့်တကွ ဖြစ်ကုန်သော။ ဣန္ဒာဒေဝါ၊ စ၊ သိကြားနတ်မင်းတို့သည်လည်းကောင်း။ လောကပါလာ စ၊ လောကကိုစောင့်ရှောက်ကြကုန်သော နတ်ကောင်း နတ်မြတ်တို့သည်လည်းကောင်း။ တိဋ္ဌန္တု၊ တည်ပါစေကုန်သတည်း။

၃။ တေသံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသောဘုရား၊ တရား၊ သံဃာ၊ သိကြား၊ ပြဟ္မာမင်းတို့၏။ အာနုဘာဝေန၊ တန်ခိုးတောဇော် မေတ္တာတော် အာနုဘော်တော်ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဘယ ဥပဒ္ဒဝါ စ၊ နှစ်ဆယ့်ငါးပါးသော ဘေး တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါတို့သည်လည်းကောင်း။ အနေကအန္တရာယာပိ၊ တစ်ပါးမကများလှစွာသော အန္တရာယ်ဟူသမျှအပေါင်းတို့သည် လည်းကောင်း၊ အသေသတော-အသေသေန၊ အကြွင်းအကျန် မရှိသောအားဖြင့်။ ဝိနဿန္တု၊ ကင်းစင်လွင့်ပျောက် မရောက်ဝေးစွာ ကွာသည်သာဖြစ်ပါစေကုန်သတည်း။

---

အနက်ပေးသော်တော၊ သင်....၏။ ။တဝ၊ သင်....၏။ လူမမာ၏အမည်ကို အစက်ပြထားသောနေရာမှာထည့်၍ အနက်ပေးပါသို့မှ လူမမာအားရှိမည်၊ စိတ်လည်းကြည်လင်မည်၊ မိမိပြုသမျှအမှုကို လေးလေးပင်ပင်ရှိအောင် ပြုလုပ်ပါလေ။

ဟေမိတ္တ မန္တသန်တော်ပ ဋ္ဌ–အနက်

ဟေမိတ္တ ဟိတံပုညံ၊ ယထာ ယာစိ ကတံ ဖလံ။
ဟေ နန္ဒာပိယာ ပုတ္တာ၊ ပိယာ သိရိ ပိယာ ပိယာ။
ဩြောင်....သုဝဏ္ဏ ဟာရ ဒွေ ဖလံ၊ ဩြောင်....ကာယ
မနသိ မာမတ္တာယ၊ သဟာယပရိဝါရာယ ဝိသာခါယ
ဗောဓိသတ္တာယ သဗ္ဗနဂရေ သဗ္ဗဂါမေ သဗ္ဗဂေဟေ
သဗ္ဗဇနာနံ သဗ္ဗသာဘာ မိတ္တ ဘဝန္တု၊ မမသန္တိကေ
ဟေ ဟေ။

မိတ္တ၊ လူ့နတ်စုပေါင်း၊ အဆွေခင်ပွန်းကောင်းသည်။ ဟေ၊ ယခုအခါ လာလှည့်ပါလော့။ ဟိတံ၊ လောကီ, လောကုတ် အဟုတ်ကျိုးများ အစီးအပွားဖြစ်သော။ ပုညံ၊ မြူစင်မှုန်လှ ဒါန, သီလ စသည်ပြုကြောင်း ကုသိုလ်အပေါင်းကို။ ကတံ၊ ခုရောနှောင်ပါပြုလုပ်အပ်ပါပြီ။ ဖလံ၊ ရှေးနှင့်ခုမြို့ ကောင်းမှု အကျိုးတန်ခိုးအာနိသင်ကို။ ယာစိ၊ ယခုအခါ ဖြစ်လာပါရန် တောင်းပန်ပါ၏။ နန္ဒာ၊ စိတ်လိုဖြည့်တတ် နှစ်သက်အပ်ကုန် သော။ ပိယာ၊ စိတ်နှလုံးကို ရွှင်ပြုံးထပ်ထပ် ချစ်ခင်အပ်ကုန် သော၊ပုတ္တာ၊ အလိုဖြည့်တတ် သားမြတ်ရတနာတို့သည်။ဟေ– ထေ၊ မြန်စွာမှချ လာလှည့်ကြကုန်လော့။ ပိယာ၊ စိတ်နှလုံးကို ရွှင်ပြုံးထပ်ထပ် ချစ်ခင်အပ်ကုန်သော၊သိရိ၊ ကောင်းကျိုးထွေ ထွေ ဘုန်းကျက်သရေတို့သည်။ ဟေ၊ မြန်စွာမှချ လာလှည့်ကြ လော့။ ပိယာ ပိယာ၊ စိတ်လိုဖြည့်တတ် အလွန်ချစ်ခင်အပ် သော။ သုဝဏ္ဏ၊ ရွှေ–ငွေအဖြာဖြာ ရတနာကို။ဩြောင်–ဟာရ၊ မနှေးကြည်ဖြူ (ဆောင်မြင်စွာ)ဆောင်ယူခဲ့ကြလော့။ ဒွေ၊ ၂–ပါးကုန်သော။ကာယမနသိ၊ကိုယ်,စိတ်နှလုံး၌။မာမတ္တာယ၊–

http://www.dhammadownload.com



ချမ်းသာပွားတိုး မြွတ်နိုးခြင်းအကျိုးငှာ၊ ဖလံ၊ ပူဇော်အဖြာဖြာ ကျိုးများစွာကို။ သြော်-ဟရ၊ မနွေးကြည်ဖြူ(အောင်မြင်စွာ) ဆောင်ယူခဲ့ကြလော့။ သဟဿ ပရိဝါရာယ၊ အထောင်မကအခြွေအရံနှင့်တထွေသော။ ဝိသာခါယ၊ ပုဗ္ဗာ ရုံကျောင်းအစ်မဝိသာခါ ဒါယိကာမဥ္လည်းကောင်း။ ဗောဓိသတ္တာယ၊ သုံးဘုံကျော်ကြား ဘုရားအလောင်းတော်၌ လည်းကောင်း။ ပိယာယဿ၊ ချစ်သူခင်သူ ကြည်ဖြူလွန်တိုး မြွတ်နိုးကြသကဲ့သို့။ တဿ၊ ဝတ္ထုစေတနာ ထို့အတူသာလျှင်၊ မေ၊ ကောင်းကျိုးအားထုတ် အကျွန်ုပ်အား။ သဗ္ဗနဂရေ၊ အလုံးစုံများစွာမြို့တကာ၌ လည်းကောင်း။ သဗ္ဗဂါမေ၊ အလုံးစုံများစွာရွာတကာ၌လည်းကောင်း။ သဗ္ဗဂေဟေ၊ အလုံးစုံများစွာအိမ်တကာ၌လည်းကောင်း။ သဗ္ဗဇနာနံ၊ ခပ်သိမ်းဉဿုံ အလုံးစုံကုန်သောနတ်,လူတို့၏။ ပိယံ၊ သဒ္ဒါပွားတိုးချစ်ခင်မြွတ်နိုးခြင်းသည် ဘဝန္တု၊ နှစ်သက်စုံပုံဖြစ်ကြပါစေကုန်သတည်း။ သဗ္ဗလာဘာမိတ္တ၊ အလုံးစုံများစွာ လာဘ်ရတနာ အခဆွဲခင်ပွန်းကောင်းများစွာသည်။ မမသန္တိကေ၊ ကောင်းကျိုးအားထုတ်အကျွန်ုပ်၏ အထံသို့။ ဟေိဟေိ၊ နှစ်သက်ရှင်စွာ သာလှည့်ကြပါလော့။

မှတ်ချက်။ ။အထက်ပါဂါထာ,မန္တန်တော်ကြီးသည်ရှေးပေစာအဟောင်းများ၌ အမှာစာ လုံခလာက်စွာနှင့်ပါရှိ၏။ အကျိုးအာနိသင်ကား အလိုရှိသလို အောင်မြင်ရရှိနိုင်၏။ ဂါထာမန္တန်တော်၏ အနက်ကို အဓိပ္ပာယ် ပေါ်ထွက်အောင် ယောဇနာလိုက်ပါသည်။ သို့သော်“ခလုတ်ထိမှ အမိတ”ဆိုသလို မဟုတ်ဘဲ နေ့စဉ်မြဲစွာရွတ်ဆိုကြလျှင် အကျိုးအာနိသင်ကိုပိုမိုပြီးသိမြင်ကြပါလိမ့်မည်၊ အဘွဲ့ရုပ်ဆာမှန်ကန်မှုနှင့် ဌာန်,ကရိုဏ်းကျနမှုကို အထူးသတိပြုကြကုန်။

## ပထဝီဇယမန္တန်

### ၁၄–ဂါထာ ပါဌ်–အနက်

၁။ ဩိ ပထဝီ ဇယ သမ္ဗုံ၊ အနေက အန္တရာယိကံ။
ဇယံ ပစ္စေက ဗုဒ္ဓါ စ၊ ဇယံ ပရိမဇဟာသယော။

၂။ ဇယံ ဟာရေ ဟာရိဒေဝေါ၊ ဇယံ ဗြဟ္မာ ဓတရဋ္ဌော။
ဇယံ နာဂေါ စ ဝိရုဠ္ဟော၊ ဝိရူပက္ခော စ စန္ဒိမာ။

၃။ ဝိက္ကုဓန္ဒော ဝေနတေယျော စ၊ ကုဝေရော ဝရုဏော ပိ စ။
အဂ္ဂိ ဝါရုဏော ပဇ္ဇုန္နော၊ ကုမာရော စ ဟုပါလကော။

၄။ အဋ္ဌာရသ မဟာဒေဝါ၊ သုခိတာ စ ပသိဒ္ဓိယော။
အသီတိ မဟာသာဝကာ၊ သဗ္ဗံ ဇယံ ဒဒန္တု မေ။

၅။ ဇေယျာ ခေမ္မာ စ သံယော စ၊ ဒသဗလော စ ဇေယျကော။
ဧတေန သစ္စဝဇ္ဇေန၊ ဇယျာ သုခါ ဘဝန္တု မေ။

၆။ နရာ ဒေဝါ စ ဗြဟ္မာနော၊ ယက္ခာ နာဂါ စ ဂရုဠာ။
တေပိ ဒိတွာ ပိယာ မယှံ၊ ပုတ္တံ မဇ္ဈမံ သိနေဟာ။

၇။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊ အရဟာ အဂ္ဂသာဝကာ။
သဗ္ဗေ ကရောန္တု မေ မေတ္တံ၊ သဗ္ဗေ တိဋ္ဌန္တု မတ္တကေ။

၈။ တေသံ မေတ္တာနုဘာဝေန၊ သဗ္ဗေ ရောဂါ သုသီတလာ။
သဗ္ဗေ ဘယာ ဝိနဿန္တု၊ သဗ္ဗေ နဿန္တု ပဒ္ဒဝါ။

၉။ ဣမသ္မိံ စက္ကဝါဠေ စ၊ ဗဟု အနန္တပါကြိနော။
အနန္တ စက္ကဝါဠေ စ၊ ဗဟု အနန္တပါကိနော။

၁၀။ ဣမေ သတ္တာ အဝေရာ စ၊ အညမညံ ပိယာ ဟောန္တု။
ဣမေ သတ္တာ အဝေရာ စ၊ အညမညံ သုခါ ဟောန္တု။

http://www.dhammadownload.com



၁၁။ နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာ ယမာ။
ကုမ္ဘမသဗ္ဗေ ယထာ သတ္တာ၊ ဒုက္ခာ မုစ္စန္တု တတ္တကာ။

၁၂။ ဒသ ခဏ္ဍဗ္ဘိဒကဇာ စ၊ ထလဇာ ဝန ကောဗ္ဘိဇယာ။
သံသေဒဇော ပပါတိကာ၊ ဒီဃယုကာ ဘဝန္တု တေ။

၁၃။ ဥဒ္ဒံ ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ • အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။

၁၄။ အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။
သဗ္ဗေ သတ္တာ အဝေရာ စ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၁။ အနေက အန္တရာယ်ကို၊ ထစ်ပါးမက များလှသွယ်သွယ် အန္တရာယ်ကိုပြုတတ်သော။ သဗ္ဗံ၊ မကြွင်းဥဿုံအလုံးစုံသော။ ပထဝီဇယံ၊ မြေအပြင်၌၊ အောင်မြင်ဖွယ် ဟူသမျှ ဘေးရန်အဝေဝကို။ ဩ....ကောင်းကျိုးလျှမ်းတောက် ချမ်းသာရောက် အောင် မျက်မှောက်ထင်ထင် အောင်မြင် ပါစေသတည်း ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း။ မေ၊ အကျွန်ုပ်အား။ (ငါ၊ အကျွန်ုပ်တို့အား) ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးတော်မူပါစေကုန်သတည်း။ မဟေသယော စ၊ မြတ်သော သီလက္ခန္ဓ စသည်ကို ရှာတော်မူကုန်ပြီးသော ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက ဘုရားသခင် အရှင်အဂ္ဂသာဝက မဟာသာဝက, ပကတိသာဝကရဟန္တာမြတ်တို့သည်လည်း။ ပရိ၊ ထက်ဝန်းကျင် အကြွင်းမရှိသောအားဖြင့်။ မေ၊ အကျွန်ုပ်အား။

http://www.dhammadownload.com



(နေ့၁၊အကျွန်ုပ်တို့အား)ဇယံ၊အောင်ဆုကို၊ ဒဒန္တု၊ပေးတော်မူကြပါစေကုန်သ..ည်း။

၂။ ဟရော၊ ဟရမည်သော နတ်သည်လည်းကောင်း၊မေ၊ အကျွန်ုပ်အား။(နေ့၁၊အကျွန်ုပ်တို့အား) ဇယံ၊ အောင်ဆုကို၊ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ ဗြဟ္မာ၊ ဗြဟ္မာသည်လည်းကောင်း၊မဟာရဋ္ဌာ၊ဓတရဋ္ဌနတ်မင်းသည်လည်းကောင်း မေ၊ အကျွန်ုပ်အား။(နေ့၁၊ အကျွန်ုပ်တို့အား)ဇယံ၊အောင်ဆုကို၊ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။နာဂေါစ၊ မဟာနာဂနတ်မင်းသည်လည်းကောင်း။ ဝိရူဠှော၁စ၊ ဝိရူဠှကနတ်မင်းသည်လည်းကောင်း။ ဝိရူပက္ခော၁စ၊ ဝိရူပက္ခနတ်မင်းသည် လည်းကောင်း။ စန္ဒိမာ၁စ၊ လ,နတ်သားသည် လည်းကောင်း။ .မေ၊ အကျွန်ုပ်အား။(နေ့၁၊ အကျွန်ုပ်တို့အား) ဇယံ၊ အောင်ဆုကို၊ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။

၃။ ဝိရူဠှော၁စ၊ အထူးထူးသောနတ်တို့ကို အစိုးရသော သိကြားမင်းသည် လည်းကောင်း။ ဝေနတေယျော၁စ၊ ဝိနတာအမည်ရှိသော နတ်သမီး၏သားဖြစ်သော နတ်မင်းသည်လည်းကောင်း။ ကုဝေရော၁စ၊ ကုဝေရနတ်မင်းသည်လည်းကောင်း။ ဝရုဏော၊ ဝရုဏနတ်မင်းသည်လည်းကောင်း။ အဂ္ဂိစ၊ မီးနတ်သားသည်လည်းကောင်း။ ဝါရုဏော၁စ၊ လေ,နတ်သားသည်လည်းကောင်း။ ပဇ္ဇုန္နော၁စ၊ မိုးနတ်သားသည်လည်းကောင်း။ ကုမာရော၁စ၊ ကုမာရနတ်သည်လည်းကောင်း။ စတုပါလကော၁စ၊ လောကပါလနတ်သား လေးယောက်သည် လည်းကောင်း။

http://www.dhammadownload.com



မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား) ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။

၄။ သုခိတာ ချမ်းသာအောင် ဆောင်နိုင်ကုန်သော။ အဋ္ဌာရသ မဟာဒေဝါစ၊ တစ်ဆယ့်ရှစ်ယောက် ကုန်သော နတ်မင်းကြီးတို့သည်လည်းကောင်း။ ပသိဒ္ဓိယော၊ အထူးထူး အပြားပြား စီးပွားချမ်းသာကိုပြီးစေအတ်ကုန်သော။ အသီတိ မဟာသာဝကာစ၊ ရှစ်ကျိပ်သော မဟာသာဝက ရဟန္တာအရှင်မြတ်တို့သည်လည်းကောင်း၊ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား) သဗ္ဗံ ဇယံ၊ အောင်ဆုဟူသမျှကို။ ဒဒန္တု။ ပေးတော်မူကြပါစေကုန်သတည်း။

၅။ ခေမ္မာစ၊ ဆယ်ပါးသော တရားတော်သည် လည်းကောင်း။ သံဃောစ၊ သမ္မုတိ, ပရမတ် နှစ်ရပ်သော သံဃာတော်သည်လည်းကောင်း၊ ဇေယျော၊ ရန်သူဟူသမျှကို အထူးအောင်မြင်တော်မူပေ၏။ ဒသဗလောစ၊ ကာယဉာဏ်တော်အားဆယ်ဖော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည်လည်း။ ဇေယျကော၊ ရန်မျိုးဥဿ အလုံးစုံကို ချက်ကုန်မကြွင်း ခုတ်စဉ်းဖျက်ခြွ အထူးအောင်မြင်တော် မူပေ၏။ တေန သစ္စဝဇ္ဇေန၊ ဤသို့ဆိုငြား မှန်ကန်သောသစ္စာစကားကြောင့်။ ဇေယျာ၊ ရန်အပေါင်းကိုအထူးအောင်မြင်ကုန်သည်လည်းကောင်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့်ပြည့်စုံကုန်သည်လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား) ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

၆။ နရာစ၊ လူတို့သည်လည်းကောင်း။ ဒေဝါစ၊ နတ်တို့သည် လည်းကောင်း။ ဗြဟ္မာနောစ၊ ဗြဟ္မာတို့သည် လည်း

http://www.dhammadownload.com



ကောင်း။ ယက္ခာစ၊ ဘီလူးတို့သည်လည်းကောင်း။ နာဂါစ၊ နဂါးတို့သည်လည်းကောင်း။ ဂရုဠာစ၊ ဂဠုန်တို့သည် လည်းကောင်း။ တေပိ၊ ထိုလူ, နတ်ဗြဟ္မာ, ဘီလူး, နဂါး, ဂဠုန်တို့သည်လည်း။ ဒိဿာ၊ မြင်သည်ရှိသော်။ မယှံ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား) ပိယာ၊ မြတ်နိုးချစ်ခင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ပုတ္တံ၊ မိမိတို့၏သားကို၊ သိနေဟာဣဝ၊ ချစ်ခင်ကြကုန် သကဲ့သို့၊ မမ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား) ပိယာ၊ မြတ်နိုးချစ်ခင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၇။ ဗုဒ္ဓါစ၊ မြတ်စွာဘုရားတို့သည်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါတို့သည် လည်းကောင်း။ အရဟာစ၊ ရဟန္တာတို့သည်လည်းကောင်း။ အဂ္ဂသာဝကာစ၊ အဂ္ဂသာဝကတို့သည်လည်းကောင်း၊ သဗ္ဗေ၊ အလုံးစုံကုန်သောဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ, အဂ္ဂသာဝကတို့သည်။ မေ၊ အကျွန်ုပ်အား။ (နော၊အကျွန်ုပ်တို့အား မေတ္တံ၊ချစ်ခြင်းမေတ္တာကို။ကရောန္တု၊ ပြုတော်မူပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သောဘုရား ပစ္စေကဗုဒ္ဓါ,ရဟန္တာ, အဂ္ဂသာဝကတို့သည်။ မေ၊အကျွန်ုပ်၏။ (နော၊ အကျွန်ုပ်တို့၏) မေတ္တကော၊ ဦးခေါင်းထက်၌။ တိဋ္ဌန္တု၊ ရပ်တည်တော်မူပါစေကုန်သတည်း။

၈။ တေသံ၊ ထိုဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ, အဂ္ဂသာဝကတို့၏။မေတ္တာနုဘာဝေန၊ မေတ္တာ၏အာနုဘော်တော်တို့ကြောင့် သဗ္ဗေ၊ အလုံးစုံကုန်သော။ ရောဂါ၊ ကိုးဆယ့်ခြောက်ဖြာအနာရောဂါတို့သည်။ သုသိတာလာ၊ အလွန်ငြိမ်းအေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ သဗ္ဗေ၊အလုံးစုံကုန်

http://www.dhammadownload.com



သော၊ ဟသာ၊ ခကြာက်မက်ဖွယ်သောအမျိုးမျိုးတို့သည်။ ဝိနသာန္တု၊ ပျောက်ကွယ်ကြပါစေကုန်သတည်း။ သဗ္ဗေ အလုံးစုံကုန်သော။ ဥပဒ္ဒဝါ၊ ကပ်ငြိနှိပ်စက်တတ်ကုန်သော ဥပဒ္ဒဝေါတို့သည်။ ဝိနသန္တု၊ ပျက်စီးကြပါစေကုန်သတည်း။

၉။ ဃမသိဗ္ဗစက္ကဝါဠေ၊ ဤစကြာဝဠာ၌။ ဗဟူ၊ များစွာကုန်သော။ အနန္တပါကာိနေဒာ၊ အဆုံးအပိုင်းအခြား မရှိကြကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း။ အနန္တစက္ကဝါဠေ၊ အဆုံးအပိုင်းအခြားမရှိသော စကြာဝဠာ တိုက်အပေါင်း၌။ ဗဟူ၊ များစွာကုန်သော။ အနန္တပါကာိနော စ၊ အဆုံးအပိုင်းအခြား မရှိကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း။

၁၀။ ဣမသတ္တာ၊ ဤသို့ ဆိုအပ်ကုန် ပြီးသောသတ္တဝါအပေါင်းတို့သည်။ အညမညံ၊ အချင်းချင်းတစ်ယောက်သည် တစ်ယောက်အားအဝေရာ၊ ရန်မရှိကြကုန်သည်ဖြစ်၍၊ ပီယာစ၊ မြတ်နိုးချစ်ခင်ကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဣမသတ္တာ၊ ဤဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်။ အညမညံ၊ အချင်းချင်းတစ်ယောက်သည် တစ်ယောက်အား။ အဝေရာ၊ ရန်မရှိကြကုန်သည်ဖြစ်၍။ သုခါစ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၁၁။ နေရတ္တကာစ၊ ငရဲသားတို့သည် လည်းကောင်း။ တိရစ္ဆာနာစ၊ တိရစ္ဆာန်တို့သည် လည်းကောင်း။ ပေတာစ၊ ပြိတ္တာတို့သည် လည်းကောင်း။ အသုရကာစ၊ အသုရကာယ်

http://www.dhammadownload.com



တို့သည်လည်းကောင်း၊ ယမာစ၊ ငရဲသနင်း၊ ယမမင်းတို့သည်လည်းကောင်း၊ ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်ဇာတာ။ ဖြစ်ကုန်သော သဗ္ဗေ၊ အလုံးစုံကုန်သော။ ဣမေ အတ္တာ၊ ဤဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်။ သန္တိ၊ ရှိကြကုန်၏။ တတ္ထကာ၊ ထိုမျှလောက်ကုန်သောသတ္တဝါအပေါင်းတို့သည်။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ၊ မုစ္စန္တု၊ ကင်းလွတ်ကြပါစေကုန်သတည်း။

၁၂။ ဒသကောဋ္ဌိ ဒကဇာစ၊ ရေနေ ဆယ်ကုဋေသော သတ္တဝါအပေါင်းတို့သည်လည်းကောင်း၊ ထလဇနဝကောဋ္ဌိ–ယောစ၊ ကုန်းနေ ကိုးကုဋေသော သတ္တဝါအပေါင်းတို့သည်လည်းကောင်း၊ သံသေဒဇောပပါတိကာစ၊ အညှိ၌ဖြစ်သော သတ္တဝါ၊ ကိုယ်ထင်ရှားဖြစ်ပေါ်သောသတ္တဝါအပေါင်းတို့သည်လည်းကောင်း။ ဧတေ၊ ထိုဆိုအပ်ကုန်ပြီးသောသတ္တဝါအပေါင်းတို့သည်။ ဒီဃာယုကာ၊ အသက်ရှည်ကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၁၃။ သမန္တာ၊ ထက်ဝန်းကျင် အချပ်မှ။ စက္ကဝါဠသု အဆုံးအပိုင်းအခြား မရှိကုန်သော စကြဝဠာ တိုက်အပေါင်းတို့၌၊ ဥဒ္ဓံ၊ အထက်၌။ ယာဝ ဘဝဂ္ဂါစ၊ နေဝသညာနာသညာယတန ဘဝဂ်ဘုံတိုင်အောင်လည်းကောင်း။ အဓော အောက်၌။ ယာဝ အဝီစိတောစ၊ အဝီစိငရဲဘုံတိုင်အောင်လည်းကောင်း။ ယေသတ္တာ၊ အကြင်သတ္တဝါ အပေါင်းတို့သည်။ ပထဝီစရာ၊ မြေ,ရေ နှစ်ပြင် ထက်ကောင်းကင်၌ ကျင်လည် လှည့်သွားကျက်စားကြကုန်၏။

http://www.dhammadownload.com



၁၄။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေသတ္တာ၊ ထိုသတ္တဝါ အပေါင်းတို့သည်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့် သဟ၊ တကွ၊ အဗျာပဇ္ဇာစ၊ စိုးရိမ်ကြောင့်ကြမရှိကြကုန်သည်လည်းကောင်း။ နိဝေရာစ၊ အတွင်း အငြိုးရန်မရှိကြသည်လည်းကောင်း။ နိဒ္ဒုက္ခာစ၊ ဆင်းရဲဒုက္ခမရှိကြကုန်သည်လည်းကောင်း၊ အနုပဒ္ဒဝါစ၊ ဥပဒ္ဒဝေါ မရှိကြကုန်သည်လည်းကောင်း။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

ဘုရားရှိခိုးအမျိုးမျိုးမှဟောင်းနှင့်

ဝတ်ရွတ်စဉ်ပြီး၏။

....o....